မြတ်ဗုဒ္ဓ၏အဆုံးအမတရား

အိုသည့်တိုင်အောင် အကျင့်သီလရှိခြင်းသည် ချမ်းသာ၏။ ခိုင်မြဲသော သဒ္ဓါတရားရှိခြင်းသည် ချမ်းသာ၏။ ပညာကိုရခြင်းသည် ချမ်းသာ၏။ မကောင်းမှုတို့ကို မပြုခြင်းသည် ချမ်းသာ၏။

ဓမ္မပဒ

# မြဝတီ နေ့စဉ်

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

သတင်းစုံသည်၊ မှန်သည်၊ မြန်သည် အားလုံးအတွက် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၃)၊ အမှတ်(၃၅၇)

၁၃၈၅ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်
၂၀၂၄ ခုနှစ်၊ မေ ၉ ရက်၊ အင်္ဂါနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေးဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မိမိသဘောဆန္ဒအလျောက် ဆန္ဒပြုစာရင်းပေးသွင်းလာကြသည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁)သင်တန်းဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ်အသီးသီး၌ကျင်းပပြုလုပ်



မိမိသဘောဆန္ဒအလျောက် ဆန္ဒပြုစာရင်းပေးသွင်းလာကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)မှ သင်တန်းသားများအား တာဝန်ရှိသူများက တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၈**

ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် ဥပဒေအမှတ် (၂၇/၂၀၁၀)ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် ယင်းဥပဒေအား အသက်ဝင်စေခဲ့ကာ မတ်လ ၉ ရက်မှစ၍ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁) တွင် တက်ရောက်ရန်အတွက်ဆင့်ခေါ်ခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် လူငယ်များအနေဖြင့် မိမိသဘောဆန္ဒအလျောက် စာရင်းပေးသွင်းလာခဲ့ကြသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ■

# မြန်မာနိုင်ငံအပေါ် ကုလသမဂ္ဂ၏ တစ်ဖက်သတ်ဖိအားပေးမှုသည် အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုအတွက် အထောက်အကူဖြစ်စေမည်မဟုတ်

မကြာသေးမီကာလများအတွင်း ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံအပေါ် ရှုထောင့်မျိုးစုံမှ ဖိအားပေးခဲ့သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ တံခါးဖွင့်အစည်းအဝေးတစ်ရပ်ကို နယူးယောက်မြို့၌ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၄ ရက်တွင် ပြုလုပ်ခဲ့ပြီး အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေကို ဆွေးနွေးခဲ့သည်။

ဂျီနီဗာမြို့၌ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ (၅၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်မှ ဧပြီလ ၅ ရက်အထိကျင်းပခဲ့သည်။ ယင်းအစည်းအဝေးတွင် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး၏ အပြန်အလှန်ဆွေးနွေးမှုနှင့်

စာမျက်နှာ ၁၀ ကော်လံ ၁




## အယ်ဒီတာ့အာဘော် (၂၀၂၄ ခုနှစ်၊ ဧပြီ ၉ ရက်)

# မြန်မာ့ယဉ်ကျေးမှုဓလေ့စရိုက်နှင့်အညီ

ပြည်ထောင်စုအစိုးရကအပ်နှင်းသည့် အမိန့်ထုတ်ပြန်နိုင်ခွင့်ကိုကျင့်သုံးပြီး ၂၀၂၄ ခုနှစ် မတ်လ ၁၃ ရက်တွင် ပြန်ကြားရေးဝန်ကြီးဌာနက ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုလုပ်ငန်းအဖြစ်သတ်မှတ်သည့်အမိန့်ကို အမိန့်ကြော်ငြာစာအမှတ်(၃၁/၂၀၂၄)ဖြင့်လည်းကောင်း၊ ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်ကို အမိန့်အမှတ်(၃၂/၂၀၂၄)ဖြင့်လည်းကောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ အခွင့်အာဏာအပ်နှင်းသည့်အမိန့်ကို အမိန့်ကြော်ငြာစာအမှတ်(၃၃/၂၀၂၄)ဖြင့်လည်းကောင်း ထုတ်ပြန်ခဲ့သည်။ အမိန့်အရ အမိန့်ထုတ်ပြန်သည့် မတ်လ ၁၃ ရက်မှစတင်ပြီး တစ်လပြည့်မြောက်သည့်အချိန်တွင် စတင်အာဏာသက်ဝင်မည်ဖြစ်သည်။ အမိန့်ကိုလိုက်နာမှုမရှိသည့်လုပ်ငန်းများကို အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၅ အရ အရေးယူဆောင်ရွက်မည်ဖြစ်သည်။

ထုတ်ပြန်သည့်အမိန့်အရ လုပ်ငန်းအမျိုးအစားသုံးမျိုးရှိသည်။ ယင်းတို့မှာ ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြုပြီး ရုပ်ရှင်ရုံတည်ထောင်ခြင်း၊ ရုပ်ရှင်ဆိုင်ရာအက်ပလီကေးရှင်းလွှင့်တင်ခြင်းနှင့် ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းတို့ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် လိုအပ်သည့်ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်ထုတ်ပြန်မှုများမှာ အားလုံးအတွက် လိုအပ်ချက်များကို ထိန်းသိမ်းရန်ဖြစ်သည်။ ထုတ်ပြန်သည့် အချက်များသည် အဆိုပါလုပ်ငန်းများနှင့်ဆက်နွှယ်လျက်ရှိသည့် လုပ်ဖော်ကိုင်ဖက်များကို ကာကွယ်စောင့်ရှောက်ရန်ထုတ်ပြန်ခြင်းသာဖြစ်ပြီး ချုပ်ကိုင်ရန်အတွက်မဟုတ်ပေ။ မိမိတို့လုပ်ငန်းများကိုစနစ်တကျလုပ်ကိုင်သူများ အတွက် ဥပဒေနှင့်အညီအကာအကွယ်ပေးခြင်းလည်းဖြစ်သည်။

ယနေ့ခေတ်တွင် ရုပ်ရှင်ကားများကို ရုပ်ရှင်ရုံများအပြင် ဆိုရှယ်မီဒီယာ(အွန်လိုင်း)မှတစ်ဆင့် Application များ၊ Facebook၊ Youtube၊ Viber၊ Telegram များမှ Account၊ Page၊ Group Website များတည်ထောင်ပြီး ထုတ်လွှင့်ပြသလျက်ရှိသည်။ အွန်လိုင်းမှပြသနေသည့်ရုပ်ရှင်ကားများသည် ရုံတင်ရုပ်ရှင်ကားများကဲ့သို့ ဆင်ဆာအဖွဲ့ကိုတင်ပြီး ခွင့်ပြုချက်ရမှပြသည့်ကားများမဟုတ်သည့်အတွက် နိုင်ငံတော်၏ မူဝါဒများ၊ ဘာသာရေး၊ လူမျိုးရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို ထိခိုက်စော်ကားမှုများ၊ ရက်စက်ကြမ်းကြုတ်မှုများမှာ မောင်နှင့်နှမ၊ သားနှင့်အမိ ကြည့်ရှုရန်မလျော်ညီသည့်အပြောအပြများ၊ နိုင်ငံတော်ကထုတ်ပြန်ထားသည့်တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်မကိုက်ညီသည့်အပြောအပြများပါဝင်လျက်ရှိသည်။ အဆိုပါအရာများကို ဗန်းပြပြီး အွန်လိုင်းလောင်းကစားဝိုင်းဒိုင်တည်ထောင်ခြင်း၊ လိင်ပိုင်းဆိုင်ရာဝန်ဆောင်မှုဆောင်ရွက်ခြင်းများလုပ်ဆောင်နေသည်ကိုလည်း တွေ့မြင်နေရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်လျက်ရှိရာ ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ လုပ်ဆောင်နေခြင်းများမှာ လူငယ်များအတွက်မလိုလားအပ်သည့်အဆိပ်အတောက်များ၊ အဖျက်အမှောင့်များဖြစ်သည်။ လူငယ်လူရွယ်များ၏တွေးခေါ်မြော်မြင်မှုများ၊ ခံစားနားလည်မှုနှင့်လုပ်ဆောင်မှုများကို လွဲမှားလာစေနိုင်သည်။ ထို့အတူ နိုင်ငံတော်အနေဖြင့် တရားဝင်အသိအမှတ်ပြုလက်မှတ်ထုတ်ပေးထားခြင်းမရှိသေးသည့်အတွက် နိုင်ငံတော်က ရသင့်ရထိုက်သည့်အခွင့်အရေးများလည်း ဆုံးရှုံးလျက်ရှိသည်။

ယခုအခါ ခေတ်နှင့်လျော်ညီသည့်မြန်မာ့ရုပ်ရှင်ဥပဒေသစ် ညှိနှိုင်းရေးဆွဲနေသည့်အချိန်ကာလဖြစ်ပေရာ ဥပဒေသစ်မပေါ်ပေါက်မီစပ်ကြားတွင် တိုးတက်ခေတ်မီသည့်ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုရုပ်ရှင်ထုတ်လုပ်ပြသမှုလုပ်ငန်းများနှင့်ပတ်သက်ပြီး အတိုင်းအတာတစ်ခုအထိ စနစ်တကျရှိစေရန်၊ ရသင့်ရထိုက်သည့် နိုင်ငံတော်၏အခွန်ဘဏ္ဍာငွေများဆုံးရှုံးမှုမရှိစေရန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်မြန်မာ့ဓလေ့ထုံးတမ်းများကို ပျက်ပြားစေနိုင်သည့် ရုပ်ရှင်ကားထုတ်လုပ်ပြသမှုများကို တားမြစ်ပိတ်ပင်နိုင်စေရန်နှင့် ထုတ်လွှင့်ပြသမည့် ရုပ်ရှင်ကားများသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးကို အထောက်အကူဖြစ်စေပြီး မြန်မာ့ရုပ်ရှင်အဆင့်အတန်းတိုးတက်စေရေးကို အထောက်အကူဖြစ်စေရန်အတွက် ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်းများကို အရေးကြီးဝန်ဆောင်မှုအဖြစ် သတ်မှတ်နိုင်ရေးဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ယခုအမိန့်ကိုထုတ်ပြန်ခဲ့သည့်အတွက် စနစ်တကျလုပ်ငန်းလုပ်ကိုင်သူများအတွက်လည်း ဥပဒေနှင့်အညီအကာအကွယ်ပေးနိုင်မည်ဖြစ်သည်။ ယနေ့ခေတ်တွင် ရုံတင်ကြည့်ရှုသူများသာမြင်ရကြားရသည်မဟုတ်ဘဲ နည်းပညာတိုးတက်လာမှုအရ ကမ္ဘာတစ်ဝန်းရှိသူများအားလုံး ကြည့်ရှုနိုင်သည့်အတွက် စိစစ်ပြီးရုပ်ရှင်ကားများကိုသာ ထုတ်လွှင့်ပြသခြင်းဖြင့် မြန်မာ့ယဉ်ကျေးမှုရိုးရာဓလေ့ကိုထိခိုက်ခြင်း မရှိစေသော ရုပ်ရှင်ကားများကိုပြသနိုင်မည်ဖြစ်ပေရာ မိမိတို့လူမျိုး၏တန်ဖိုးကို ကမ္ဘာကသိအောင်ပြသနိုင်ကြမည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် ထုတ်ပြန်ထားသောအမိန့်များအား သက်ဆိုင်သူအားလုံးကလိုက်နာခြင်း၊ လိုက်နာရန်ပျက်ကွက်သူများအား ထိရောက်စွာအရေးယူခြင်းဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်မြန်မာ့ဓလေ့စရိုက်မှန်များကိုကမ္ဘာကသိမြင်နိုင်မည်ဖြစ်ပါကြောင်း။ ။

ဆင်ပေါင်ဝဲ၊ ဗဟုသုတရရှိရေး

## ဆင်ပေါင်ဝဲမြို့၌ အခြေခံပုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်ရှိ မဟာစည်ကျောင်းတိုက်၌ ဧပြီလ ၈ ရက်နံနက်ပိုင်းတွင် အခြေခံပုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်ရာ ရှင်သာမဏေလောင်းများတက်ရောက်သင်ကြားလျက်ရှိသည်။

သင်တန်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေက ယခုသင်တန်းသည်အရေးပါသော သင်တန်းတစ်ခုဖြစ်ကြောင်း၊ သင်တန်းဆရာ၊ ဆရာမများ၏ သင်ကြားပို့ချမှုများကို သေချာစွာလိုက်နာမှတ်သားရန်လိုအပ်ကြောင်း၊ ပတ်ဝန်းကျင်တွင်လည်း ယဉ်ကျေးလိမ္မာသောသူများအဖြစ် နေထိုင်သွားနိုင်ရန်လိုအပ်ကြောင်းတို့ကို ရှင်းလင်းဆွေးနွေးပြီး ဆရာ၊ ဆရာမများက သင်တန်းကို ဆွေးနွေးပို့ချသည်။

အဆိုပါ အခြေခံပုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းသို့ ရှင်သာမဏေလောင်း ၂၅၁ ပါး တက်ရောက်လျက်ရှိပြီး သင်တန်းပို့ချနေမှုအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့်တာဝန်ရှိသူများက လေ့လာကြည့်ရှုအားပေးကြကာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့များက အချိုရည်နှင့် အာဟာရမုန့်များ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

ရွှေကျင်၊ လူမှုရေး

## မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ ချေးငွေများပြန်လည်ထုတ်ချေး

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တံခွန်တိုင်ကျေးရွာ၌ ဒသမအကြိမ်မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ ချေးငွေများပြန်လည်ထုတ်ချေးခြင်းကို ဧပြီလ ၈ ရက် နံနက်ပိုင်းတွင် အဆိုပါကျေးရွာ၌ ဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဒေါ်နော်ထူးဘိုနှင့် ဝန်ထမ်းများက တံခွန်တိုင်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါအကြောင်းအရာများ၊ အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းရန်အချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရွှေကျင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက တံခွန်တိုင်ကျေးရွာရှိ ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၇၆ ဒသမ ၈၀ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမြစိမ်းရောင်လုပ်ငန်း အဖွဲ့ဝင်များက တံခွန်တိုင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၆ ဦးကို ငွေကျပ် ၂၅ ဒသမ ၅၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃၁ ဦးကိုငွေကျပ် ၂၂ ဒသမ ၂၃ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၇၂ ဦးကို ငွေကျပ် ၁၃ ဒသမ ၁၁ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၈၅ ဦးကိုငွေကျပ် ၁၅ ဒသမ ၄၄ သန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကိုငွေကျပ် သုည ဒသမ ၅၀ သန်းကို သက်သာသောအတိုးနှုန်းဖြင့် တစ်ဦးချင်းစီ၏လက်ဝယ်အရောက် ထုတ်ချေးပေးကြောင်း သိရသည်။ **ကိုနိုင်(ကျေးလက်)**

### ♫♫ သဇင်(FM) အသံလွှင့်အစီအစဉ် ♫♫

၉-၄-၂၀၂၄(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၆း၃၀ | ခံစားနားဆင် မြန်မာသံစဉ် |
| ၂။ | ၀၉း၀၀ | အယ်ဒီတာ့အာဘော် |
| ၃။ | ၁၁း၅၀ | လှပကျန်းမာ |
| ၄။ | ၁၅း၃၀ | Opposite Song |
| ၅။ | ၁၇း၀၀ | ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ |
| ၆။ | ၁၈း၂၀ | Online Request Song |

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကွျမ်းကျင်) အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးအောင်မျိုးအေး၊ ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁၊
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

ရန်ကုန်၊ လူမှုရေး

# ရွှေတိဂုံစေတီတော်အား သင်္ကြန်ကာလအတွင်း ပိတ်ရက်မရှိ ပုံမှန်အတိုင်းဖွင့်လှစ်ထားမည်



ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်အား သင်္ကြန်ကာလအတွင်း ပိတ်ရက်မရှိ ပုံမှန်အတိုင်း နေ့စဉ် နံနက် ၅ နာရီမှ ည ၉ နာရီအထိဖွင့်လှစ်ထားမည်ဖြစ်ပြီး နှစ်ဆန်းတစ်ရက်နေ့တွင် နှစ်သစ်မင်္ဂလာအခမ်းအနားများကျင်းပမည်ဖြစ်ကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့မှ သိရသည်။

“သင်္ကြန်ကာလအတွင်းမှာ ရွှေတိဂုံစေတီတော်ကို ပုံမှန်အတိုင်းပဲဖွင့်လှစ်ထားမှာပါ။ သင်္ကြန်ကာလအတွင်း ရွှေတိဂုံစေတီတော်မှာ ဥပုသ်သီလဆောက်တည်သူတွေအတွက် စတုဒိသာကျွေးမွေးလှူဒါန်းတာတွေလည်း ဆောင်ရွက်သွားမှာပါ။ ဒါ့ပြင် နှစ်ဆန်းတစ်ရက်နေ့မှာလည်း နှစ်သစ်မင်္ဂလာအခမ်းအနားတွေ ကျင်းပသွားမှာဖြစ်ပါတယ်” ဟု ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့ဝင် ဦးဘိုးသင်းကပြောသည်။

ရွှေတိဂုံစေတီတော်ဘဏ္ဍာထိန်းဂေါပကအဖွဲ့မှကြီးမှူး၍ နှစ်ဆန်းတစ်ရက်နေ့ နံနက် ၅ နာရီတွင် ရင်ပြင်တော်တောင်ဘက် ဧည့်ခံတန်ဆောင်း၌ ရွှေတိဂုံစေတီတော်အား အရုဏ်ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်းနှင့် ဆီမီးကပ်လှူခြင်း၊ နံနက် ၆ နာရီခွဲတွင် ဩဝါဒါစရိယဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ခြင်း၊ ဆရာတော်ကြီးများဦးဆောင်၍ ပရိသတ်အပေါင်းတို့နှင့် ပရိတ်တရားတော်များကို စုပေါင်းရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ရေစက်သွန်းချအမျှပေးဝေခြင်းတို့ ဆောင်ရွက်မည်ဖြစ်သည်။

“အခုကကတော့ ဘုရားဖူးလာတဲ့သူတွေ အဆင်ပြေပြေလာရောက်ဖူးမြော်နိုင်အောင်လည်း လုံခြုံရေး၊ သန့်ရှင်းရေး၊ ခေတ်လှေကား၊ စက်လှေကားတွေကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားပါတယ်။ နောက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတွေကိုလည်း ဌာနအားလုံးကနေပြီး ဆောင်ရွက်နေပါတယ်” ဟု ဦးဘိုးသင်းကပြောသည်။

ရွှေတိဂုံစေတီတော်သို့ ဘုရားဖူးလာရောက်မှုသည် ပုံမှန်ရုံးဖွင့်ရက်များတွင် တစ်ရက်လျှင် ပြည်တွင်းခရီးသွားဧည့်သည်ဦးရေ ၂၀၀၀၀ ဝန်းကျင်ရှိပြီး စနေ၊ တနင်္ဂနွေနေ့နှင့် အခါကြီးရက်ကြီးရုံးပိတ်ရက်များတွင် ဘုရားဖူးလာရောက်မှု ပိုမိုများပြားကြောင်း၊ တစ်ရက်လျှင် နိုင်ငံခြားခရီးသွားဧည့်သည်ဦးရေ ၁၅၀ ဝန်းကျင်ရှိကြောင်း သိရသည်။

**ဝန်းရုံခ**

မန္တလေး၊ မွေးမြူရေး

# သရက်ကုန်းငါးလုပ်ငန်းစခန်းမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ငါးသားပေါက်အကောင်ရေ ၆၂ သိန်းခန့် မွေးမြူထုတ်လုပ်ရန်စီစဉ်

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် သရက်ကုန်းငါးလုပ်ငန်းစခန်းမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ငါးသားပေါက်အကောင်ရေ ၆၂ သိန်းခန့် မွေးမြူထုတ်လုပ်ကာ ငါးမျိုးစိုက်ထည့်ခြင်းနှင့် ဖြန့်ဖြူးရောင်းချပေးခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း သရက်ကုန်းငါးလုပ်ငန်းစခန်း လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းနောင်ဝင်း၏ပြောကြားချက်အရ သိရသည်။

“မန္တလေးတိုင်းဒေသကြီးမှာ သရက်ကုန်း၊ နတ်ရေကန်၊ ကူမဲနဲ့ ရေနံ့သာ ငါးလုပ်ငန်းစခန်းဆိုပြီး ငါးလုပ်ငန်းစခန်း လေးခုရှိပါတယ်။ အဲဒီစခန်းလေးခုကနေ တစ်နှစ်ကို ငါးသားပေါက်အကောင်ရေ သိန်း ၂၄၀ လောက် ထုတ်လုပ်ပါတယ်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှာတော့ သရက်ကုန်းငါးလုပ်ငန်းစခန်းကနေ နှစ်လက်မအရွယ် ငါးသားပေါက်အကောင်ရေ ၆၂ သိန်းလောက် ထုတ်လုပ်ပါမယ်။ အဲဒီ ၆၂ သိန်းရဲ့ ၄၀ ရာခိုင်နှုန်းခန့်ကို မြစ်၊ ချောင်း၊ အင်း၊ အိုင်တွေမှာ ငါးမျိုးစိုက်ထည့်ပေးပြီး ကျန် ၆၀ ရာခိုင်နှုန်းခန့်ကို ငါးမွေးမြူသူတွေနဲ့ လုပ်ငန်းရှင်တွေကို ဖြန့်ဖြူးရောင်းချပေးပါမယ်” ဟု ဦးထွန်းနောင်ဝင်းကပြောသည်။

ထိုသို့ဆောင်ရွက်ခြင်းဖြင့် တိုင်းဒေသကြီးအတွင်းရှိ မြစ်၊ ချောင်း၊ အင်း၊ အိုင်များတွင် ငါးသယံဇာတများပေါများလာပြီး စဉ်ဆက်မပြတ်စားသုံးနိုင်စေရန်၊ ငါးလုပ်ငန်းနှင့်ပတ်သက်သော လုပ်ငန်းရှင်များအတွက် ဝင်ငွေရနိုင်မည့် အခွင့်အလမ်းများနှင့် မွေးမြူရေးလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေရန် ရည်မှန်းထားကြောင်း သိရသည်။

ယခုအခါ သရက်ကုန်းငါးလုပ်ငန်းစခန်းတွင် ငါးမြစ်ချင်း၊ ငါးခုံးမကြီး၊ ရေချိုငါးမုတ်၊ ငါးကြင်းဖြူနှင့် တီလားဗီးယား စသည့် ငါးမျိုးများကို သားဖောက်ထုတ်လုပ်လျက်ရှိသည့်အပြင် တိုင်းရင်းငါးမျိုးများဖြစ်သော ငါးသိုင်း၊ ငါးနုသန်းနှင့် ငါးပတ် စသည့် ရှားပါးငါးမျိုးများကိုလည်း မျိုးထိန်းသိမ်းသည့်အနေဖြင့် စမ်းသပ်သားဖောက်လျက်ရှိရာ အောင်မြင်မှုများ ရရှိနေပြီဖြစ်ကြောင်း သိရသည်။

ထို့ပြင် သရက်ကုန်းငါးလုပ်ငန်းစခန်းအနေဖြင့် ငါးမွေးမြူရေးကို စိတ်ပါဝင်စားသူများ၊ ငါးမွေးမြူရေးလုပ်ငန်းရှင်များနှင့် ငါးမွေးမြူသူများအတွက် အခြေခံငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက်နည်းသင်တန်းများကိုလည်း နှစ်စဉ်ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း သိရသည်။

**ဆောင်းဦး**

အိမ်မဲ၊ စိုက်ပျိုးရေး

# အိမ်မဲမြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးသော ဆောင်းသီးနှံစုံ ၆၂၀၁၃ ဧက ရိတ်သိမ်းပြီးစီး

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးသော သီးနှံစုံ ၆၂၀၁၃ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်း၏ပြောပြချက်အရ သိရသည်။

အိမ်မဲမြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက ဆောင်းသီးနှံစုံ လျာထားဧက ၇၂၂၅၁ ဧကအထိ စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သော ဆောင်းသီးနှံများကို ပြီးခဲ့သည့်ဖေဖော်ဝါရီလပထမပတ်က စတင်ရိတ်သိမ်းလျက်ရှိရာ လက်ရှိအချိန်ထိ ဆောင်းသီးနှံစုံ ၆၂၀၁၃ ဧကအထိရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“အိမ်မဲမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက ဆောင်းသီးနှံစုံ ၇၂၂၅၁ ဧကအထိ စိုက်ပျိုးခဲ့တာပါ။ လက်ရှိ ၆၂၀၁၃ ဧကအထိ ရိတ်သိမ်းပြီးဖြစ်ပါတယ်။ လက်ရှိရိတ်သိမ်းပြီးဖြစ်တဲ့ ဆောင်းသီးနှံစုံထဲမှာ ပဲကိုအများဆုံးစိုက်ပျိုးခဲ့တာဖြစ်ပါတယ်။ ဆောင်းသီးနှံတွေ လျာထားချက်ထက် ပိုမိုကျော်လွန်အောင် စိုက်ပျိုးနိုင်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ ဈေးကွက်ဝင်သီးနှံတွေ စိုက်ပျိုးနိုင်စေဖို့ နည်းပညာတွေနဲ့ တခြားပံ့ပိုးမှုတွေကို သီးနှံမစိုက်ပျိုးမီ စိုက်ပျိုးရေးဦးစီးဌာနက တောင်သူအသိပညာပေးလုပ်ငန်းကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်။ ဒေသနဲ့ကိုက်ညီပြီး ဈေးကွက်ရှိတဲ့သီးနှံတွေကို အများဆုံးစိုက်ပျိုးခဲ့ပါတယ်” ဟု ဦးကျော်မိုးဝင်းကပြောသည်။

အိမ်မဲမြို့နယ်၌ ရိတ်သိမ်းပြီးသော ဆောင်းသီးနှံစုံ ၆၂၀၁၃ ဧကတွင် နေကြာ ၁၂၈ ဧက၊ ဖူးစားပြောင်းခြောက်ဧက၊ မတ်ပဲ ၂၈၄၀၁ ဧက၊ ပဲတီစိမ်း ၃၁၈၉၄ ဧက၊ ဗိုလ်ကိတ်ပဲ ဧက ၃၉၀၊ ဟင်းသီးဟင်းရွက် ၁၁၉၄ ဧကဖြစ်ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သည့်သီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ သဘာဝဘေးနှင့် တခြားအကြောင်းများကြောင့် ပျက်စီးလေလွင့်မှုမရှိစေရန် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူအသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သုတကျော်**

မြဝတီ ကာတွန်း



# အောင်ရဲ့အောင်

ခင်ဆွေဦး

**ယမန်နေ့မှအဆက်**

မမစံက ရယ်လျက် ချောစု၊ အောင်နှင့် ဆန်းဆန်းမြင့်တို့၏ ခေါင်းတွေကို တိုက်ပေးလိုက်ကာ. . .

"ပြောကြ ပြောကြ၊ လွတ်လပ်စွာအတင်းပြောနိုင်တဲ့ ဒီမိုကရေစီ မိန်းမတိုင်းမှာရှိတယ်"

"မမစံကလည်း ဒါ အတင်းမဟုတ်ပါဘူး၊ အမှန်ကိုပြောတာပဲ၊ လိပ်ကို လိပ်လို့ပြောတာ၊ ကြွမ်းပိုးကို ကြွမ်းပိုးလို့ပြောတာ အပြစ်ရှိသလား"

အောင်က ရုတ်ခြည်းချေပလိုက်သည်။

ထို့နောက် စောင်းလျားပင်အခက်များမှ ပန်းရောင်နုပ်နုပ်အပွင့်လေးတွေကို လှမ်းငေးကြည့်နေသည်။

သစ်ပင်တစ်ပင်လုံး မြစိမ်းတစ်ဝက် ပန်းရောင်စွက်လျက် လောကတစ်ခွင်လုံး သူချည်းပဲ လှနေသည်လား ထင်မိသည်။

လေချိုသိမ်းအဖွဲ့တွင် ပန်းနုရောင်ပွင့်မှုန်များသည် မြေပေါ်သို့ ပြန့်ကြဲလာလေသည်။ ဖတ်ထားမိသော စာတစ်ပုဒ်ကို သတိရမိပြန်သည်။

"လူသားတစ်ယောက်ဟာ စားစရာပေါင်မုန့်မရှိလို့ ငတ်မွတ်ခေါင်းပါးခြင်းခံစားရသလိုပဲ မိမိကိုယ်ကို ဘာမှန်းမသိတဲ့အခါမျိုးမှာလည်း ခေါင်းပါးခြင်းဘေးဒုက္ခကို ခံစားရလေ့ရှိပါတယ်"

**အခန်း (၂၄)**

အောင်၏ ဒိုင်ယာရီစာမျက်နှာများသည် လက်ရေးစိပ်စိပ်သေးသေးနှင့် ပြည့်နေပြန်သည်။

ရက်တစ်ရက်ကို စာမျက်နှာတွေ ကူးရေးရသဖြင့် နေရာကမဆံ့။

ရက်စွဲတွေကို ပြောင်းပြောင်းတပ်နေရသည်။

ဒီလိုဖြစ်လာလိမ့်မယ်လို့ ကိုယ့်ကိုယ်ကိုယ် မထင်မိဘူး။ လူတစ်ယောက်ဟာ ခပ်လွယ်လွယ်နဲ့ ငါ့ဘဝကိုလွှမ်းမိုးလာတယ်၊ စိုးမိုးလာတယ်ဆိုတာ အံ့ဩစရာပဲ၊ ဒါပေမဲ့ သူ ဘယ်သူလဲဆိုတာ သိရရင်တော့ အံ့ဩစရာမကောင်းပါဘူး။ အဲဒီနေ့က မိုးနှောင်းမို့ နှုတ်ဆက်တာလား မသိဘူး၊ မိုးတွေ သိပ်ရွာနေတာပဲ။ ငါရယ်၊ ကိုလတ်ရယ်၊ ကိုအောင်ရယ် ကန်တော်လေးအိမ်မှာ သူတို့က တိုင်းနယ်မဂ္ဂဇင်းတစ်ခု ထုတ်ဝေဖို့ စိုင်းပြင်းကြတဲ့အချိန်မှာ ငါ့အကူအညီကို ယူလာကြပြန်တယ်။ ငါကလည်း သူတို့တောင်းတဲ့အကူအညီကို ဘယ်တော့မှ မငြင်းခဲ့ပါဘူး။ ကိုအောင်တို့ ကန်တော်လေးက သူ့ဦးလေးအိမ်၊ ဦးလေးမိသားစုက မော်လမြိုင်ကို သွားနေကြတယ်။ ကိုအောင်ကလည်း နာမည်ကြီးစာရေးဆရာတွေဆီက စာမူရဖို့ကိစ္စ ပြေးလွှားနေတာနဲ့ ငါနဲ့ကိုလတ်နှစ်ယောက်တည်း ကျန်ရစ်တယ်။ ငါနဲ့ကိုလတ်နှစ်ယောက်တည်းရှိနေတဲ့ အခြေအနေဟာ မထူးဆန်းပါဘူး။ ဒါမျိုးကြုံဖူးတာလည်း ခဏခဏပါ။ တို့တွေဟာ မောင်နှမတွေလို နေနေကြတာပဲ။ ပြီးတော့ တို့အာရုံတွေကလည်း ပုဂ္ဂလိကရေးရာတွေမှာ သိပ်မရှိကြဘူး။ အလုပ်၊ အလုပ်၊ အလုပ်ပဲ။

အဲဒီနေ့က ကိုလတ်ပြောတဲ့စကားတွေကို ပြန်မှတ်မိနေသေးတယ်။ အကုန်မဟုတ်တောင် အရေးကြီးတာတွေကိုပေါ့။ အနာဂတ်ဟာ တို့ရဲ့ မျက်မှောက်ကာလထဲ ရောက်စပြုလာပြီတဲ့။ နိုင်ငံသမိုင်းဆိုတာ လူတွေ လက်ထဲမှာရှိသလို ငါတို့ဟာ နိုင်ငံသမိုင်းကို ဖန်တီးရလိမ့်မယ်တဲ့။ အရှေ့လေက အနောက်လေကို လွှမ်းမိုးရင် လွှမ်းမိုး၊ မလွှမ်းမိုးရင် အနောက်လေက အရှေ့လေကို လွှမ်းမိုးလိမ့်မယ်။ လက်ရှိအခြေအနေရဲ့ ထူးခြားချက်ဟာ အရှေ့လေက အနောက်လေကို လွှမ်းမိုးနေတာဖြစ်တယ်လို့

**"ပြောကြ ပြောကြ၊ လွတ်လပ်စွာအတင်းပြောနိုင်တဲ့ ဒီမိုကရေစီ မိန်းမတိုင်းမှာရှိတယ်"**

**"မမစံကလည်း ဒါ အတင်းမဟုတ်ပါဘူး၊ အမှန်ကိုပြောတာပဲ၊ လိပ်ကို လိပ်လို့ပြောတာ၊ ကြွမ်းပိုးကို ကြွမ်းပိုးလို့ပြောတာ အပြစ်ရှိသလား"**

**အောင်က ရုတ်ခြည်းချေပလိုက်သည်။**

**ထို့နောက် စောင်းလျားပင်အခက်များမှ ပန်းရောင်နုပ်နုပ်အပွင့်လေးတွေကို လှမ်းငေးကြည့်နေသည်။**

**သစ်ပင်တစ်ပင်လုံး မြစိမ်းတစ်ဝက် ပန်းရောင်စွက်လျက် လောကတစ်ခွင်လုံး သူချည်းပဲလှနေသည်လား ထင်မိသည်. . .**

ပြောပြန်တယ်။ သူပြောတာတွေ အရှင်းကြီးဖြစ်ပေမယ့် တစ်ခါတလေ ငါနဲ့နဲ့တဲ့ အသိတရား၊ ခေါင်းပါးတဲ့ ဗဟုသုတနဲ့ ဉာဏ်မမီချင်ဘူး။ သူက ငါ့ကို ဖတ်သင့်ဖတ်ထိုက်တဲ့ စာအုပ်တွေ ဖတ်ပါဦးလို့ တိုက်တွန်းတယ်။

စကားပြောကြ၊ ဆိုကြရင်းနဲ့ ငါ့လွယ်အိတ်ထဲက မှတ်စုစာအုပ်တစ်အုပ်ကို သူတွေ့သွားပြန်တယ်၊ စာညွန့်တွေ ရေးချင်ရာရေးထားတဲ့ စာအုပ်ပါ၊ ငါလည်း ထုံးစံအတိုင်း ရှက်ရှက်နဲ့ စာအုပ်ကိုပြန်လုတော့ သူက ဖယ်စမ်းပါ၊ ကိုယ့်ကိုများ လျှိုနေရသေးလားလို့ ပိုင်စိုးပိုင်နင်းလေသံနဲ့ပြောတော့ ရင်ထဲမှာ လှုပ်ရှားသွားမိတယ်၊ ဒါ ငါ့အပြစ်လား၊ စာညွန့်လိုလို၊ ကာရန်မပါတဲ့ ကဗျာလိုလိုပုံစံတွေနဲ့ ငါရေးထားတဲ့ စာတွေကို သူက စိမ်ပြေနပြေ ဖတ်ကြည့်တယ်။

**အခန်း(၂၅)**
**အလင်းနှစ်ခု အင်အားပြုလို့**

လောကလူ့ဘောင် စားပွဲပေါ်မှာ
ဖယောင်းတိုင် နှစ်တိုင်
လင်းလာတော့မယ် ထင်ပါရဲ့။
မဟော်သဓာ အမရာဟာ
ရန်သူကို အားပြိုင်နိုင်တဲ့
အင်အားစု နှစ်စုပဲ။
သေနက၊ ပက္ကုသ၊ ကာမိန္ဒ၊ ဒေဝိန္ဒဆိုတဲ့
ရန်သူတွေကို အဟန့်အတားဖြစ်စေခဲ့တယ်။
ဉာဏ်ကြီးရှင်နှစ်ယောက် ပေါင်းလာပြီလို့
ဖွင့်ဟ ဝန်ခံလာကြတယ်။
လောကလူသားအကျိုးအတွက်
နှစ်တိုင်သော ဖယောင်းတိုင်
လင်းနိုင်စေဖို့
ရဲဘော်ရဲဘက်နှင့် ခရီးပြင်းကို
လက်တွဲလို့ လျှောက်ချင်တယ်။
အမှောင်ကို ပယ်ခွင်းနိုင်တဲ့
ဖယောင်းတိုင် အလင်းနှစ်ခုဆိုတာ
စိတ်ကူးယဉ်တာ မဟုတ်ဘူး။
အနာဂတ်အတွက်
လက်သစ် မဟော်သဓာဆိုတာ
မွေးဖွားလာခဲ့ပြီမို့
သူ့အတွက် ငါသာ
အမရာဖြစ်ပါစေလို့
ဆန္ဒစောမိပါရဲ့။

အောင်က ကိုလတ်ဖတ်နေတာကိုစောင့်ကြည့်ပြီး သည်စာမျက်နှာဆုံးတာနှင့်တစ်ပြိုင်နက် ကိုလတ်လက်ထဲမှစာအုပ်ကို ပြန်လုယူရန် ကြိုးစားရင်း. . .

"ကဲ. . . ကိုလတ်၊ ဒါလောက်ဖတ်ရရင် ကျေနပ်ရောပေါ့"

ကိုလတ်က အောင့်ရဲ့လက်တွေကို ဆွဲဖယ်ပစ်ရင်း. . .

"တခြားစာတွေလည်း ဖတ်ကြည့်ဦးမယ်လေ"

"ဟင့်အင်း၊ မဖတ်ရဘူး"

"ဘာဖြစ်လို့လဲ အောင်ရဲ့"

"မဖတ်စေချင်လို့ပေါ့"

"ဘာလို့ မဖတ်စေချင်ရတာလဲ"

"ရှက်လို့ပေါ့"

"ဘာလို့ရှက်ရတာလဲ"

အောင်က နှုတ်ကအဖြေမပေးဘဲ ခေါင်းကိုသာ ခါယမ်းနေသည်။

ကိုလတ်က အောင့်ကိုစိုက်ကြည့်နေပြီး. . .

"ကဲ. . . ဒါဖြင့် ဒီစာအုပ်ထဲက ဘယ်ဟာကို မဖတ်စေချင်တာလဲ ပြော"

"အဲဒီဟာပြီး နောက်တစ်ခု"

သည်တော့ ကိုလတ်က ခပ်သဲ့သဲ့ရယ်မောလျက်. . .

**ဆက်လက်ဖော်ပြပါမည်။**

---

ကျောက်ဆည်၊ စိုက်ပျိုးရေး

## ကျောက်ဆည်မြို့နယ်၌ ဆည်ရေသောက်စနစ်အပြင် မြေအောက်(စက်ရေတွင်း)များဖြင့် မိုးကြိုချည်မျှင်ရှည်ဝါ ၈၅ ဧက လျာထားစိုက်ပျိုး



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ချည်မျှင်ရှည်ဝါများကို မိုး၊ မိုးကြို၊ မိုးနှောင်းကာလများတွင် တိုးချဲ့စိုက်ပျိုးလျက်ရှိရာ မိုးကြိုကာလ၌ ဆည်ရေသောက်စနစ်အပြင် မြေအောက်(စက်ရေတွင်း)များဖြင့် ၈၅ ဧက လျာထားစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ထိုသို့ စိုက်ပျိုးရာတွင် ဟံမြင့်မိုရ်၊ လယ်ကြီး၊ ပုန်းညက်ကျေး၊ ကျားကာ၊ သံရွာ၊ ခါးတက္ကုန်း၊ ဆူးလေကုန်း၊ ပေါက်ပင်ကွေ့၊ မြေစိုမိုး၊ ပဲခင်း၊ ပေါင်လောင်၊ တောင်တော်၊ ကင်းကျေးရွာအုပ်စုများ၌ တောင်သူများနှင့်ပူးပေါင်းပြီး ရေရရှိရေးနည်းလမ်းဖြင့် ချည်မျှင်ရှည်ဝါ ၈၃ ဧကနှင့် မြေအောက်(စက်ရေတွင်း)ဖြင့် နှစ်ဧက စုစုပေါင်း ချည်မျှင်ရှည်ဝါ ၈၅ ဧက လျာထားစိုက်ပျိုးလျက်ရှိသည်။

အဆိုပါချည်မျှင်ရှည်ဝါများ စိုက်ပျိုးရာတွင် အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဒေသနှင့်ကိုက်ညီသည့် မျိုးစေ့များဖြန့်ဝေပေးပြီး မြေပြုပြင်ချိန်မှစ၍ စတင်ရိတ်သိမ်းချိန်အထိ စိုက်ခင်းအခြေအနေများကိုကွင်းဆင်းကြည့်ရှုကာ အပင်သက်တမ်းအလိုက်ဆောင်ရွက်သွားရမည့် မြေဆွခြင်း၊ ပေါင်းရှင်းလင်းခြင်း၊ သွင်းအားစုနည်းပညာအချက်အလက်များ ဆောင်ရွက်ခြင်းတို့ကို စနစ်တကျပံ့ပိုးကူညီပေးလျက်ရှိကြောင်း သိရသည်။

**ချမ်းမြေ့**

ရန်ကုန်၊ ကျန်းမာရေး

# အင်းစိန်မြို့နယ်၌ အသက်တစ်နှစ်မှ ငါးနှစ်အရွယ်ကလေးငယ်များအား Catch-up နည်းလမ်းဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေး



ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် အင်းစိန်မြို့နယ်၌ အသက်တစ်နှစ်မှ ငါးနှစ်အရွယ်ကလေးငယ်များအား Catch-up နည်းလမ်းဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းအစီအစဉ်ကို ဧပြီလ ၇ ရက်က အင်းစိန်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် သတ်မှတ်နေရာအသီးသီး၌ ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် အသက်တစ်နှစ်မှ ငါးနှစ်အရွယ်ကလေးငယ်များအနက် ကာကွယ်ဆေးအကြိမ်ပြည့်မထိုးနှံရသေးသောကလေးငယ်များနှင့် ကာကွယ်ဆေးတစ်ကြိမ်မျှ မထိုးနှံရသေးသောကလေးငယ်များအား အင်းစိန်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာနွေးအိလှိုင်နှင့်ဝန်ထမ်းများက ငါးမျိုးစပ်ကာကွယ်ဆေး၊ ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးနှင့် ပိုလီယိုရောဂါကာကွယ်ဆေးတို့ကို ထိုးနှံတိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များကို ကျန်းမာရေးအသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ကြသည်။

အင်းစိန်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးကင်းစမှ အသက်နှစ်နှစ်အောက်ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများကို အပတ်စဉ် ကြာသပတေးနေ့တိုင်း ဆောင်ရွက်ပေးရာ လစဉ် လဆန်းပထမပတ်တွင်လည်း ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း၊ ပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်း၊ သုံးရေများအတွင်း အဘိတ်ဆေးခတ်ခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခွဲထက်ကို(ပြန်/ဆက်)**

မြိတ်၊ ရေလုပ်ငန်း


# မြိတ်မြို့၌ ရေလုပ်သားများအတွက် အခြေခံလုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းဖွင့်လှစ်

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ရေလုပ်သားများအတွက် အခြေခံလုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းကို ဧပြီလ ၈ ရက်တွင် မြိတ်မြို့ရှိ ခရိုင်ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် မြိတ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းဦးက အမှာစကားပြောကြားသည်။ ယင်းသင်တန်းတွင် သင်တန်းသား ၅၀ ဦးတက်ရောက်ကြပြီး မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေဆိုင်ရာသိကောင်းစရာများ၊ ရှေးဦးသူနာပြုစုနည်း၊ မီးဘေးအန္တရာယ်အကြောင်းသိကောင်းစရာများကို သင်ကြားပို့ချပေးခြင်းဖြစ်သည်။

အဆိုပါသင်တန်းကို ရေလုပ်သားများနှင့် ရေယာဉ်မှူးများအနေဖြင့် ပင်လယ်ပြင်တွင် သဘာဝဘေးကျရောက်ပါက ကြိုတင်ကာကွယ်ရမည့်နည်းလမ်းများ၊ ရေလုပ်သားများနှင့်ပတ်သက်သည့် ဥပဒေပြဋ္ဌာန်းချက်များကို သိရှိလိုက်နာဆောင်ရွက်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**နိုင်ထူး(ပြန်/ဆက်)**




နေပြည်တော်၊ စိုက်ပျိုးရေး

# ယခုဘဏ္ဍာနှစ်တွင် နိုင်ငံတစ်ဝန်း၌ ချည်မျှင်ရှည်ဝါဧက ခြောက်သိန်းကျော်အထိ လျာထားစိုက်ပျိုးမည်

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ချည်မျှင်ရှည်ဝါဧကခြောက်သိန်းကျော်အထိ လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးစိုးနိုင်၏ပြောကြားချက်အရ သိရသည်။

မြန်မာနိုင်ငံ၌ ချည်မျှင်ရှည်ဝါနှင့် ချည်မျှင်တိုဝါနှစ်မျိုး စိုက်ပျိုးသည့်အနက် ချည်မျှင်ရှည်ဝါကို အများဆုံးစိုက်ပျိုးကြပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့၌ စိုက်ပျိုးကြကာ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့၌ ဝါစိုက်ဧကအများဆုံးဖြစ်ကြောင်း သိရသည်။

နိုင်ငံတစ်ဝန်း၌ ပြီးခဲ့သည့်နှစ်က ဝါဧက ၄၈၂၀၀၀ ကျော်စိုက်ပျိုးခဲ့ပြီး ယခုနှစ်တွင် ချည်မျှင်ရှည်ဝါဧက ၆၁၂၀၀၀ ကျော်အထိ လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မှာ ချည်မျှင်ရှည်ဝါကို ဧကပေါင်း ၆၁၂၀၀၀ ကျော်အထိ စိုက်ပျိုးဖို့ လျာထားဆောင်ရွက်နေပါတယ်။ စိုက်ပျိုးမယ့်မျိုးကွဲတွေကတော့ ငွေချည်(၆)၊ ငွေချည် (၉)၊ ငွေချည်(၁၁)၊ ရွှေတောင်(၈)၊ ရွှေတောင် (၁၀)နဲ့ RAKA (666) စတဲ့မျိုးတွေကို စိုက်ပျိုးပါမယ်။ ဒါ့ပြင် ချည်မျှင်တိုဝါစိုက်တဲ့ဧရိယာတွေမှာ မလှိုင်ဝါတို့၊ ဝါကြီးတို့ကိုလည်း အနည်းငယ်စိုက်ပျိုးပါမယ်" ဟု ဦးစိုးနိုင်ကပြောသည်။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ယခုဘဏ္ဍာနှစ်တွင် နိုင်ငံတစ်ဝန်း ဝါအထွက်နှုန်းတိုးတက်ကောင်းမွန်စေရေး၊ ပန်းတိုင်အထွက်နှုန်းအဖြစ် တစ်ဧကလျှင် ဝါပိဿာချိန် ၇၀၀ အနည်းဆုံးထွက်ရှိရေးတို့အတွက် ဝါစိုက်တောင်သူများကို ဝါမျိုးသန့်မျိုးစေ့များ ပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ ထို့ပြင် သဘာဝမြေဩဇာများကို ဓာတ်မြေဩဇာနှင့် တွဲဖက်အသုံးပြုနိုင်ရေးအတွက် ရေနံဓာတုဗေဒလုပ်ငန်းမှထုတ်လုပ်သောယူရီးယားဓာတ်မြေဩဇာများကို သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

**ဆောင်းဦး**

မအူပင်၊ စီးပွားရေး

# မအူပင်မြို့နယ် ပဲဈေးကွက်တွင် ထောပတ်ပဲဖြူများ ဝယ်လိုအားကောင်းနေ

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးဈေးကွက်တွင် ထောပတ်ပဲဖြူ (အပြားကြီး) များ ဝယ်လိုအားကောင်းနေကြောင်း မအူပင်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်အိအိဖြိုး၏ ပြောပြချက်အရ သိရသည်။

မအူပင်မြို့နယ် ပဲဈေးကွက်တွင် မတ်လတတိယပတ်မှစတင်ပြီး ထောပတ်ပဲဖြူ (အပြားကြီး) များ ဝယ်လိုအားကောင်းနေကာ အရောင်းသွက်နေခြင်းဖြစ်ကြောင်း၊ အဆိုပါထောပတ်ပဲဖြူ (အပြားကြီး) များ ဝယ်လိုအားကောင်းလာခြင်းသည် ပြည်တွင်းဈေးကွက်၌ အဝယ်လိုက်လာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"အခုဒေသဈေးကွက်မှာ တခြားပဲတွေထက် ထောပတ်ပဲဖြူက ဝယ်လိုအားကောင်းနေပါတယ်။ ပြည်တွင်းမှာ အဝယ်လိုက်နေတာကလည်း ပြည်ပပဲဈေးကွက်ကို တင်ပို့နေရလို့ အခုလို ဝယ်လိုအားကောင်းလာတာပါ" ဟု ဒေါ်အိအိဖြိုးက ပြောသည်။

လက်ရှိ ပဲဈေးကွက်တွင် ထောပတ်ပဲဖြူ ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၉၅၅၀၀ အထိ ဈေးရှိနေကြောင်း၊ အဆိုပါထောပတ်ပဲဖြူများ ဝယ်လိုအားကောင်းလာခြင်းကြောင့် ပဲသိုလှောင်ထားသည့်လုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများနှင့် ကုန်ထမ်းလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းရရှိနေကြောင်း သိရသည်။

**သုတကျော်**

နေပြည်တော် ဧပြီ ၈

# ဥရောပ-အာရှစီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာ ဆာဂေး ဂလေးဇီးယပ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လက်ခံတွေ့ဆုံ



ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဥရောပ-အာရှစီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင် အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာ ဆာဂေး ဂလေးဇီးယပ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဥရောပ အာရှစီးပွားရေးသမဂ္ဂအဖွဲ့ဝင်နိုင်ငံတို့အကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေးလုပ်ငန်းအချင်းချင်းပူးပေါင်းဆောင်ရွက်ရေး၊ ပြည်သူအချင်းချင်းထိတွေ့ဆက်ဆံရေးစသည်တို့တွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် မစ္စတာ ဆာဂေး ဂလေးဇီးယပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

(သတင်းစဉ်)

နေပြည်တော် ဧပြီ ၈

# ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးဟောပြောပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် တက်ရောက်






ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးဟောပြောပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုဝေးခန်းမ၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်အလို့ငှာ နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန်နှင့် စစ်ပညာသင်ကြားရန် ပြည်သူ့စစ်မှုထမ်းဥပဒေအား ယခင်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဥပဒေအမှတ်(၂၇/၂၀၁၀) ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက် အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၂၄) ဖြင့် အာဏာတည်သည့်ရက်အဖြစ် သတ်မှတ်ခဲ့ပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေကို မြန်မာနိုင်ငံတစ်နိုင်ငံတည်း၌သာ ပြဋ္ဌာန်းခြင်းမျိုးမဟုတ်ဘဲ ကမ္ဘာ့နိုင်ငံအများအပြား၌ ပြဋ္ဌာန်းကျင့်သုံးလျက်ရှိကြောင်း။

ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်စပ်လျဉ်း၍ စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့အဆင့်ဆင့်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ ကင်းလွတ်ခွင့်ရရှိသူများ၊ ယာယီရွှေ့ဆိုင်းခွင့်ရှိသူများ၊ စစ်မှုထမ်းဆောင်ရမည့်အသက်အပိုင်းအခြားများ၊ စစ်မှုထမ်းကာလ၊ စစ်မှုထမ်းကာလအတွင်း အကျိုးခံစားခွင့်တို့ကို ဝန်ထမ်းများသိရှိရန် ရှင်းလင်းချပြသွားမည်ဖြစ်ကြောင်း၊ လူမှုကွန်ရက်စာမျက်နှာများနှင့် အဖျက်အမှောင့်မီဒီယာများတွင် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ မဟုတ်မမှန် သတင်းတု၊ သတင်းမှားများ ရေးသားဖော်ပြနေသည့်အတွက် ဝန်ထမ်းများအနေဖြင့် အယုံမလွယ်စေရေးဥပဒေပါ အချက်အလက်များ၊ ပြဋ္ဌာန်းချက်များကို မိမိဝန်ကြီးဌာနမှ ဝန်ထမ်းနှင့်မိသားစုဝင်များသိရှိရန် လိုအပ်ကြောင်း။

ပြည်သူ့စစ်မှုထမ်းဥပဒေအကောင်အထည်ဖော်ဆောင်ရွက်နေသည့် အခြေအနေကို နည်းအမျိုးမျိုးဖြင့် လူမှုကွန်ရက်စာမျက်နှာတွင် မဟုတ်မမှန်ရေးသားဖြန့်ဝေပြီး နှောင့်ယှက်ဆောင်ရွက်ခြင်းများရှိသည့်အတွက် မိသားစုဝင်များအနေဖြင့် စိုးရိမ်ပူပန်မှုများရှိနိုင်ပါကြောင်း၊ စစ်မှုထမ်းဥပဒေနှင့်ပတ်သက်ပြီး ကင်းလွတ်ခွင့်ပြုသူများ၊ ရွှေ့ဆိုင်းခွင့်ပြုနိုင်သူများ၊ လျှော့ပေါ့ခွင့်ပြုနိုင်သူများ၏ စည်းကမ်းသတ်မှတ်ချက်နောက်ဆုံးအခြေအနေကို ပြည်သူများသိရှိအောင် သတင်းစာများတွင် ဖော်ပြထားပြီးဖြစ်ကြောင်း၊ ဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းဥပဒေကိုလိုက်နာရသကဲ့သို့ နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် ဥပဒေများကိုလည်း လိုက်နာရန်လိုပါကြောင်း၊ မိမိပတ်ဝန်းကျင်ရှိ ပြည်သူများသိရှိလိုက်နာနိုင်ရေးအတွက် စစ်မှုထမ်းဥပဒေပါရည်ရွယ်ချက်များ၊ ပြဋ္ဌာန်းချက်များကို လက်ဆင့်ကမ်းမျှဝေပေးခြင်းဖြင့် နိုင်ငံတော်အကျိုး၊ ပြည်သူ့အကျိုးအတွက် ကျရာအခန်းကဏ္ဍမှ ကျေပွန်စွာထမ်းဆောင်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

(သတင်းစဉ်)

နေပြည်တော် ဧပြီ ၈

# မြန်မာစာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အစည်းအဝေး (၁/၂၀၂၄) ကျင်းပ



ပညာရေးဝန်ကြီးဌာန မြန်မာစာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအစည်းအဝေး(၁/၂၀၂၄)ကို ယနေ့မွန်းလွဲပိုင်းတွင် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ စီမံကိန်းဒါရိုက်တာနှင့် စီမံကိန်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးဒေါက်တာဇော်မြင့်က မြန်မာစာ မြန်မာစကား၏အသုံးအနှုန်းများ၊ ရေးထုံးများမှာလွန်စွာရှုပ်ထွေးသဖြင့် မြန်မာစာအဖွဲ့နှင့်မြန်မာဘာသာဗေဒလုပ်ငန်းအဖွဲ့သည် AI နှင့် NLP နည်းပညာအဖွဲ့တို့နှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိရာ လိုအပ်သည်များကိုဖြည့်ဆည်းပေးမည်ဖြစ်ပါကြောင်း၊ မြန်မာစာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဦးစီးကော်မတီသို့ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ခြောက်လတစ်ကြိမ်တင်ပြ၍ အကြံပြုချက်များရယူသွားကြမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက ဤစီမံကိန်းသည် နယ်ပယ်မျိုးစုံပါဝင်ပတ်သက်မှုရှိနေသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏တက်ကြွစွာ ပူးပေါင်းပါဝင်မှုမှာ လွန်စွာအရေးကြီးပါကြောင်း၊ စီမံကိန်းအောင်မြင်ရေးအတွက် ဖြည့်ဆည်းပေးရန်လိုအပ်ချက်များကိုစုစည်း၍ တင်ပြပေးရန်လိုအပ်ပါကြောင်း၊ မျိုးဆက်သစ်ပညာရှင်များမွေးထုတ်ပေးကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် စီမံကိန်းဒါရိုက်တာဒေါက်တာတင်ဖုန်းကျော်က စီမံကိန်းအလိုက် တာဝန်ခွဲဝေလျာထားမှု၊ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော စီမံကိန်းလုပ်ငန်းတစ်ခုချင်းစီအတွက် လုပ်ဆောင်လျက်ရှိသည့် လုပ်ငန်းအဆင့်များ၊ ပရောဂျက်အလိုက် တည်ဆောက်သွားမည့် System Architecture များ၊ အသုံးပြုသွားမည့် Models များအကြောင်းကို အသေးစိတ်ရှင်းလင်းတင်ပြပြီး စီမံကိန်းစတင်သည့်အချိန်မှ လက်ရှိအချိန်အထိ လုပ်ဆောင်ပြီးစီးမှုအခြေအနေနှင့် စိန်ခေါ်မှုများ၊ ဆက်လက်လုပ်ဆောင်သွားမည့် လုပ်ငန်းအစီအမံများကို အဆင့်လိုက် အသေးစိတ်တင်ပြသည်။

ဆက်လက်၍ မြန်မာစာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း NLP နည်းပညာအဖွဲ့ခေါင်းဆောင် ပါမောက္ခချုပ် ဒေါက်တာဝင်းပပက စီမံကိန်းတစ်ခုချင်းစီအတွက် အသုံးပြုသွားမည့် Model အလိုက် Theory ပိုင်းဆိုင်ရာချဉ်းကပ်မှုအခြေအနေ၊ စမ်းသပ်တည်ဆောက်သွားမည့် Mathematical Model နှင့် Programming Model များ၏ System Design များအကြောင်းကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာစာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဘာသာဗေဒလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါက်တာသန့်စင်အေးက ဘာသာဗေဒလုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ AI နှင့် NLP နည်းပညာလုပ်ငန်းကော်မတီတို့နှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ လက်ရှိလုပ်ငန်းပြီးစီးမှုအခြေအနေများ၊ တွေ့ကြုံရသည့်စိန်ခေါ်မှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များအကြောင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက အထွေထွေဆွေးနွေးကြကာ ဒုတိယဝန်ကြီးများက လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

မြောင်းမြ၊ အသိပညာပေး

## အသိပညာပေးဟောပြောပွဲနှင့် ဉာဏ်ရည်မြှင့်ပြိုင်ပွဲများကျင်းပ

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုစာကြည့်တိုက်ဌာနစုပေါင်းခန်းမ၌ ကျောင်းသား၊ ကျောင်းသူ လူငယ်များ ဗဟုသုတနှင့်ပြည့်စုံပြီး စာပေချစ်မြတ်နိုးလာစေရန်၊ စာဖတ်ရှိန်မြှင့်မားစေရေးနှင့် အသိပညာဗဟုသုတပြည့်စုံစေရေးအတွက် ဟောပြောပွဲနှင့် ဉာဏ်ရည်မြှင့်ပြိုင်ပွဲများကို ဧပြီလ ၈ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ မြောင်းမြခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝေဝေမြင့်က ဟောပြောပွဲနှင့် ဉာဏ်ရည်မြှင့်ပြိုင်ပွဲများ ကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍"စာဖတ်ခြင်းဖြင့် ကြီးမြတ်သောလူမျိုး"ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပြီး ကာတွန်းရေးဆွဲခြင်းပြိုင်ပွဲကို ကျင်းပရာ မြောင်းမြမြို့မှ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

မြောင်းမြခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ကျောင်းသား၊ ကျောင်းသူ လူငယ်များ စာဖတ်ရှိန်မြှင့်မားလာစေပြီး စာပေဗဟုသုတများတိုးပွားလာစေရန်၊ ဉာဏ်ရည်ဉာဏ်သွေးတိုးတက်ပြီး သွက်လက်ထက်မြက်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ဟောပြောပွဲ၊ ပြပွဲ၊ ပြိုင်ပွဲ၊ စာဖတ်ဝိုင်းများနှင့်သင်တန်းများပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

**ဇေယျာ(ပြန်/ဆက်)**

ကန့်ဘလူ၊ ကျန်းမာရေး

## ကန့်ဘလူမြို့နယ်၌ ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေး



စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မိခင်နှင့် ကလေးကျန်းမာရေးဌာန၌ ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဧပြီလ ၈ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ကျန်းမာရေးဝန်ထမ်းများက ကိုယ်ဝန်ဆောင်မိခင်များကို ကိုယ်အလေးချိန် ချိန်ခြင်း၊ သွေးပေါင်ချိန်တိုင်းတာခြင်း၊ ဗိုက်စစ်ဆေးခြင်း၊ သန္ဓေသားအနေအထား မှန်ကန်စေရေး ပြုပြင်ပေးခြင်း၊ သွေးဖောက်စစ်ဆေးခြင်း (HIV၊ ဆစ်ဖလစ်၊ ဆီးချိုသွေးချို ရှိ၊ မရှိ)၊ မတည့်သည့်ဆေး ရှိ၊ မရှိနှင့်အခြားရောဂါ ရှိ၊ မရှိတို့ကို မေးမြန်းစစ်ဆေးပြီး ထုံနာကျင်နာပျောက်ဆေး၊ ဖောလစ်အက်စစ်၊ သံဓာတ်အားဆေးတို့ အခမဲ့ပေးအပ်သည်။

အဆိုပါ ကိုယ်ဝန်ဆောင်မိခင်များ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး ယနေ့တွင် ၆၈ ဦးခန့် စစ်ဆေးပေးခဲ့ကြောင်း မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

သရက်၊ ပညာရေး

## အခြေခံစာတတ်မြောက်ရေး စာသင်ဝိုင်းများသင်ကြားပေး

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်၌ ကျေးလက်နေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးလုပ်ငန်းကို နည်းပြဆရာ၊ ဆရာမ ၂၄ ဦး၊ အဆင့်မြင့် ကျောင်းသားနှစ်ဦး၊ ကြီးကြပ်သူလေးဦး စုစုပေါင်း ၃၀ ဦးတို့က ဧပြီလ ၈ ရက်မှ စတင်၍ ကျေးရွာ ၂၄ ရွာတွင် အခြေခံစာတတ်မြောက်ရေးစာသင်ဝိုင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို သရက်ခရိုင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာ ၂၄ ရွာမှ စာမတတ်သူ ၃၆၂ ဦးအား စာသင်ဝိုင်း ၂၄ ဝိုင်းကို နည်းပြ ၃၀ ဦးဖြင့် ဧပြီလ ၆ ရက်မှ မေလ ၂၄ ရက်အထိ သင်ကြားပို့ချပေးလျက်ရှိရာ ဧပြီလ ၇ ရက်တွင် မဥ္ဇလီ၊ ပိတောက်ပင်၊ တလပါးကျေးရွာနှင့် စမ်းအိုင့်ကျေးရွာတို့၌ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

တံတားဦး၊ ပညာရေး

## တံတားဦးမြို့နယ် ပညာရေးဦးစီးဌာနမှ အခြေခံပညာကျောင်းများအား ကျောင်းသုံးပုံနှိပ်စာအုပ်များနှင့် ဗလာစာအုပ်များအခမဲ့ထုတ်ပေး

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် မေဃဝန်အခြေခံပညာမူလတန်းကျောင်းအတွင်း၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ကြားနိုင်ရေးအတွက် ကျောင်းသုံးပုံနှိပ်စာအုပ်များနှင့် ဗလာစာအုပ်များကို ဧပြီလ ၈ ရက် နံနက်ပိုင်းတွင် ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

တံတားဦးမြို့နယ်အတွင်း အခြေခံပညာကျောင်းများအားထုတ်ပေးရာတွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူစာရင်းအရ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွင်း တက်ရောက်ပညာသင်ကြားမည့် ကျောင်းသား၊ ကျောင်းသူများကို အခက်အခဲမရှိ ကျောင်းအပ်နှံပညာသင်ကြားနိုင်ရေးအတွက် ကျောင်းသား၊ ကျောင်းသူတစ်ဦးလျှင် ကျောင်းသုံးပုံနှိပ်စာအုပ်များနှင့်ဗလာစာအုပ် တစ်ဒါဇင်နှုန်းဖြင့် တာဝန်ရှိသူများအားအခမဲ့ထုတ်ပေးလျက်ရှိသည်။

အဆိုပါ တံတားဦးမြို့နယ်၌ အခြေခံပညာအထက်တန်းကျောင်း ရှစ်ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းခွဲ ကိုးကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ၁၀ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းခွဲ ရှစ်ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း ၁၇ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၆၉ ကျောင်း စုစုပေါင်း ၁၂၁ ကျောင်းရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ရဲတင့်(ပြန်/ဆက်)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
  (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
  (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
  (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
  (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
  (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
  (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
  (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
  (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
  (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
  (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
  (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
  (၁) ၀၈၁- ၂၀၂၄၅၄၀၊ ၀၈၁- ၂၀၂၄၉၉၅
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
  (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# သွေးချိုဆီးချိုရောဂါနှင့် သတိပြုစရာအပူလွန်ကဲခြင်းပြဿနာ

သွေးချိုဆီးချိုရောဂါရှိသူများသည် အပူလွန်ကဲခြင်းနှင့်ဆက်စပ်သော ကျန်းမာရေးပြဿနာများကို ရောဂါမရှိသူများထက် ပို၍ခံစားကြရပါသည်။ နွေရာသီတွင် သွေးချိုဆီးချိုဝေဒနာရှင်များ တွေ့ကြုံရနိုင်သည့် ပြဿနာများကိုကာကွယ်နိုင်ရေး လူနာများ၊ မိသားစုဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများ အထူးသတိပြုရန် လိုအပ်ပါသည်။ နွေရာသီ၌ ရာသီဥတုပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်အပူချိန်လွန်ကဲမှုကြောင့် သွေးချိုဆီးချိုရောဂါရှိသူများတွင် သွေးတွင်းသကြားဓာတ်ကို ထိန်းချုပ်ရန် ပို၍ခက်ခဲတတ်ပါသည်။ ပူပြင်းသောနွေရာသီတွင် ခန္ဓာကိုယ်၏ဇီဝဖြစ်ပျက်မှု ပိုမိုမြင့်မားပြီး အင်ဆူလင်ကို ပိုမိုစုပ်ယူနိုင်သောကြောင့် hypoglycemia (သကြားဓာတ်နည်းခြင်း) ဖြစ်နိုင်ခြေများပါသည်။ နေပူထဲတွင်ကြာကြာထိုင်ခြင်းသည် သွေးတွင်းသကြားဓာတ်ကို ပုံမှန်ထက်ပို၍မြင့်တက်စေသောကြောင့် သွေးချိုဆီးချိုရောဂါကို ပိုဆိုးစေနိုင်ပါသည်။ ပူပြင်းသောရာသီဥတုတွင် သွေးချိုဆီးချိုရောဂါရှိသူများသည် ပြင်းထန်သောသွေးတွင်းသကြားဓာတ်နည်းခြင်း၊ သွေးတွင်းသကြားဓာတ်များခြင်းကြောင့် အက်စစ်ဓာတ်လွန်ကဲခြင်း (Diabetic Ketoacidosis)၊ နှလုံးခုန်နှုန်းအလွန်မြန်ခြင်း (ventricular arrhythmia) နှင့် ရုတ်တရက်နှလုံးရပ်ခြင်း (Cardiac arrest) တို့ကို ခံစားရတတ်ပါသည်။



လူ့ခန္ဓာကိုယ်သည် သဘာဝအားဖြင့် ပူပြင်းသောရာသီဥတုတွင် ချွေးထွက်များ၍ အရေပြားပေါ်ရှိ ချွေးများ အငွေ့ပြန်စေကာ အပူများကိုဖယ်ရှားပေးပြီး ခန္ဓာကိုယ်ကို အေးမြစေပါသည်။ တချို့သောသွေးချိုဆီးချိုရောဂါသည်များတွင် သွေးကြောများနှင့် အာရုံကြောများပျက်စီးကာ ချွေးဂလင်းများ ကောင်းစွာအလုပ်မလုပ်နိုင်သောကြောင့် ချွေးထွက်နိုင်စွမ်းကိုထိခိုက်စေပြီး ခန္ဓာကိုယ်ကို ထိထိရောက်ရောက်မအေးမြနိုင်ပါ။ ထို့ကြောင့် သွေးချိုဆီးချိုရောဂါရှိသူများသည် ရောဂါမရှိသူများထက် အပူဓာတ်ကြောင့် ပင်ပန်းနွမ်းနယ်နိုင်ခြေပိုများသည်။ ရာသီဥတုပူပြင်းချိန်တွင် သွေးချိုဆီးချိုရောဂါရှိသူများအနေဖြင့် အလယ်အလတ်လှုပ်ရှားမှုပြုလုပ်မှုသည်ကပင် ချွေးထွက်များစေကာ ရေဓာတ်ခန်းခြောက်လာပြီး သွေးတွင်းဂလူးကို့စ်ပမာဏကို မြင့်တက်စေသည်။ ထို့ပြင် သွေးချိုဆီးချိုရောဂါရှိသူများသည် ရေဓာတ်ခန်းခြောက်ခြင်းနှင့် ခန္ဓာကိုယ်မှရေများ အလွန်အကျွံဆုံးရှုံးခြင်းသည် အပူလွန်ကဲသောအခါတွင် ပို၍လျင်မြန်သည်။ အရေးပေါ်အခြေအနေများဖြစ်သည့် အသက်အန္တရာယ်ဖြစ်စေနိုင်သော အပူကြောင့်ပင်ပန်းနွမ်းနယ်မှု (Heat Exhaustion) နှင့် အပူဒဏ်ကြောင့်သတိလစ်ခြင်း (Heat stroke) တို့ကို ဖြစ်ပေါ်စေနိုင်သည်။ အပူချိန်မြင့်တက်နေချိန်တွင် ရေအလုံအလောက်မသောက်ပါက သွေးတွင်းဂလူးကို့စ်ကိုမြင့်တက်စေပြီး သွေးတွင်းဂလူးကို့စ်မြင့်မားခြင်းကြောင့်လည်း တစ်ဖန်ဆီးသွားခြင်းကို ပိုများစေနိုင်၍ ရေဓာတ်ခန်းခြောက်စေနိုင်ပါသည်။ မြင့်မားသောအပူချိန်သည် ခန္ဓာကိုယ်မှ အင်ဆူလင်အသုံးပြုပုံကို ပြောင်းလဲစေနိုင်သည်။ သွေးချိုဆီးချိုရောဂါကုသရာတွင်အသုံးပြုသည့် ထိုးဆေးအင်ဆူလင်ကို ဆေးထိုးသည့်နေရာမှ ပိုမိုလျင်မြန်စွာစုပ်ယူနိုင်၍ သွေးတွင်းသကြားဓာတ်နည်းခြင်း ဖြစ်တတ်ပါသည်။ ထို့ကြောင့် သွေးတွင်းဂလူးကို့စ်ကို မကြာခဏစစ်ဆေးပြီး လိုအပ်သည့်အင်ဆူလင်ပမာဏနှင့် စားသောက်သည့်ပမာဏတို့ကို ချိန်ညှိရန်လိုအပ်နိုင်ပါသည်။

သွေးချိုဆီးချိုရောဂါရှိသူများအနေဖြင့် နွေရာသီတွင် အပူလွန်ကဲခြင်းကြောင့်ဖြစ်သော ပြဿနာများကို ကာကွယ်ရန်-

၁။ ပူပြင်းသောရာသီဥတုတွင် ရေ သို့မဟုတ် သကြားမပါသောအရည်များများသောက်ပါ။ ရေငတ်သည်အထိ မစောင့်ပါနှင့်။ ကော်ဖီ၊ ကယ်လိုရီနှင့် ကဖိန်းဓာတ်ပါသောဖျော်ရည်များ၊ အရက်နှင့်ဘီယာများသည် ရေဓာတ်ဆုံးရှုံးစေပြီး သွေးတွင်းဂလူးကို့စ်ပမာဏကို မြင့်တက်စေနိုင်သဖြင့် ရှောင်ကြဉ်ပါ။

၂။ ပူပြင်းသောရာသီဥတုတွင် လူများသည် သွေးတွင်းဂလူးကို့စ်နည်းခြင်းနှင့် မြင့်တက်ခြင်း နှစ်မျိုးစလုံးဖြစ်နိုင်ခြေရှိပြီး ယင်းဖြစ်စဉ်သည် အသက်အန္တရာယ်ရှိသဖြင့် သွေးတွင်းသကြားဓာတ်ကို မကြာခဏစစ်ဆေးရန်နှင့် လိုအပ်ပါက အရေးပေါ်ကုသမှုခံယူရန်အရေးကြီးပါသည်။ ကိုယ်လက်လှုပ်ရှားမှုသည် အများအားဖြင့် အင်ဆူလင်လိုအပ်မှုလျော့နည်းနိုင်ခြေရှိသဖြင့် မလှုပ်ရှားမီအချိန်နှင့် လှုပ်ရှားပြီးနောက် သွေးတွင်းဂလူးကို့စ်ကိုစစ်ဆေးပါ။ အသုံးပြုသည့်အင်ဆူလင်ပမာဏကို လိုအပ်သလိုချိန်ညှိနိုင်စေရေး ဆရာဝန်နှင့်ပြသရန် လိုအပ်ပါသည်။

၃။ လေ့ကျင့်ခန်းလုပ်ခြင်းသည် သွေးချိုဆီးချိုရောဂါရှိသူများတွင် သွေးတွင်းသကြားဓာတ်ထိန်းညှိခြင်း၏ အရေးကြီးသောကုသမှုတစ်ခုဖြစ်သော်လည်း ပူပြင်းသောနေ့ရက်များတွင် ပြင်းထန်သောလေ့ကျင့်ခန်းများလုပ်ခြင်းကို ရှောင်ကြဉ်ပါ။ နံနက်စောစော သို့မဟုတ် နေဝင်သည်နှင့် လေ့ကျင့်ခန်းလုပ်ပါ သို့မဟုတ် လေအေးပေးစက်တပ်ထားသော Gym ၌ လေ့ကျင့်ခန်းလုပ်ပါ။

၄။ ပေါ့ပေါ့ပါးပါးနှင့် အရောင်ဖျော့ဖျော့အဝတ်အစားများကို ပွပွချောင်ချောင်ဝတ်ဆင်ပါ။

၅။ နေလောင်ခြင်းသည် သွေးတွင်းသကြားဓာတ်ကိုမြင့်တက်စေနိုင်သဖြင့် အပြင်ထွက်ချိန်တွင် နေရောင်ကာခရင်မ်လိမ်းပါ။ ဦးထုပ်ဆောင်းပါ။

၆။ အာရုံကြောရောဂါရှိနေပါက ပူသောမြေပေါ်တွင် ခြေထောက်များပူလောင်သည်ကို သတိမထားမိနိုင်သောကြောင့် ဖိနပ်အမြဲဝတ်ဆင်ပါ။

၇။ အပူချိန်မြင့်မားနေချိန်တွင် တတ်နိုင်သမျှ အပြင်မထွက်ဘဲ အေးမြပြီး အရိပ်ရသည့်နေရာ၊ လေဝင်လေထွက်ကောင်းသောနေရာတွင်အနားယူပါ။ အလွန်မြင့်မားသောအပူချိန်တွင် လေအေးပေးစက်သုံးပါ။

၈။ သွေးတွင်းသကြားဓာတ်နည်းခြင်း၏ သတိပေးလက္ခဏာများကိုသတိထားပါ။ အပူလွန်ကဲခြင်း၏ လက္ခဏာတချို့သည် သွေးတွင်းသကြားဓာတ်နည်းခြင်း သို့မဟုတ် hypoglycemia နှင့်ဆင်တူသည်။ ချွေးထွက်ခြင်း၊ ခေါင်းမူးခြင်း၊ အမြင်အာရုံဝေဝါးခြင်း၊ ဆာလောင်ခြင်း၊ ကတုန်ကယင်ဖြစ်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ အားနည်းခြင်းတို့ပါဝင်သည်။ သွေးတွင်းသကြားဓာတ်ကိုမြှင့်တင်နိုင်ရေး လိုအပ်ချိန်တွင်စားရန်အတွက် မုန့်များ၊ အချိုရည်များနှင့် ဂလူးကို့စ်ဆေးပြားများကို အမြဲဆောင်ထားရန် လိုအပ်ပါသည်။

၉။ အပူချိန် ၁၀၄ ဒီဂရီဖာရင်ဟိုက်နှင့်အထက်မြင့်တက်ပြီး အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်းလက္ခဏာများခံစားရလျှင် နီးစပ်ရာဆေးရုံဆေးခန်းများ၌ပြသ၍ ကုသမှုခံယူရန်လိုအပ်ပါသည်။ အပူဒဏ်ကြောင့် သတိလစ်ခြင်းဖြစ်နိုင်သည့်လက္ခဏာများခံစားနေရသည်ဟုသံသယရှိလျှင် အပူချိန်အမြန်ကျစေရန် ယပ်ခတ်ခြင်း သို့မဟုတ် ပန်ကာဖွင့်ပေးပါ။ ရေအေးဝတ်ဖြင့် နဖူး၊ လည်ပင်း၊ ဒူးခေါက်ကွေး၊ ချိုင်းကြားနှင့် ပေါင်ခြံနေရာများကို ရေဖတ်တိုက်ပေးရပါမည်။ ရေချိုး၍ရလျှင် ရေချိုးပေးပါ။ ထို့နောက် ဆေးရုံဆေးခန်းသို့ အချိန်မီပို့ရန်လိုအပ်ပါသည်။

၁၀။ ပူပြင်းသောရာသီဥတုတွင် အင်ဆူလင်ကို အခန်းအပူချိန်ထက်မကျော်လွန်စေရန် ရေခဲသေတ္တာထဲတွင်သိမ်းဆည်းခြင်းသည် အကောင်းဆုံးဖြစ်သည်။ ခရီးသွားလျှင် အင်ဆူလင်ကို အအေးခံအိတ်ထဲထည့်၍သယ်ဆောင်ပါ။ အင်ဆူလင်ကို နေရောင်ခြည်တိုက်ရိုက်မထိအောင်ထားပါ။ မြင့်မားသောနွေရာသီအပူချိန်သည် ဆီးချိုရောဂါကုသဆေးများ၊ ဂလူးကို့စ်မီတာနှင့် ဆီးချိုစမ်းသပ်သည့်ပစ္စည်းများကို ထိခိုက်စေနိုင်သည်။ ဆေးများကို အေး၍ခြောက်သွေ့သောနေရာတွင် မှန်ကန်စွာသိမ်းဆည်းပါ။

၁၁။ အပူလွန်ကဲခြင်း၊ သွေးချိုဆီးချိုနှင့် တခြားရောဂါများဆိုင်ရာ အရေးပေါ်အခြေအနေများကို စောစီးစွာသိရှိနိုင်စေရေး မိသားစုဝင်များက အထူးဂရုပြုစောင့်ကြည့်ပေးရန် လိုအပ်ပါသည်။

၎င်းအကြံပြုချက်များသည် သွေးချိုဆီးချိုနှင့်တခြားရောဂါအခံရှိသူများအနေဖြင့် နွေရာသီတွင် အပူလွန်ကဲခြင်းကြောင့်ဖြစ်တတ်သော ကျန်းမာရေးပြဿနာများကို ကြိုတင်ကာကွယ်နိုင်စေရန် ရည်ရွယ်ပါသည်။ ။

**ဒေါက်တာသီဂီကျော်**

---

ကျိုက်လတ်၊ စီးပွားရေး

## ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ဖီးကြမ်းနှင့်ရခိုင်ငှက်ပျောသီး အဖီးရေ ၂၇၅၀၀၀ အထိ တင်ပို့ရောင်းချ


ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ဖီးကြမ်းနှင့် ရခိုင်ငှက်ပျောသီး အဖီးရေ ၂၇၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ်မှ ငှက်ပျောသီးရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်မိုးသူဇာ၏ပြောပြချက်အရ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်းက ဖီးကြမ်းနှင့် ရခိုင်ငှက်ပျောသီး အဖီးရေ ၂၀၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ်လအတွင်း ဖီးကြမ်းနှင့်ရခိုင်ငှက်ပျောသီး အဖီးရေ ၂၇၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ကျိုက်လတ်မြို့နယ်မှာ ရခိုင်ငှက်ပျောနဲ့ ဖီးကြမ်းငှက်ပျောကို အများဆုံးစိုက်ပျိုးပါတယ်။ လက်ရှိ ဒေသထွက်ငှက်ပျောသီးတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ အရင်နှစ်ကထက် အရောင်းအဝယ်ကောင်းလာသလို ဈေးကောင်းလည်းရရှိနေပါတယ်။ ဈေးကောင်းရရှိနေတော့ ငှက်ပျောစိုက်ပျိုးသူတွေနဲ့ လုပ်သားတွေပါ စီးပွားရေးအဆင်ပြေလာပါတယ်။ မနှစ်က ဖီးကြမ်းရော ရခိုင်ငှက်ပျောသီးပါ အခုလောက် ဈေးကောင်းမရပါဘူး။ ဒီနှစ်ထွက်ရှိတဲ့ငှက်ပျောသီးတွေက အရည်အသွေးလည်းကောင်းပါတယ်" ဟု ဒေါ်မိုးသူဇာကပြောသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဖီးကြမ်းငှက်ပျောသီး အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၂၅၀၀၀၊ ရခိုင်ငှက်ပျောသီး အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၉၅၀၀၀ အထိ ဈေးရရှိကြောင်း သိရသည်။

**သုတကျော်**



စေတုတ္တရာ၊ လူမှုရေး

## ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သတင်းစကားလက်ကမ်းစာစောင်များဖြန့်ဝေ



မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ဧပြီလ ၈ ရက်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်စပ်လျဉ်း၍ သတင်းစကားလက်ကမ်းစာစောင်များဖြန့်ဝေကြသည်။

အဆိုပါလက်ကမ်းစာစောင်များဖြန့်ဝေရာတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝင်းအိမွန်နှင့်ဝန်ထမ်းများက ပြည်သူ့စစ်မှုထမ်းဥပဒေ၏ရည်ရွယ်ချက်၊ ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်များနှင့် စစ်မှုထမ်းရမည့်အသက်အရွယ်အပိုင်းအခြားသတ်မှတ်ထားမှုများ၊ စစ်မှုထမ်းဆောင်ရန်အချိန်ကာလ၊ ပြည်သူ့စစ်မှုထမ်းခြင်းမှကင်းလွတ်ခွင့်ပြုသည့်အချက်များ၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်များ၊ ဥပဒေလုပ်ထုံးလုပ်နည်းများ၊ ဘာကြောင့်ပြည်သူ့စစ်မှုထမ်းစနစ်ကျင့်သုံးရတာလဲစသည်တို့ ပါရှိသည့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေသော ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သတင်းစကားလက်ကမ်းစာစောင်များကို မြို့နယ်၌ပုံမှန်လစဉ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်ရန်လာရောက်ကြသော ရပ်ကွက်/ကျေးရွာအုပ်စု ၄၈ အုပ်စုရှိ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် စာရေးဝန်ထမ်းများထံ ဖြန့်ဝေကြကြောင်း သိရသည်။

**ဝင်းအိမွန်(ပြန်/ဆက်)**

ကျောက်ဆည်၊ အသိပညာပေး

## ယာဉ်စည်းကမ်း လမ်းစည်းကမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲ စာအုပ်စာစောင်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၌ ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဇာတိုဌာန၌ ဧပြီလ ၈ ရက်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအန္တရာယ်ကင်းရှင်းရေးအသိပညာပေးဟောပြောပွဲ၊ စာအုပ်၊ စာစောင်ပြပွဲနှင့်နံရံကပ်စာစောင်ပြပွဲကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက မော်တော်ဆိုင်ကယ်စီးလျှင် ဆိုင်ကယ်စီးဦးထုပ်ဆောင်း၍ မေးသိုင်းကြိုးတပ်ရန်၊ အချက်ပြမီး၊ ဘရိတ်မီးများကောင်းမွန်ရန်၊ ယာဉ်ကြောပြောင်းပြန်မစီးရန်၊ ယာအစွန်လမ်းများမှသာစီးနင်းမောင်းနှင်ရန်၊ လက်လွှတ်မမောင်းရန်၊ မူးယစ်သောက်စားပြီး မမောင်းရန်၊ သတ်မှတ်ယာဉ်ကြောမှမောင်းရန်၊ ဖြောင့်တန်းစွာမောင်းရန်၊ ပြိုင်မမောင်းရန်၊ ယာဉ်မောင်းနှင့် ယာဉ်လိုက်ပါစီးနင်းသူများအသက်ကယ်ထိုင်ခုံခါးပတ်များကို ကိုင်တွယ်တပ်ဆင်ရန်၊ ယာဉ်ထိန်းရဲ၏လက်အချက်ပြမှုနှင့်ညွှန်ကြားမှုကို အမြဲလိုက်နာရန်၊ မြို့တွင်းမိုင် ၃၀ နှုန်းနှင့် မြို့ပြင်မိုင် ၅၀ နှုန်းထက်ပိုမမောင်းရန်၊ ကျောင်းအနီးတွင် အရှိန်ပြင်းစွာမမောင်းရန်၊ လူကူးမျဉ်းကျားပေါ်တွင် ယာဉ်လုံးဝမရပ်ရန်စသည့်အကြောင်းအရာများဟောပြောသည်။

ထို့နောက် ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက လမ်းဖြတ်ကူးပါက ယာဉ်ကြောရှင်းမှကူးရန်၊ လူကူးမျဉ်းကျားမှကူးရန်၊ ယာဉ်မောင်းလိုင်စင်ပါမှ ယာဉ်မောင်းရန်၊ ယာဉ်မောင်းနေစဉ် လက်ကိုင်ဖုန်းအသုံးမပြုရန်၊ လိုင်စင်မရှိသောယာဉ်များမမောင်းရန်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေများအားဟောပြောသည်။ ယင်းနောက် တက်ရောက်လာကြသူများက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော စာအုပ်စာစောင်များနှင့် အသိပညာပေးနံရံကပ်စာစောင်များအား ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ကျောက်ဆည်ခရိုင်(ပြန်/ဆက်)**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း တာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## မြန်မာ့ရှုခင်း

▸▸ ရွက်ဝါကြွေ လေမှာဝဲ
ရိုးတံကဲ ဝင့်ကာချီ။
လက်ပံနီ ပင်ယံဦး
ငုံဖူးလေပြီ။
ဝသန္တမိန်ရာသီ
မာန်ဟုန်ချီ အစပျိုး။
တိမ်မိုးတွေကင်းစင်ပ
ဆောင်းလှဂုဏ်ညှိုး။

▸▸ မြူခိုးတွေ ဝိုင်းခြံပတ်
နွေဇာတ်က စတော့မည်။
ပေါက်ပန်းနီ ဖူးငုံဝင့်
လဲပွင့်တို့စီ။
ဥသြတို့ တွန်လေပြီ
တေးနရီ သံသာနှော။
လွမ်းမောဖွယ် ဆွေးဟန်လွင့်
ခွန်းဆင့်မြိုင်တော။

▸▸ ခွန်းဆင့်ကာ ပင်ဖျားထက်
ဆက်ရက်တို့ ညံစီစီ။
ဟိုဒီဒီ ခုန်ကာကူး
ရွှင်မြူးကြသည်။
ရွှေဘုတ်ကယ် အိုးအီ
လှပေသည် စာကလေး။
စုဝေးကာ ဘာသာဘာဝ
ပျော်ကြဆိုတေး။

▸▸ တောတောင်မြေ သဘာဝ
စိမ်းမြမြ တောင်တန်းဇွေ။
မြူမှုန်တွေ ခြုံကာသိုင်း
အုံ့မှိုင်းလို့နေ။
လျှိုမြောင်ကျောက် စိမ့်စမ်းရေ
ပတ်လည်ခွေ ငြိမ့်ညောင်းဆင်း။
ကောင်းခြင်းတွေ သင်းထုံမြတဲ့
မြန်မာ့ရှုခင်း။ ။

**နွေဦးကိုကို(နေပြည်တော်)**

■ ရှေ့ဖုံးမှအဆက်

မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ၏ အပြန်အလှန်ဆွေးနွေးမှုတို့ကို မတ်လ ၁ ရက်နှင့် ၁၉ ရက်တို့တွင် အသီးသီးပြုလုပ်ခဲ့သည်။ ထို့ပြင် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသည် ဥရောပသမဂ္ဂကိုယ်စား ဘယ်လ်ဂျီယံနိုင်ငံကတင်သွင်းသည့် "မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေ" ခေါင်းစဉ်ပါဆုံးဖြတ်ချက်အဆိုကို ဧပြီလ ၄ ရက်တွင် သက်ဆိုင်ရာ မြန်မာနိုင်ငံမပါဝင်ဘဲ အတည်ပြုချမှတ်ခဲ့သည်။ အဆိုပါဆုံးဖြတ်ချက်အဆိုတွင် မြန်မာနိုင်ငံ၏လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ အခြေအမြစ်မရှိသည့် တစ်ဖက်သတ်စွပ်စွဲဖော်ပြချက်များပါဝင်သည်ကို တွေ့ရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် စိန်ခေါ်မှုများရှိသော်လည်း နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ သာယာဝပြောရေးနှင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ စနစ်တကျကျင်းပနိုင်ရေးတို့အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ လူသားချင်းစာနာထောက်ထားမှုအကူအညီများပေးအပ်ရေးနှင့် ပတ်သက်၍လည်း လိုအပ်သူများထံ အချိန်နှင့်တစ်ပြေးညီပေးပို့နိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတစ်ဝန်း၌ ကုလသမဂ္ဂအဖွဲ့အစည်း ၁၆ ဖွဲ့၏ရုံးခွဲများဖွင့်လှစ်ထားရှိသည်။ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလအထိရရှိသော စာရင်းများအရ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအဖွဲ့အစည်းများ၌ နိုင်ငံခြားသားဝန်ထမ်း ၁၃၀ ကျော်၊ ပြည်တွင်းခန့်ဝန်ထမ်း ၁၆၀၀ ခန့် အပါအဝင် ဝန်ထမ်းစုစုပေါင်း ၁၇၀၀ ကျော်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံလူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးညှိနှိုင်းမှုဗဟိုဌာန (AHA Centre)၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများနှင့် အလှူရှင်နိုင်ငံများ၏ သံရုံးများကို မြေပြင်လုံခြုံရေးအခြေအနေပေါ်မူတည်၍ ခရီးသွားရောက်ခွင့်ပြုခဲ့သည်။ လွန်ခဲ့သောသုံးနှစ်အတွင်း အစိုးရအနေဖြင့် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများအား နိုင်ငံတစ်ဝန်းခရီးသွားလာခွင့် အကြိမ် ၁၀၀၀ ကျော်နှင့် မြန်မာနိုင်ငံအခြေစိုက်သံရုံးများအား အကြိမ် ၆၀ ကျော် ခွင့်ပြုခဲ့သည်။ အထူးသဖြင့် ၂၀၂၃ ခုနှစ်အတွင်း ရခိုင်ပြည်နယ်တစ်ခုတည်းအတွက် ကုလသမဂ္ဂအဖွဲ့အစည်းများအား စုစုပေါင်း အကြိမ် ၂၅၀ ခန့်နှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများအား အကြိမ် ၃၀၀ ကျော် ခရီးသွားလာခွင့်ပြုခဲ့သည်။ သို့ဖြစ်ရာ ကုလသမဂ္ဂ၏ အစီရင်ခံစာအချို့နှင့် သတင်းထုတ်ပြန်ချက်အချို့တွင် အလေးပေးထားသည့် သွားလာခွင့်ငြင်းပယ်ခံရကြောင်းဖော်ပြချက်များမှာ အခြေအမြစ်မရှိကြောင်း အတိအလင်းဖော်ပြလိုသည်။

ထို့ပြင် မြန်မာအစိုးရအနေဖြင့် ကုလသမဂ္ဂဘက်မှ အဆင့်မြင့်အရာရှိကြီးများ၏ အဆိုပြုခရီးစဉ်များကိုညှိနှိုင်းပေးခဲ့သည်။ လွန်ခဲ့သည့် သုံးနှစ်တာကာလအတွင်း ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး၏ Under-Secretary-General နှင့်ကုလသမဂ္ဂဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးဌာန၏ Under-Secretary-General တို့၏ခရီးစဉ်များအပါအဝင် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ အဆင့်မြင့်အရာရှိကြီးများ၏ခရီးစဉ် စုစုပေါင်း ၁၉ ခုကို ညှိနှိုင်းပေးခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာသူများကို နှစ်နိုင်ငံသဘောတူညီချက်များနှင့်အညီ ပြန်လည်လက်ခံနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စိစစ်ပြီးနေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရန်အသင့်ရှိသည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ အပြည့်အဝ ကတိကဝတ်ပြုဆောင်ရွက်လျက်ရှိသည်။ လတ်တလောတွင် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို မစတင်နိုင်သေးခြင်းမှာ ရခိုင်ပြည်နယ်၏ လက်ရှိလုံခြုံရေးအခြေအနေများကြောင့်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံကိုဦးတည်သည့် ဆွေးနွေးမှုများ၊ ဆုံးဖြတ်ချက်အဆိုများနှင့် လုပ်ပိုင်ခွင့်များ၊ ၎င်းတို့၏နောက်ဆက်တွဲ အပြန်အလှန်ဆွေးနွေးမှုများသည် သက်ဆိုင်ရာနိုင်ငံနှင့် နိုင်ငံတကာအသိုက်အဝန်းတို့အကြား ဓမ္မဓိဋ္ဌာန်ကျသော အစီရင်ခံမှု၊ အပြုသဘောဆောင်သော ဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ဖြစ်ပေါ်ရေးကို အထောက်အကူမပြုရုံသာမက ကုလသမဂ္ဂ၏အခြေခံမူများဖြစ်သည့် သမာသမတ်ကျမှု၊ ဓမ္မဓိဋ္ဌာန်ကျမှု၊ ရွေးချယ်မဆောင်ရွက်မှုတို့နှင့် ဆန့်ကျင်နေခြင်းကြောင့် မြန်မာနိုင်ငံအနေဖြင့် ယင်းတို့ကို အစဉ်တစိုက်ဆန့်ကျင်သည်။ သို့ဖြစ်ရာ ဥရောပသမဂ္ဂကိုယ်စား ဘယ်လ်ဂျီယံနိုင်ငံက တင်သွင်းခဲ့သည့်ဆုံးဖြတ်ချက်အဆိုကို မြန်မာနိုင်ငံအနေဖြင့် ပြတ်သားစွာ ခြွင်းချက်မရှိပယ်ချလိုက်သည်။ မြန်မာအစိုးရအနေဖြင့် ဆွေးနွေးမှုများအတွင်း မျှတစွာရပ်တည်ပေးခဲ့သည့် ခင်မင်ရင်းနှီးသောနိုင်ငံများကို အသိအမှတ်ပြုကျေးဇူးတင်သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ယခင် ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီးဟောင်း မစ္စ ဂျူလီဘစ်ရှော့ပ်အား ၎င်း၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အဖြစ်ခန့်အပ်ကြောင်း ၂၀၂၄ ခုနှစ်၊ ဧပြီလ ၅ ရက်တွင် ကြေညာခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် အထူးကိုယ်စားလှယ်ခန့်အပ်နိုင်ရေး လုပ်ပိုင်ခွင့်ပါဝင်သော ဆုံးဖြတ်ချက်အဆိုအပါအဝင် နိုင်ငံတစ်နိုင်ငံအပေါ် အရေးယူပစ်မှတ်ထားသည့်ဆုံးဖြတ်ချက်အဆိုများကို လက်မခံဘဲ ပယ်ချသော်လည်း ကုလသမဂ္ဂနှင့် အပြုသဘောပူးပေါင်းဆောင်ရွက်မှုကို ပြသသည့်အနေဖြင့် ယခင်အထူးကိုယ်စားလှယ်များနှင့် ပူးပေါင်းဆောင်ရွက်မှုများရှိခဲ့သည်။ ယခု မစ္စ ဂျူလီဘစ်ရှော့ပ်အား အထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်ခဲ့မှုနှင့်ပတ်သက်၍ ကုလသမဂ္ဂဘက်က မြန်မာအစိုးရအား တရားဝင်အသိပေးအကြောင်းကြားမှုမရှိခဲ့ကြောင်း ဖော်ပြအပ်သည်။

ကုလသမဂ္ဂနှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်ရာတွင် တစ်ဖက်သတ် ဖိအားပေးမှုများသည် အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုများအတွက် အထောက်အကူပြုမည်မဟုတ်ကြောင်း၊ အချင်းချင်းနားလည်မှု၊ လေးစားမှုနှင့်အပြန်အလှန်ထိတွေ့ဆောင်ရွက်မှုတို့မှတစ်ဆင့်သာ လက်တွေ့ကျ၍ အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုဖြစ်မည်ဖြစ်ကြောင်း အလေးထားဖော်ပြအပ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**၂၀၂၄ ခုနှစ်၊ ဧပြီလ ၈ ရက်**

---

**နေပြည်တော် ဧပြီ ၈**

# ဥရောပ-အာရှစီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာ ဆာဂေး ဂလေးဇီးယပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် လက်ခံတွေ့ဆုံ



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ယနေ့ညနေပိုင်းတွင် ဥရောပ-အာရှစီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာ ဆာဂေး ဂလေးဇီးယပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ဝန်ကြီးဌာန နီလာခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဥရောပ-အာရှစီးပွားရေးကော်မရှင်အဖွဲ့ဝင်နိုင်ငံဖြစ်သော ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာရေးထိုးခဲ့မှု၊ နှစ်နိုင်ငံအစိုးရ-ပုဂ္ဂလိက များအကြား နီးကပ်စွာပူးပေါင်း၍ ခရီးသွားမြှင့်တင်ရေးဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များနှင့် ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကောင်အထည်ဖော်နေမှု၊ ဥရောပ-အာရှစီးပွားရေးကော်မရှင်နှင့် ကော်မရှင်တွင်ပါရှိသော နိုင်ငံများနှင့် ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများရေးထိုးနိုင်ရေး၊ ယင်းနိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံရှိ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ၌ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး၊ ခရီးသွားမြှင့်တင်ရေးဆိုင်ရာအချက်အလက်များ မျှဝေနိုင်ရေး၊ ပင်လယ်ကမ်းရိုးတန်းနှင့် စပ်လျဉ်းသော ခရီးသွားလုပ်ငန်းများ၊ အားကစားနှင့် စွန့်စားခရီးသွားလုပ်ငန်းများ ဖော်ဆောင်နိုင်ရေး၊ ကော်မရှင်ပါနိုင်ငံများမှ ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများသို့ အဆင်ပြေလွယ်ကူချောမွေ့စွာ လာရောက်လည်ပတ်နိုင်ရေးဆိုင်ရာကိစ္စ၊ လေကြောင်းလိုင်းများ ပျံသန်းပြေးဆွဲရေးနှင့် ငွေပေးချေမှုအဆင်ပြေစေရေးဆိုင်ရာကိစ္စရပ်များ၊ ဒစ်ဂျစ်တယ်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စ၊ မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံအပါအဝင် ဥရောပ-အာရှစီးပွားရေးကော်မရှင်တွင်ပါဝင်သော နိုင်ငံများရှိ ခရီးသွားအေဂျင်စီများ၊ ခရီးသွားလုပ်ငန်း ဆောင်ရွက်နေသူများအချင်းချင်း ချိတ်ဆက်၍ ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေး၊ ဈေးကွက်မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများ၊ ဘာသာရပ်တာဝန်ခံများ တက်ရောက်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

---

**နေပြည်တော် ဧပြီ ၈**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၉ ဦးတွေ့ရှိ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ၃၁-၃-၂၀၂၄ ရက် ည ၈ နာရီမှ ၇-၄-၂၀၂၄ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၂၇၀၉၄ ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၉ ဦးတွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ သုည ဒသမ ၁၄ ရာခိုင်နှုန်းဖြစ်**သည်။ အစီရင်ခံကာလအတွင်း ကိုဗစ်- ၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

နေပြည်တော် ဧပြီ ၈

# မဲခေါင်-လန်ချန်း အထူးရန်ပုံငွေစီမံကိန်း(၂၀၂၁)ဖြင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် စီမံကိန်းလုပ်ငန်းအောင်မြင်ပြီးမြောက်

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် မဲခေါင်-လန်ချန်းနိုင်ငံများအကြား နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ဆေးထုတ်လုပ်ခြင်းဆိုင်ရာ အထူးရန်ပုံငွေစီမံကိန်း (၂၀၂၁) စီမံကိန်းလုပ်ငန်းများအောင်မြင်ပြီးမြောက်ကြောင်း ကြေညာခြင်းအခမ်းအနားကို ယနေ့တွင် နေပြည်တော် မင်္ဂလာသီရိဟိုတယ်၌ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ဒုတိယအတွင်းဝန် Mr. Zheng Zhihong (မစ္စတာ ကျန်ကျိဟုန်)နှင့် ကိုယ်စားလှယ်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ စီမံကိန်းတာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် မဲခေါင်-လန်ချန်း အထူးရန်ပုံငွေစီမံကိန်း (၂၀၂၁)ဖြင့် တိရစ္ဆာန်ကူးစက်ရောဂါနှင့် တိရစ္ဆာန်နှင့်လူအကြား အပြန်အလှန်ကူးစက်တတ်သောရောဂါများ ကာကွယ်ဆေးထုတ်လုပ်ခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ စီမံကိန်း၏ အောင်မြင်မှုအထူးပြယုဂ်အနေဖြင့် မိမိတို့ဌာနတွင် အမှန်တကယ်လိုအပ်နေသော အအေးခန်းသိုလှောင်ရုံကြီးငါးခုနှင့် အရန်မီးစက်ငါးလုံးတို့ကို ကာကွယ်ဆေးများထုတ်လုပ်လျက်ရှိသည့် ရန်ကုန်နှင့် ပြင်ဦးလွင်ရှိ ဓာတ်ခွဲခန်းများနှင့် ကာကွယ်ဆေးများအရေးပေါ် သိုလှောင်ရသည့် နေပြည်တော်ရုံးချုပ်တို့တွင် တည်ဆောက်နိုင်ခဲ့ကြောင်း၊ ထို့ပြင် ဓာတ်ခွဲခန်းကွန်ရက်စနစ်များကိုလည်း တည်ထောင်နိုင်ခဲ့ပြီး ကာကွယ်ဆေးများအရည်အသွေးကောင်းမွန်စွာ ထုတ်လုပ်နိုင်ရန်လိုအပ်လျက်ရှိသည့် ဆေးစမ်းတိရစ္ဆာန် အဆောက်အအုံနှစ်လုံးကိုလည်း ထည့်သွင်းတည်ဆောက်နိုင်ခဲ့ပါကြောင်း၊ သို့ဖြစ်၍ ဆေးစမ်းတိရစ္ဆာန်များ ဇီဝလုံခြုံမှုကောင်းမွန်စွာမွေးမြူနိုင်ခြင်း၊ Animal welfare နှင့်အညီ ထိန်းသိမ်းမွေးမြူစမ်းသပ်နိုင်ခြင်းတို့ကြောင့် ကာကွယ်ဆေးထုတ်လုပ်ရေးဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်ရေးကို အထောက်အကူပြုနိုင်ခဲ့ကြောင်း။




တိရစ္ဆာန်ရောဂါ ကြိုတင်ကာကွယ်ရန် ကာကွယ်ဆေးများကိုပြည်တွင်း၌ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ စဉ်ဆက်မပြတ် ဆက်လက်ထုတ်လုပ်သွားနိုင်မည်ဖြစ်၍ မိမိတို့နိုင်ငံအပြင် အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများအတွက်လည်း အထူးအကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ စီမံကိန်းဆောင်ရွက်ရန် ခွင့်ပြုထောက်ပံ့ခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် စီမံကိန်းများအောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံမှ မဲခေါင်-လန်ချန်း ဦးဆောင်အဖွဲ့အစည်းအဖြစ် တာဝန်ယူပူးပေါင်းဆောင်ရွက်ပေးကြသော သက်ဆိုင်ရာတာဝန်ရှိသူများ၊ စီမံကိန်းတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသူများကို ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး ဒုတိယအတွင်းဝန် Mr. Zheng Zhihong (မစ္စတာကျန်ကျိဟုန်)က စီမံကိန်းလုပ်ငန်းများအောင်မြင်ပြီးမြောက်ခဲ့ခြင်းနှင့်ပတ်သက်၍ ဝမ်းမြောက်ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းက စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး ဒုတိယအတွင်းဝန် Mr. Zheng Zhihong (မစ္စတာ ကျန်ကျိဟုန်)ကို အမှတ်တရလက်ဆောင်ပေးအပ်သည်။ ယင်းနောက် ညွှန်ကြားရေးမှူးချုပ်က စီမံကိန်းတာဝန်ခံအား အမှတ်တရလက်ဆောင်ပေးအပ်သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စတုတ္ထအကြိမ်မြောက် မဲခေါင်-လန်ချန်းအထူးရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခွင့်ရခဲ့သည့် စီမံကိန်းလေးခုတွင်ပါဝင်သည့် မဲခေါင်-လန်ချန်းနိုင်ငံများအကြား နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ဆေးထုတ်လုပ်ခြင်းဆိုင်ရာ အထူးရန်ပုံငွေစီမံကိန်းသည် ၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် စီမံကိန်းစတင်ကြောင်း အသိပေးကြေညာခဲ့ပြီး ၂၀၂၄ ခုနှစ် မတ်လတွင် စီမံကိန်းပြီးစီးခဲ့ကြောင်းသိရသည်။

**(သတင်းစဉ်)**

နေပြည်တော် ဧပြီ ၈

# ၂၀၂၄ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဆိုင်ရာ အမျိုးသားမဟာဗျူဟာစီမံကိန်း(၂၀၂၃-၂၀၂၇) အသိပေးမိတ်ဆက်ခြင်းအခမ်းအနားကျင်းပ




၂၀၂၄ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အခြေခံကျန်းမာရေးဝန်ထမ်းများ၊ သူနာပြုသင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး World Health Organization စတင်တည်ထောင်ခဲ့သည့်နေ့ကို ကမ္ဘာ့ကျန်းမာရေးနေ့အဖြစ် ၁၉၅၀ ပြည့်နှစ်မှစတင်သတ်မှတ်ခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများက အဆိုပါနေ့ရက်ကျရောက်တိုင်း ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ်ဆိုင်ရာ အခမ်းအနားများနှင့် ကျန်းမာရေးဆိုင်ရာ လှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့ကြပါကြောင်း၊ ကမ္ဘာတစ်ဝန်း ရင်ဆိုင်ကြုံတွေ့နေရသည့် ကျန်းမာရေးဆိုင်ရာ အခြေအနေများနှင့် ပြဿနာများကို စုပေါင်းဖြေရှင်းရန်အတွက် အဖွဲ့ဝင်နိုင်ငံတိုင်းက ကျန်းမာရေးဆိုင်ရာ လုပ်ငန်းဆောင်တာများကို အစီအစဉ်ချမှတ်၍ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန် နှိုးဆော်တိုက်တွန်းလေ့ရှိကြောင်း၊ ယနေ့အချိန်အခါတွင် ကမ္ဘာတစ်ဝန်းရှိလူသားများ၏ ကျန်းမာရေးကို ထိခိုက်စေမှုများသည် ပိုမိုများပြားလာနေကြောင်း၊ လူသားတိုင်း ကျန်းမာရေးစောင့်ရှောက်မှုကို ရယူပိုင်ခွင့်၊ ပညာသင်ကြားပိုင်ခွင့်၊ သတင်းအချက်အလက်ရယူပိုင်ခွင့်တို့ကိုရရှိနိုင်ရေးအတွက် **ယခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ ဆောင်ပုဒ်အဖြစ် "My Health, My Right" ကို သတ်မှတ်ပေးခဲ့ပြီး မြန်မာဘာသာဖြင့် "လူတိုင်းလူတိုင်း ကျန်းမာဖို့ ကိုယ်စီပါဝင်ဆောင်ရွက်စို့"ဟု ဆီလျော်အောင် ဘာသာပြန်ဆိုထား**ပါကြောင်း။

ယခုနှစ်ကမ္ဘာ့ကျန်းမာရေးနေ့ဆောင်ပုဒ်တွင် အလေးထားတင်ပြထားသည့်အချက်မှာ လူတိုင်းရောဂါဘယကင်းရှင်းပြီး ကျန်းမာစွာ လူ့သက်တမ်းစေ့ နေနိုင်ရေးအတွက် အခြေခံကျပြီး အရည်အသွေးပြည့်ဝသော ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုများကို အသက်အရွယ်မရွေး၊ ကျား/မ မရွေး၊ လူမျိုးဘာသာမရွေး၊ နေရာဒေသမရွေး လူတိုင်းလက်လှမ်းမီရရှိနိုင်အောင် ကြိုးပမ်းဆောင်ရွက်ပေးစေလိုခြင်း ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၉)ရပ်တွင် လူမှုရေးဦးတည်ချက်တစ်ရပ်ဖြစ်သည့် "တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး" ဆိုသောဦးတည်ချက်ကိုချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အဓိကတာဝန်ယူဆောင်ရွက်နေသည့် ဝန်ကြီးဌာနအဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်လမ်းညွှန်မှုကိုခံယူပြီး စီမံကိန်းများချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် အစီအစဉ်အရ ၂၀၂၄ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ် ဗီဒီယိုကိုပြသပြီး ပြည်သူ့ကျန်းမာရေးလုပ်ငန်းစွမ်းဆောင်ရည်အကောင်းဆုံး တိုင်းဒေသကြီး/ပြည်နယ်ဆုများကို ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဂုဏ်ပြုဆုများချီးမြှင့်ကြသည်။

ယင်းနောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ကျန်းမာရေးဝန်ကြီးဌာန လှပျိုဖြူများက အကအလှများဖြင့် ဖျော်ဖြေကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ၂၀၂၄ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသော ပြခန်းငယ်အား လှည့်လည်ကြည့်ရှုကြသည်။

မွန်းလွဲ ၁ နာရီတွင် မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဆိုင်ရာ အမျိုးသားမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇)အသိပေးမိတ်ဆက်ခြင်းအခမ်းအနားကို အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီးတက်ရောက်အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ကံကောင်းက မဟာဗျူဟာစီမံကိန်းပြုစုရေးဆွဲရခြင်း၏ ရည်ရွယ်ချက်နှင့် ဆောင်ရွက်ခဲ့သည့်လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး(မကူးစက်) ဒေါက်တာသီတာဝင်းက မဟာဗျူဟာစီမံကိန်း အကျဉ်းချုပ်ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

အသိပေးမိတ်ဆက်ခြင်းအခမ်းအနားကို ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ စီမံချက်မန်နေဂျာများ၊ ညွှန်ကြားရေးမှူးများနှင့် ဒုတိယညွှန်ကြားရေးမှူးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

နေပြည်တော် ဇူလိုင် ၈

# ဥရောပ-အာရှစီးပွားရေးကော်မရှင်ဘုတ်အဖွဲ့ဝင် အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာ ဆာဂေး ဂလေးဇီးယပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် လက်ခံတွေ့ဆုံ



ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ဥရောပ-အာရှစီးပွားရေးကော်မရှင်ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာ ဆာဂေး ဂလေးဇီးယပ် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁)၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံအစိုးရနှင့် ဥရောပ-အာရှစီးပွားရေးကော်မရှင်တို့အကြား လက်မှတ်ရေးထိုးထားသည့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စာချွန်လွှာအကောင်အထည်ဖော်ရေးနှင့်စာချွန်လွှာပါ ဦးစားပေးပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များတွင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

မြန်မာနိုင်ငံအစိုးရနှင့် ဥရောပ-အာရှစီးပွားရေးကော်မရှင်တို့အကြား ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာကို ၂၀၂၃ ခုနှစ် ဇွန်လ ၁၅ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအတွက် စာချွန်လွှာပါ ဦးစားပေးနယ်ပယ်များတွင် ဒေသတွင်းစီးပွားရေးပေါင်းစည်းမှု အကောက်ခွန်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ နည်းပညာဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ မိလ္လာနှင့်ရေဆိုးများ သန့်ရှင်းရေး၊ တိရစ္ဆာန်များမှ ကူးစက်နိုင်သောရောဂါကာကွယ်ရေး၊ ကုသရေး၊ ထိန်းချုပ်ရေး၊ လူ၊ အပင်နှင့် တိရစ္ဆာန်များ ပိုးမွှားကင်းစင်ရေးအစီအမံများ၊ ဘဏ္ဍာရေးဈေးကွက်များ၊ သယ်ယူပို့ဆောင်ရေး၊ စွမ်းအင်၊ စက်မှု-စိုက်ပျိုးရေးကဏ္ဍ၊ ယှဉ်ပြိုင်မှုမူဝါဒ၊ စက်မှုလုပ်ငန်း၊ စားသုံးသူအခွင့်အရေး၊ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာ၊ ဒစ်ဂျစ်တယ်စီးပွားရေးစနစ်နှင့် နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် အခြားသော ကဏ္ဍများပါဝင်သည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဆင့်မြင့်အရာရှိများတက်ရောက်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

နေပြည်တော် ဇူလိုင် ၈

# နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံများဆိုင်ရာ ဒီပလိုမာသင်တန်း အမှတ်စဉ်(၁) အပိုင်း(၁)သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ



မြန်မာနိုင်ငံစာရင်းကောင်စီမှ ကြီးမှူး၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း၊ နေပြည်တော်တွင်ဖွင့်လှစ်သည့် နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံများဆိုင်ရာ ဒီပလိုမာသင်တန်း (Diploma in International Financial Reporting Standards - Dip IFRS) အမှတ်စဉ်(၁) အပိုင်း (၁) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးက ယခုသင်တန်းတွင် အများပြည်သူအကျိုးစီးပွားနှင့်သက်ဆိုင်သည့် လုပ်ငန်းအဖွဲ့အစည်းများနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများတွင် ပိုမိုကောင်းမွန်ပြီး တာဝန်ယူမှု တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုရှိသည့် ဘဏ္ဍာရေးအစီရင်ခံတင်ပြမှုဖြစ်စေရန် နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံများနှင့်စပ်လျဉ်း၍ အခြေခံသဘောတရား၊ ရည်ရွယ်ချက်၊ စာရင်းရေးသွင်းမှုနှင့် ထုတ်ဖော်တင်ပြမှုဆိုင်ရာများကို သင်ကြားပေးခဲ့ပါကြောင်း၊ ဝန်ထမ်းများ၏စွမ်းဆောင်ရည်ပိုမိုပြည့်ဝတိုးတက်လာမည်ဖြစ်ပြီး ဘဏ္ဍာရေးအစီရင်ခံခြင်းစံများနှင့်အညီ အစီရင်ခံစာများ ပြုစုရေးဆွဲထုတ်ပြန်ခြင်း၊ နိုင်ငံပိုင်အစုရှယ်ယာများပါဝင်သော ကုမ္ပဏီများ၏ ဘဏ္ဍာရေးရှင်းတမ်းများကို စာရင်းစံများနှင့် ညီညွတ်မှု ရှိ မရှိ စိစစ်ကြီးကြပ်ခြင်းတို့တွင် လက်တွေ့ပြန်လည်အသုံးချနိုင်မည်ဖြစ်ပါကြောင်း၊ ဆက်လက်၍လည်း ခေတ်ကာလနှင့်အညီ စာရင်းစံပြောင်းလဲမှုများကို စဉ်ဆက်မပြတ်လေ့လာ၍ လိုက်နာကျင့်သုံးခြင်း၊ စာရင်းပညာပိုမိုပြန့်ပွားစေရေးပြန်လည်မျှဝေသင်ကြားပေးခြင်းများကို ဆောင်ရွက်ကြစေလိုပါကြောင်း၊ ထို့ပြင် သင်တန်းသားများအနေဖြင့် နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံများဆိုင်ရာသင်တန်းအမှတ်စဉ် (၁) အပိုင်း (၂) နှင့် အပိုင်း (၃) သင်တန်းသို့ တက်ရောက်ပြီး ဘွဲ့လွန်ဒီပလိုမာဘွဲ့ရရှိရေး ဆက်လက်ကြိုးစားကြစေလိုပါကြောင်း တိုက်တွန်းပြောကြားသည်။

အဆိုပါသင်တန်းကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း၊ နေပြည်တော်တွင် ဇန်နဝါရီလ ၁၈ ရက်မှစ၍ သင်တန်းကာလ သုံးလကြာဖွင့်လှစ်ခဲ့ပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ၂၉ ဦး၊ အခြားဌာန၊ အဖွဲ့အစည်းများမှ ၆၀ စုစုပေါင်း သင်တန်းသား ၈၉ ဦး တက်ရောက်ပြီးမြောက်ခဲ့သည်။ ယခုသင်တန်း ပြီးမြောက်အောင်မြင်သူများကို သင်တန်းဆင်းလက်မှတ်များပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ ဒုတိယစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) ဒေါ်နိုင်သက်ဦး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့်သင်တန်းသားများက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမမှလည်းကောင်း၊ မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ(၂) နှင့်တာဝန်ရှိသူများက Online ဖြင့်လည်းကောင်း တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

ရန်ကုန် ဇူလိုင် ၈

# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ လုပ်ငန်းဆောင်ရွက်နေမှုအား ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း ကြည့်ရှုစစ်ဆေး



ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အစည်းအဝေးခန်းမ၌ ရန်ကုန်လေဆိပ်တွင် တာဝန်ထမ်းဆောင်နေသော ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ရန်ကုန်လေဆိပ် Operator လုပ်ကိုင်နေသည့် Yangon Aerodrome Company Limited- YACL မှ တာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် တာဝန်ရှိသူများက လက်ရှိလေဆိပ်လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့်အစီအမံများနှင့် လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြရာ ဒုတိယဝန်ကြီးက လိုအပ်ချက်များကို ပြန်လည်ရှင်းလင်းညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ရန်ကုန်လေဆိပ်သည် မိမိနိုင်ငံအတွင်းသို့ ပြည်ပမှလေကြောင်းခရီးဖြင့် ခရီးသည်များစွာဝင်ရောက်ထွက်ခွာသည့် အဓိကဝင်ပေါက်နေရာဖြစ်ကြောင်း၊ ပြည်တွင်း/ပြည်ပခရီးသွားများ အဆင်ပြေလုံခြုံစိတ်ချစွာသွားလာနိုင်ရေးသည် အဓိကလုပ်ငန်းတာဝန်တစ်ရပ်ဖြစ်ကြောင်း၊ ထို့ပြင် လေကြောင်းမှသတ်မှတ်ခွင့်ပြုကုန်ပစ္စည်းများကို နိုင်ငံတကာမှတင်သွင်းခြင်းနှင့် နိုင်ငံတကာသို့တင်ပို့ခြင်းလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဝန်ဆောင်မှုပေးနေရသည့် လုပ်ငန်းများကိုလည်း ဆောင်ရွက်နေရကြောင်း။

လေကြောင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ လုံခြုံရေးတာဝန်ထမ်းဆောင်နေရသည့်ဝန်ထမ်းများအနေဖြင့်လည်း လေဆိပ်ပတ်ဝန်းကျင်နှင့် လေဆိပ်အတွင်း မသမာသူများဝင်ရောက်ပြီး အဖျက်အမှောင့်လုပ်ငန်းများဆောင်ရွက်မှုမရှိစေရေး အထူးအလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း၊ လေကြောင်းမှ ပြည်တွင်း/ပြည်ပခရီးသွားလုပ်သားပြည်သူများခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်တင်သွင်းမှုများ အန္တရာယ်ရှင်းလင်းစွာ လုံခြုံစိတ်ချစွာဆောင်ရွက်နိုင်ရေးအတွက် လေဆိပ်တွင် တာဝန်ထမ်းဆောင်နေကြသော ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် လေဆိပ် Operator တို့ ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် အခက်အခဲလိုအပ်ချက်များရှိပါက အချိန်နှင့်တစ်ပြေးညီတင်ပြဆောင်ရွက်သွားကြရန်နှင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက လုပ်ငန်းများနှင့်ပတ်သက်၍ ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်လေဆိပ် ပြည်တွင်း/ပြည်ပခရီးသည်များအတွက် ထွက်ခွာ/ဆိုက်ရောက်သည့် Terminal 3၊ ကုန်ပစ္စည်းများရောက်ရှိ၊ တင်ပို့သည့် Cargo Terminal နှင့် ပြည်ပခရီးသည်များ ထွက်ခွာ/ဆိုက်ရောက်သည့် Terminal 1 တို့တွင် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာ့ရိုးရာရေသဘင်ပွဲ ယဉ်ကျေးစွာအတူဆင်နွှဲကြပါစို့



**မြန်မာတို့အတွက် သင်္ကြန်၏အဓိပ္ပာယ်မှာ ကူးပြောင်းခြင်းဖြစ်ပြီး နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ ကူးပြောင်းချိန်ကာလတစ်ခုဖြစ်သည်။ ရှေးအစဉ်အလာသည် စနစ်သစ်ခေတ်အမျိုးမျိုးပြောင်းလဲသည့်တိုင် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းလာခဲ့သည်မှာ ယနေ့တိုင်ဖြစ်သည်။**

သင်္ကြန်ဆိုသည့်စကားလုံးကြားသည်နှင့် လူတိုင်း၏ ရင်ထဲ အပျော်စိတ်တို့နိုးကြားလာကြသည်။ ပတ်ဝန်းကျင်တွင် အဆို၊ အကတေးသီချင်းသံများ ဟိုတစ်စ ဒီတစ်စ ပျံ့နှံ့ထွက်ပေါ်ပြီး သင်္ကြန်အငွေ့အသက် ထွက်ပေါ်လာချိန် မဟာသင်္ကြန်ရေသဘင်ပွဲဆင်နွှဲပျော်ရန်အားခဲလာကြသည်။ သင်္ကြန်အခါကို အကြိုစောပြီး ပွင့်ဖူးနေကြသည့်ပိတောက်ပန်းကလေးများကိုလည်း ဦးဦးဖျားဖျားဘုရားပန်းတင်နိုင်ရေး ခူးဆွတ်ကြည်နူးချိန်ဖြစ်သကဲ့သို့ အမျိုးသမီးအများစု၏ ဦးခေါင်းထက်တွင် ပိတောက်ပန်းခက်များကိုဝေဆာအောင် ပန်ဆင်နေရာယူချိန်လည်းဖြစ်သည်။ ပိတောက်ရနံ့သင်းသင်းမှာလည်း လူတိုင်းရင်ကိုအေးမြမွှေးကြိုင်စေသည် မဟုတ်ပါလား။

သင်္ကြန်မရောက်မီ ရင်ခုန်စရာမြင်ကွင်းသည်က လမ်းဘေးတစ်လျှောက် ရေသဘင်မဏ္ဍပ်များစတင်ဆောက်လုပ်နေကြသည့် မြင်ကွင်းပင်ဖြစ်သည်။ ယခင်က ဆီပီပါများကိုဆင့်ထပ်ပြီး မဏ္ဍပ်ဆောက်သည့်ခေတ်ဖြစ်ပြီး ယခုခေတ်တွင် မဏ္ဍပ်များကို သံပိုက်များဖြင့်ချိတ်ဆက်ပြီး ခိုင်ခိုင်မာမာတည်ဆောက်လာကြသည်။ ကုမ္ပဏီများကလည်း သင်္ကြန်ကာလ သင်္ကြန်မဏ္ဍပ်ဝန်ဆောင်မှု၊ ဖျော်ဖြေရေးဝန်ဆောင်မှုများပြုလုပ်ပေးလာကြသည်။ အလားတူ သင်္ကြန်ကာလအတွင်း သင်္ကြန်မဏ္ဍပ်များအနီး ဈေးရောင်းမည့်သူများ၊ ကားငှားလိုက်သူများအတွက် သင်္ကြန်တွင်းစီးပွားရေးဖြစ်သည်။

ယခင်၊ ယခု မတူညီမှုနှင့်အတူ အတိတ်ကာလဆီက သင်္ကြန်နေ့ရက်များက တစ်မျိုးတစ်ဖုံ ရင်ခုန်စရာကောင်းလှသည်။ သင်္ကြန်ကာလလမ်းမထက်တွင် အုန်းလက်မဏ္ဍပ်ထိုးပြီး စည်ပိုင်းပြတ်၊ ရေအိုး၊ ရေပုံးများကို ရေဖြည့်ပြီး ကိုယ့်အစုနှင့်ကိုယ်ရေကစားကြလေ့ရှိသည်။ ကလေးသူငယ်များကို လူငယ်ထုက ပြန်လည်ထိန်းသိမ်းပေးသည်။ အုပ်ထိန်းသူလူကြီးများက အရိပ်ရသောနေရာမှ စောင့်ကြပ်ကြည့်ရှုပေးသည်။ စက်ဘီး၊ ဆိုင်ကယ်သည် သင်္ကြန်တွင်းလည်ပတ်စရာယာဉ်အများစုသာဖြစ်သည်။ သို့တိုင် အားငယ်စရာမလိုပေ။ ကလေး၊ လူကြီးမရွေး ဖြတ်သွားဖြတ်လာလူများကို တစ်ယောက်မျှမလွတ်စေရ။ သင်္ကြန်ရေစိုအောင် အမိအရ ဖျန်းပက်နိုင်ကြသည်။ ရေကစားသူ၊ ရေပက်ခံသူများဖြင့် သင်္ကြန်နေ့ရက်များက မပျင်းမခြောက်ပျော်ရွှင်စရာကောင်းလှသလို ဘေးအန္တရာယ်ကင်းလွန်းလှသည်။ ဥပုသ်စောင့်သူများ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများကို ရေပက်လေ့မရှိတဲ့ မြန်မာတို့ရဲ့ ရိုးရာယဉ်ကျေးမှုအစဉ်အလာစောင့်ထိန်းမှုကလည်းချစ်စရာကောင်းလှသည်။

မြန်မာ့ရိုးရာသင်္ကြန်ကို အပျော်စိတ်ကူးများဖြင့်သာ ဝိုင်းဝန်းတည်ဆောက်သင့်ပေသည်။ အပျက်သဘောဆန်သောခိုက်ရန်ဖြစ်ပွားမှု အထူးဂရုပြုရမည်ဖြစ်သည်။ မိမိ၏အပျော်မှ သူတစ်ပါးဘေးဖြစ်သောအပျော်မျိုးမဖြစ်ပေါ်စေရန် ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်သည်။ အန္တရာယ်ရှိသောခိုက်ရန်ဖြစ်ပွားမှုကို တတ်စွမ်းသမျှရှောင်ရှားသင့်ပြီး တဒင်္ဂဖြစ်ပွားသောဒေါသမှ တစ်ဘဝစာ နောင်တမဖြစ်စေရန်လိုအပ်သည်။ စည်းကမ်းလိုက်နာမှုသာ သင်္ကြန်တွင်းမှာ ဘေးကင်းကွာစေနိုင်မည်ဖြစ်သည်။ ရေတွေစိုရွှဲသည့်သင်္ကြန်တွင်း ဥပဒေဘောင်အတွင်းမှ ငြိမ်းချမ်းစွာ ဆင်နွှဲပျော်ရွှင်နိုင်မှသာ အတိတ်၊ အနာဂတ်ပြဿနာအရပ်ရပ်ကင်းစင်စေမည်ဖြစ်သည်။

သင်္ကြန်နီးလာသည်နှင့် သင်္ကြန်နှင့်ပတ်သက်သောဆောင်ရန်၊ ရှောင်ရန်အချက်များကို သတင်းစာ၊ မီဒီယာများတွင်ကြေညာထားသည်ကို တွေ့ရှိရသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့်ဆန့်ကျင်သောအပြုအမူများမပြုလုပ်ကြရန် အဓိကသတိပေးပြထားသည်။ မြန်မာ့ရိုးရာမဟာသင်္ကြန်သည် ယဉ်ကျေးမှုကိုအခြေခံတည်ဆောက်ထားရှိပေသည်။ ယဉ်ကျေးမှုသည် မြန်မာတို့၏နှလုံးသားပင်ဖြစ်သည်။ အနှစ်သာရကိုပြဆိုပါလျှင် ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ နူးညံ့သိမ်မွေ့သော ကိုယ်နှုတ်အမူအရာ၊ ဘာသာတရား၊ ဓလေ့စရိုက်တို့ပင်ဖြစ်သည်။ ထိုသို့မကောင်းမှုကိုပြုရမည်ကိုရှက်ခြင်း၊ ကြောက်ခြင်း၊ တစ်ဦးအပေါ်တစ်ဦး သနားကြင်နာစိတ်ရှိခြင်းတို့ဖြင့် ပြည့်စုံနေပြီးအခြေခံအကျဆုံး လူသားချင်းစာနာမှုကို ဖော်ထုတ်ပြနေသည့် သင်္ကေတတစ်ခုလည်းဖြစ်သည်။

မြန်မာလူမျိုးများသည် ကံ၊ ကံ၏အကျိုးကို ယုံကြည်သူများဖြစ်သည်။ နှစ်ဆန်းတစ်ရက်နေ့တွင် မြို့၊ ရွာအတွင်း အန္တရာယ်ကင်းပရိတ်ရွတ်ခြင်း၊ သက်ကြီးပူဇော်ပွဲများ ပြုလုပ်ခြင်းအလေ့အထကို အစဉ်အလာမပျက်ကျင်းပကြလေ့ရှိသည်။ မျိုးဆက်သစ် လူငယ်လူရွယ်ကလေးများသည် ဂါရဝတရားလက်ကိုင်ထား၍ သက်ကြီးဘိုးဘွားများကို လက်သည်း၊ ခြေသည်းညှပ်ပေးခြင်း၊ ခေါင်းလျှော်ပေးခြင်း၊ သနပ်ခါးလိမ်းပေးခြင်း၊ နှိပ်နယ်ပေးခြင်းများပြုလုပ်ကြသည်။ အလားတူပင် နှစ်သစ်ဦးအလှူအဖြစ် ဌာနဆိုင်ရာအလိုက်၊ ရပ်ကွက်အလိုက် ကျွဲ၊ နွား၊ ငါး၊ ငှက်တိရစ္ဆာန်လေးများကို ဇီဝိတဘေးမဲ့လွှတ်ပွဲများပြုလုပ်ကြလေ့ရှိသည်။

သင်္ကြန်ရေသည် ဖျားနာခြင်းကင်းသည်ဟု ရှေးလူကြီးများ၏အဆိုအမိန့်ရှိခဲ့သည်။ ရေ၏လေးနက်သောသဘောတရားအောက်တွင် အေးမြကြည်လင်မှု၊ အညစ်အကြေးကို ဆေးကြောသန့်စင်နိုင်မှု၊ စုစည်းပေါင်းစပ်နိုင်မှုတည်းဟူသောအချက်များကို တွေ့ရသည်။ ရေသဘင်ပွဲတော်ဆင်နွှဲပျော်သည့် ရှေးအစဉ်အလာတွင် တိုင်းနိုင်ငံစည်ပင်သာယာဖွံ့ဖြိုးရေး ရေစင်နိမိတ်ဖြင့် ပြည်သူပြည်သားအားလုံးအေးချမ်းခြင်း၊ အခက်အခဲများကို အောင်မြင်စွာကျော်ဖြတ်နိုင်ခြင်း၊ စည်းလုံးညီညွတ်ခြင်းပုံရိပ်များဖြင့် နိုင်ငံတည်ဆောက်ရန်မူဟန်များပါဝင်နိုင်ပေသည်။ ပူပြင်းသည့်နွေနံနက်ခင်းတွင် သင်္ကြန်ရေသဘင်ပွဲတော် ဆင်နွှဲပျော်သူအများစုသည် အေးတစ်လှည့်၊ ခြောက်တစ်လှည့် သင်္ကြန်ရေပက်ခံထွက်ခြင်းသည် သာမန်အားဖြင့် အပူလျှော့ခြင်းဖြစ်နိုင်သော်လည်း မဖျားမနာ ကျန်းမာစွာ သင်္ကြန်နေ့ရက်များကို ကောင်းစွာကျော်ဖြတ်နိုင်ခြင်းသည် ရေပက်သူများနှင့်ရေပက်ခံသူများအကြား ဘေးဘယာကင်းကွာ ကျန်းမာစေချင်သည့် စိတ်ရင်းစေတနာများ အပြန်အလှန်ကူးလူးပါဝင်သောကြောင့် ဖြစ်နိုင်ပေသည်။

မြန်မာတို့အတွက် သင်္ကြန်၏အဓိပ္ပာယ်မှာ ကူးပြောင်းခြင်းဖြစ်ပြီး နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ ကူးပြောင်းချိန်ကာလတစ်ခုဖြစ်သည်။ ရှေးအစဉ်အလာသည် စနစ်သစ်ခေတ်အမျိုးမျိုးပြောင်းလဲသည့်တိုင် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းလာခဲ့သည်မှာ ယနေ့တိုင်ဖြစ်သည်။ နွေနှင့်အပြိုင် အပူဒဏ်ကိုကာကွယ်ရန် နှစ်သစ်ကူးပြောင်းချိန်အခါသမယ သပြေခက်နှင့်ငွေဖလားဖြင့်ရေပက်ကစား၍ နှစ်ဟောင်းကအညစ်အကြေးများကို ဆေးကြောသည့်ပွဲတော်ဖြစ်သည်။ သင်္ကြန်ရေသဘင်ပွဲတော်သည် ဆယ့်နှစ်လရာသီပွဲတော်များအနက် ရေသဘင်ပွဲတော်သည် အကြီးကျယ်ဆုံးနှင့်အစည်ကားဆုံးပွဲတော်တစ်ခုဖြစ်သည်။ ဥဩငှက်၏ ကြည်နူးစဖွယ်အသံ၊ ငုဝါပန်းနှင့်ရွှေဝါပိတောက်တို့ နွေအလှကိုကိုယ်စားပြုလေ့ရှိပြီး အလှတွင် အယဉ်ဆင့်နေချိန်ဖြစ်သည်။

အနှစ်ချုပ်လျှင် မြန်မာ့ဆယ့်နှစ်လရာသီပွဲတော်များအနက် သင်္ကြန်ရေသဘင်ပွဲသည် တစ်ဦးနှင့်တစ်ဦး ချစ်ခင်စွာရေပက်ဖျန်းသည့် ရိုးရာမပျက်ယဉ်ကျေးစွာကျင်းပပြုလုပ်သည့်ချစ်စရာကောင်းသော ပွဲတော်တစ်ခုဖြစ်သည်။ သင်္ကြန်မိုးနှင့်အတူ ပွင့်လန်းလာသည့် ပိတောက်ပန်းကလေးများ၏အလှအပကို ခံစားရင်း ရေသဘင်ပွဲဆင်နွှဲရသည့်အရသာမှာ တစ်မူထူးခြားလှသည်။ ချစ်စရာကောင်းသောပွဲတော်များကို နှလုံးသားရှိသူတိုင်း နှစ်သက်ကြလေ့ရှိပြီး အဆိုပါပွဲတော်တွင် ပါဝင်ဆင်နွှဲနိုင်ရေးကြိုးပမ်းဆောင်ရွက်ကြသည့်အစဉ်အလာများလည်းရှိသည်။ ကမ္ဘာလှည့်ခရီးသွားများသည် ချစ်စရာမြန်မာ့ယဉ်ကျေးမှုကို ရှုမြင်လိုစိတ်ဖြင့် မြန်မာ့ရေမြေအရောက်လာ၍ ရေသဘင်ပွဲတော် ဆင်နွှဲပျော်ကြလေ့ရှိသည်။ ခေတ်မီမြူးကြွသင်္ကြန်ဒိုးနှင့် အကအလှများအစားစည်းချက်ညီ တူးပို့သံနှင့် မြန်မာ့ရိုးရာအကအလှများကိုမြင်တွေ့ခံစားလိုကြပေသည်။ မန္တလေးအလှငွေငန်းဖြူတေးဂီတအလှပြယာဉ်ပေါ်က တီးမှုတ်ကခုန်ဟန်ကို ကျုံးအလှနှင့်အတူ တွဲဖက်ခံစားလိုစိတ်ကို နှိုးဆွလျက် မြန်မာ့နှစ်သစ်ကို ကြိုဆိုရမည်ဖြစ်သည်။ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်သည် မြန်မာတို့အတွက် မတိမ်ကောသင့်၊ မကွယ်ပျောက်သင့်သောပွဲတော်ဖြစ်သဖြင့် သင်္ကြန်နေ့ရက်များကို အကျိုးရှိရှိအသုံးချသွားသင့်ပေသည်။ အပျော်မှ အပျက်မဖြစ်စေရေး အထူးဂရုပြုရမည်ဖြစ်ပြီး အရက်၊ မူးယစ်ဆေးများသုံးစွဲပြီး သင်္ကြန်ပွဲဆင်နွှဲခြင်းသည် မိမိနှင့်မိမိပတ်ဝန်းကျင်ကို ကောင်းစွာအရုပ်ဆိုးစေနိုင်သဖြင့် မိမိတို့၏အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်တင်နိုင်ရေး ယဉ်ကျေးစွာ ရေသဘင်ပွဲဆင်နွှဲခြင်းဖြင့်သာ ဖြတ်သန်းကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**ထက်ဝေအောင်(စစ်ကိုင်း)**

နေပြည်တော် ဧပြီ ၈

# သမဝါယမစာရင်းရေး စာရင်းကိုင် သက်မွေးပညာသုံးနှစ်သင်တန်းအတွက် သင်ရိုးညွှန်းတမ်းနှင့်သင်ခန်းစာဖော်ထုတ်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ



သမဝါယမစာရင်းရေးစာရင်းကိုင်သက်မွေးပညာသုံးနှစ်သင်တန်းအတွက် သင်ရိုးညွှန်းတမ်းနှင့် သင်ခန်းစာဖော်ထုတ်ရေးအလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်၊ စစ်ကိုင်း)တို့မှ ပါမောက္ခချုပ်များ၊ သမဝါယမကောလိပ် (မန္တလေး၊ ဖောင်ကြီး) တို့မှ ကျောင်းအုပ်ကြီးများ၊ ဘာသာရပ်အလိုက် သင်ရိုးညွှန်းတမ်းရေးဆွဲခဲ့သည့် တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခ (ဌာနမှူးများ)နှင့် ဆရာ၊ ဆရာမများ၊ တိုင်းဒေသကြီး၊ ပြည်နယ်သမဝါယမဦးစီးဌာနငါးခုမှ ညွှန်ကြားရေးမှူးများ၊ သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း (မကွေး၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်၊ ပုသိမ်)မှ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက သမဝါယမစာရင်းရေးစာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်းများ(မကွေး၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်၊ ပုသိမ်)အဖြစ် ၂၀၂၂ ခုနှစ် ဇွန်လ ၁၆ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယခုဆိုလျှင် သင်တန်းကာလနှစ်နှစ်ဖြင့် သင်တန်းများကို ဒုတိယအကြိမ်မြောက်ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း၊ သမဝါယမစာရင်းရေးစာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ အထက်တန်းကျောင်းများနှင့် စက်မှုအထက်တန်းကျောင်းများကဲ့သို့ သုံးနှစ်သင်တန်းသို့ တိုးမြှင့်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း။

လာမည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်မှစတင်ပြီး အကောင်အထည်ဖော်မည်ဖြစ်သည့်အတွက် သုံးနှစ်တာသင်ကြားပို့ချမည့် ဘာသာရပ်သင်ခန်းစာများကို စနစ်တကျ ပြည့်စုံစွာ ရေးဆွဲပြုစုစေလိုကြောင်း၊ စနစ်သစ်ပညာရေးအရ Grade - 9 အောင်မြင်ထားသူများကို သင်တန်းသားအဖြစ် လက်ခံဆောင်ရွက်မည်ဖြစ်သည့်အတွက် အဆင်ပြေနိုင်သော သင်ခန်းစာများကို ရွေးချယ်ဖန်တီးစေလိုကြောင်း၊ သုံးနှစ်သင်တန်းပြီးမြောက်သည့်အခါ Certificate in Business Accounting လက်မှတ်ထုတ်ပေးရန်နှင့် စာရင်းကိုင်ဘာသာရပ်များနှင့် သင်္ချာဘာသာရပ်တို့မှ ဂုဏ်ထူးရရှိပြည့်မီသူများအား သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်များနှင့် သမဝါယမကောလိပ်များတွင် ပေါင်းကူးပညာသင်ယူပြီးဘွဲ့၊ ဒီပလိုမာများပေးအပ်နိုင်အောင် စီစဉ်မည်ဖြစ်ကြောင်း။

သမဝါယမကောလိပ်အပြင် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်များသို့ တက်ရောက်ပညာသင်ယူနိုင်ရန် အရည်အချင်းစိစစ်လက်ခံရမည်ဖြစ်ပြီး အောင်မြင်ပြီးသော သင်တန်းသားများအားလုံး အလုပ်အကိုင်ရရှိမည်ဖြစ်ကြောင်း၊ သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းများအနေဖြင့် နိုင်ငံအတွက်တန်ဖိုးရှိသော အနာဂတ်စာရင်းကိုင် ကျွမ်းကျင်သူများကို စဉ်ဆက်မပြတ်မွေးထုတ်ပေးနိုင်သော အားထားရသောကျောင်းများအဖြစ် ရေရှည်တည်တံ့ရပ်တည်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဆွေးနွေးပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ပြောကြားပြီး သင်ရိုးညွှန်းတမ်းရေးသားပြုစုသော Major ဘာသာရပ်၏ တာဝန်ခံအဖွဲ့ခေါင်းဆောင်များက သင်ရိုးညွှန်းတမ်းနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြကာ တက်ရောက်လာသူများက အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်များမှ ပါမောက္ခချုပ်များက အကြံပြုချက်များကိုဆွေးနွေးပြီး သုံးနှစ်သင်တန်းတွင်သင်ကြားမည့် သင်ခန်းစာများကို ဆွေးနွေးညှိနှိုင်းကြသည်။

သမဝါယမစာရင်းရေးစာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်းများတွင် သင်ကြားပို့ချမည့် သင်ခန်းစာများကို ဖော်ထုတ်ပြုစု၍ ပညာရေးဝန်ကြီးဌာန အမျိုးသားပညာရေးဌာန၏ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီမှ အသိအမှတ်ပြုခွင့်ပြုရန်ဆောင်ရွက်မည်ဖြစ်ပြီး သုံးနှစ်သင်တန်းပြီးမြောက်ပါက သတ်မှတ်အရည်အချင်းပြည့်မီသူများအား သမဝါယမကောလိပ်များ၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်များသို့ ပေါင်းကူးဆက်လက်ပညာသင်ကြားနိုင်ရေးနှင့် အလုပ်ခန့်အပ်နိုင်ရေးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

---

နေပြည်တော် ဧပြီ ၈

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မြို့နယ်အဆင့် ကင်းထောက်လူငယ်သင်တန်းဆင်းပွဲအခမ်းအနား၊ အင်္ဂလိပ်စာနှင့်အခြေခံကွန်ပျူတာသင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

၂၀၂၃-၂၀၂၄ ပညာသင်နှစ် မြို့နယ်အဆင့် ကင်းထောက်လူငယ်သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း သီရိမင်္ဂလာခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဆရာ/ဆရာမများနှင့် ကင်းထောက်လူငယ် သင်တန်းသား/သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ကင်းထောက်လှုပ်ရှားမှုများပြန်လည်အသက်ဝင်လာစေရေးနှင့် ပိုမိုအားကောင်းလာစေရေး၊ ကျောင်းသားလူငယ်များ၏စိတ်တွင် ဉာဏ်ပညာ အသိအလိမ္မာတိုးပွားစေရေး၊ မိမိကိုယ်ကို အားကိုးအားထားပြုနိုင်သည့် စိတ်တိုးပွားစေရေး၊ မွန်မြတ်သည့် စိတ်နေစိတ်ထားရရှိစေရေးနှင့် တာဝန်သိသည့် နိုင်ငံ့သားကောင်းများဖြစ်လာစေရေး စသည့် အလေ့အကျင့်ကောင်းများ ရရှိအောင် ကင်းထောက်လူငယ်သင်တန်းကို လေ့ကျင့်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ၏ အကျင့်စာရိတ္တမြင့်မားရေးအတွက် များစွာအထောက်အကူပြုပြီး သူတစ်ပါးကို ကူညီစောင့်ရှောက်ခြင်း၊ အချင်းချင်းရင်းနှီးချစ်ကြည်မှု၊ စုပေါင်းဆောင်ရွက်တတ်မှုများကိုလည်း ရရှိလာနိုင်မည်ဖြစ်ကြောင်း၊ ကင်းထောက်လူငယ်များအနေဖြင့် သင်တန်းမှပို့ချလိုက်သည့် ပညာရပ်များကို သေချာစွာလေ့လာမှတ်သားပြီး မိမိတို့ကျောင်း၊ မိမိတို့ရပ်ရွာကို ပြန်လည်အကျိုးပြု ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက လူငယ်ကင်းထောက်သင်တန်းများအတွက် ထောက်ပံ့ငွေကျပ် ၂၃၇၉၂၀၀၀ ကိုလည်းကောင်း၊ ကင်းထောက်နည်းပြသင်တန်း (TOT)နည်းပြအဖြစ် ဆောင်ရွက်ခဲ့ကြသည့် နည်းပြခြောက်ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ ကင်းထောက်လူငယ်နည်းပြဆရာမ ၄၀ ကို သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း၊ မြို့နယ်အဆင့်ကင်းထောက်လူငယ်သင်တန်းမှ သင်တန်းသား၊ သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း ပေးအပ်ကြသည်။

ယင်းနောက် ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းမှ ကင်းထောက်လူငယ်သင်တန်းသား၊ သင်တန်းသူများက ကင်းထောက်ဂုဏ်ရည်သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် အဆိုပါကျောင်းရှိ ကျောင်းစာကြည့်တိုက်အား ကြည့်ရှုအားပေးပြီး လိုအပ်သည်များကိုမှာကြားသည်။

မြို့နယ်အဆင့် ကင်းထောက်လူငယ်သင်တန်းများကို နေပြည်တော်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်မှ တစ်မြို့နယ်လျှင် ကင်းထောက်လူငယ် ၅၀ နှုန်းဖြင့် စုစုပေါင်း ကင်းထောက်လူငယ် သင်တန်းသား၊ သင်တန်းသူ ၄၀၀ တို့ကို ကင်းထောက်နှင့် သက်ဆိုင်သည့် ဘာသာရပ်များကိုသင်ကြားပို့ချခဲ့ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၂)၌ နေပြည်တော်ကောင်စီနှင့် နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့တို့မှ ကြီးမှူးကျင်းပသည့် အင်္ဂလိပ်စာနှင့် ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၂၄) သို့ တက်ရောက်သည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက လူငယ်များအနေဖြင့် မိမိတို့၏ ဘဝရည်မှန်းချက် အကောင်အထည်ဖော်ရာတွင် ဗလငါးတန်နှင့်ပြည့်စုံအောင် ကြိုးစားကြရမည်ဖြစ်ပြီး IT နည်းပညာများ၊ အထွေထွေဗဟုသုတများကို စဉ်ဆက်မပြတ် လေ့လာကာ အရည်အချင်းပြည့်ဝသည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်အောင်ကြိုးစားကြစေလိုကြောင်းပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက သင်တန်းတက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူများကိုစာရေးကိရိယာများနှင့် အာဟာရမုန့်များ ပေးအပ်သည်။

အဆိုပါ အင်္ဂလိပ်စာနှင့်ကွန်ပျူတာ အခြေခံသင်တန်းကို ဧပြီလ ၈ ရက်မှ ၁၂ ရက်အထိ ဖွင့်လှစ်ပြီး စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

နေပြည်တော် ဧပြီ ၈

# ဥရောပ-အာရှ စီးပွားရေးကော်မရှင်ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာ ဆာဂေး ဂလေးဇီးယပ်ကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် လက်ခံတွေ့ဆုံ



ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ဥရောပ-အာရှ စီးပွားရေးကော်မရှင်ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာ ဆာဂေး ဂလေးဇီးယပ်ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ဘဏ္ဍာရေးနှင့် အကောက်ခွန် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်ရေးနှင့် ငွေပေးချေမှုဆိုင်ရာကိစ္စရပ်များနှင့် လူ့စွမ်းအားအရင်းအမြစ် တိုးတက်လာရေးအတွက် သင်တန်းများနှင့် ဆွေးနွေးပွဲများ ကျင်းပပေးနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဥရောပ-အာရှ စီးပွားရေးကော်မရှင်မှ ကိုယ်စားလှယ်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရုရှား-မြန်မာစီးပွားရေးကောင်စီမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

နေပြည်တော် ဧပြီ ၈

# KG+12 စနစ်သစ်နှင့်လိုက်လျောညီထွေမည့် နည်းပညာတက္ကသိုလ်နှင့်ကွန်ပျူတာတက္ကသိုလ်များ၏ သင်ရိုးညွှန်းတမ်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနရှိ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များတွင် KG+12 စနစ်သစ်နှင့်လိုက်လျောညီထွေမည့် သင်ရိုးညွှန်းတမ်းဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က လက်ရှိအကောင်အထည်ဖော်လျက်ရှိသည့် သင်ရိုးအသစ်ဖြင့် အခြေခံပညာပြီးမြောက်လာသော ကျောင်းသား၊ ကျောင်းသူများသည် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များသို့ တက်ရောက်လာကြတော့မည်ဖြစ်ပြီး ၎င်းတို့အတွက် KG+12 စနစ်သစ်နှင့် လိုက်လျောညီထွေဖြစ်အောင်ရေးဆွဲထားသည့် သင်ရိုးညွှန်းတမ်းများဖြင့်သင်ကြားပေးရမည်ဖြစ်ပါကြောင်း၊ တက္ကသိုလ်များတွင်လည်း သက်ဆိုင်ရာဘာသာရပ်အလိုက် ကျွမ်းကျင်ပညာရှင်များ၊ ပြင်ပပညာရှင်များ၊ Stakeholder များအားလုံးပါဝင်၍ ညှိနှိုင်းအစည်းအဝေးပွဲများ အဆင့်ဆင့်ကျင်းပခဲ့ပြီးဖြစ်ပါကြောင်း၊ သင်ကြားသင်ယူမှုနည်းလမ်းများကို စနစ်ကျစွာအသုံးပြုရန်နှင့် ဘွဲ့ရကျောင်းသားများတွင် ရှိရမည့်အရည်အချင်းသတ်မှတ်ချက်များ ပြည့်မီစေရန်အတွက် Assessment ပုံစံများပါ တစ်ပါတည်းစဉ်းစားရေးဆွဲရန်လိုပါကြောင်း။

အရည်အသွေးမြင့်သည့် သင်ကြားသင်ယူမှုနည်းစနစ်များ၊ နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများနှင့် သင်ကြားသင်ယူမှုအထောက်အကူပြုစနစ်များကို အသုံးပြုကာ ကျောင်းသား၊ ကျောင်းသူများကို လေ့လာသိရှိမှုစွမ်းရည်၊ ဝေဖန်ပိုင်းခြားနိုင်မှုစွမ်းရည်၊ လုပ်ဆောင်နိုင်မှုစွမ်းရည်များ ပြည့်ဝသည့် ဗလငါးတန်နှင့်ပြည့်စုံသော အင်ဂျင်နီယာပညာရှင်များ၊ ကွန်ပျူတာပညာရှင်များ မွေးထုတ်ပေးရာတွင် အဓိကအုတ်မြစ်ဖြစ်သော သင်ရိုးညွှန်းတမ်းများကို နိုင်ငံတော်လိုအပ်ချက်နှင့် ဒေသလိုအပ်ချက်များကို အထောက်အပံ့ပေးနိုင်ရေးနှင့် နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများဖြစ်စေရေး Stakeholder များ၏ အကြံပြုချက်၊ သုံးသပ်ချက်များနှင့်အတူ ပြီးပြည့်စုံသော သင်ရိုးညွှန်းတမ်းများထွက်ပေါ်လာရေး ဝိုင်းဝန်းကြိုးစားသွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက အမှာစကားပြောကြားပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသည့် အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်ဆိုင်ရာဆရာ၊ ဆရာမများက KG+12 စနစ်သစ်နှင့် လိုက်လျောညီထွေဖြစ်မည့် သင်ရိုးညွှန်းတမ်းများဆောင်ရွက်ထားရှိမှု၊ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ အသေးစိတ်ဆွေးနွေးပြောကြားရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းမှာကြားသည်။

အစည်းအဝေးသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်ဆိုင်ရာဆရာ၊ ဆရာမများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

နေပြည်တော် ဧပြီ ၈

# နေပြည်တော်ရှိ ဝန်ထမ်းအိမ်ရာများအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ကြည့်ရှုစစ်ဆေး

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ယနေ့ညနေပိုင်းတွင် ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက်၊ ဘောဂသိဒ္ဓိရပ်ကွက်၊ ဗလသိဒ္ဓိရပ်ကွက်တို့ရှိ အရာထမ်း၊ အမှုထမ်းအိမ်ရာများနှင့် အဆောင်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းအိမ်ရာနှင့်အဆောင်များတွင် မသက်ဆိုင်သူများဝင်ရောက်နေထိုင်မှုမရှိစေရေး စိစစ်ကြပ်မတ်ရန်၊ ဝန်ထမ်းအိမ်ရာနှင့် အဆောင်နေထိုင်သူများအနေဖြင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး ပူးပေါင်းဆောင်ရွက်ရန်၊ တိုက်နံရံနှင့်ခေါင်မိုးများပေါ်တွင် ပေါက်နေသောအပင်များကို ရှင်းလင်းသွားရန်၊ ဝန်ထမ်းအိမ်ရာများတွင် အဆင့်အတန်းမြင့်မြင့် သန့်ရှင်းသပ်ရပ်စွာ နေထိုင်ကြရန်၊ ပူပြင်းသော နွေရာသီကာလသို့ရောက်ရှိလာပြီဖြစ်၍ မီးဘေးအန္တရာယ်မဖြစ်ပွားစေရေး အထူးအလေးထားနေထိုင်ကြရန်နှင့် ရေကိုအကျိုးရှိရှိခြွေတာသုံးစွဲကြရန်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ သတ်မှတ်ထားသော အိမ်ရာစည်းကမ်းများအတိုင်း တိကျစွာလိုက်နာနေထိုင်ကြရန်နှင့် ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာ လုံခြုံရေးအသိ လုံခြုံရေးသတိရှိရှိ နေထိုင်သွားကြရန် တာဝန်ရှိသူများကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အိမ်ရာကြီးကြပ်သူ တိုက်တာဝန်ခံများ၊ နေထိုင်သူ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး အိမ်ရာအလိုက် ဝန်ထမ်းမိသားစုများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



Myawady Digital Set Top Box
ထုတ်နုတ်ရှုမြင်အစီအစဉ်
၉-၄-၂၀၂၄ (အင်္ဂါနေ့)

**MWD Variety Channel**

၁။ ၁၀း၂၉ ကျန်းမာသောဘဝ
၂။ ၁၁း၄၂ ဥပဒေမှတ်စု
၃။ ၁၃း၄၀ စကားလက်ဆုံ
၄။ ၁၅း၄၉ ကြည်နူးဖူးမြော် ဘုရားပုထိုးစေတီတော်
၅။ ၁၆း၃၂ ဖတ်ပါ မှတ်ပါ လေ့လာပါ

**မြဝတီရုပ်မြင်သံကြား**
၉-၄-၂၀၂၄ (အင်္ဂါနေ့)

၁။ ၆း၀၂ နိုင်ငံတော်သီချင်း
၂။ ၆း၀၃ တရားတော်
၃။ ၇း၁၅ မေတ္တာပို့
၄။ ၇း၂၀ ဓမ္မပူဇာတေး
၅။ ၇း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၆။ ၇း၄၅ မျိုးချစ်တပ်မတော်
၇။ ၈း၂၅ ဆောင်းပါးပေါ်က စာစုများ



မိမိသဘောဆန္ဒအလျောက် ဆန္ဒပြုစာရင်းပေးသွင်းလာကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။



မိမိသဘောဆန္ဒအလျောက် ဆန္ဒပြုစာရင်းပေးသွင်းလာကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)မှ သင်တန်းသားများအား တာဝန်ရှိသူများက တွေ့ဆုံအမှာစကားပြောကြားစဉ်။



မိမိသဘောဆန္ဒအလျောက် ဆန္ဒပြုစာရင်းပေးသွင်းလာကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။



မိမိသဘောဆန္ဒအလျောက် ဆန္ဒပြုစာရင်းပေးသွင်းလာကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)မှ သင်တန်းသားများကို တွေ့ရစဉ်။

■ **ရှေ့ဖုံးမှအဆက်**

ထိုကဲ့သို့ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)တွင် တက်ရောက်ရန်အတွက် မိမိသဘောဆန္ဒအလျောက်စာရင်းပေးသွင်းလာကြသူများအနက် သင်တန်းတက်ရောက်ရန် အရည်အချင်းကိုက်ညီသူများအား စုဖွဲ့၍ ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းများအသီးသီးတွင် သင်တန်းဖွင့်ပွဲများပြုလုပ်ကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများတွင် သက်ဆိုင်ရာသင်တန်းကျောင်းအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများပြောကြားခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဖွင့်ပွဲသို့ တက်ရောက် အားပေးချီးမြှင့်ကြကာ သင်တန်းသားများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

သင်တန်းဖွင့်ပွဲများအပြီးတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)မှ သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားကာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများက သင်တန်းသားများအတွက် ထောက်ပံ့ချီးမြှင့်ငွေများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)တွင် တက်ရောက်ကြမည့် သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြသည်။

နိုင်ငံတော်တွင် နိုင်ငံသားတိုင်းအနေဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိကြပြီး ယင်းတာဝန်များကို ထမ်းဆောင်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းခဲ့ရခြင်းဖြစ်သည်။ ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)မှ သင်တန်းသားများအနေဖြင့် ယင်းတာဝန်များကို ထမ်းဆောင်ရန်အတွက် မိမိသဘောဆန္ဒအလျောက် စာရင်းပေးသွင်းလာခဲ့ကြသူများဖြစ်ကြပြီး နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံ့တာဝန်များကို လေးစားဂုဏ်ယူစွာဖြင့် ထမ်းဆောင်ကြတော့မည်ဖြစ်ကာ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)မှ သင်တန်းသားများနှင့် တာဝန်ရှိသူများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါတယ်-

"ကျွန်တော်တို့ ဒီပြည်သူ့စစ်မှုထမ်းသင်တန်းစတင်ဖွင့်လှစ်မယ်ဆိုတဲ့အခါမှာ ကျွန်တော်တို့နည်းပြတွေစပြီးတော့ စုဖွဲ့ရပါတယ်။ စုဖွဲ့ပြီးတဲ့အခါမှာ နည်းပြတွေ စနစ်တကျသင်ကြားပေးနိုင်ဖို့အတွက် မွမ်းမံ



သင်တန်းတွေ ဖွင့်လှစ်တယ်။ ဖွင့်လှစ်ပြီးတော့မှ သင်တန်းသားတွေနဲ့ အခုသင်ကြားပေးရမယ့် အခြေခံစစ်ရေးပြ၊ လက်နက်ငယ်ပြီးရင် ပြည်သူ့စစ်သင်တန်းမှာ သင်ကြားပေးရမယ့် ဘာသာရပ်အလိုက် နည်းပြတွေစုဖွဲ့ပြီးတော့မှ စနစ်တကျနဲ့သင်ကြားပေးနိုင်ဖို့အတွက် အားလုံးဆောင်ရွက်ထားပါတယ်။ အရပ်သားတွေဖြစ်တဲ့အတွက် သူတို့တွေ စစ်ပုံကျနမှုရှိစေရေးအတွက် ပထမဦးဆုံး သူတို့ရောက်လာပြီဆိုတာနဲ့ ယူနီဖောင်း စတင်ဝတ်ဆင်မယ်ဆိုရင် ဖိနပ်မှအစ ဦးထုပ်အဆုံးပေါ့ ယူနီဖောင်းတွေစနစ်တကျဝတ်ဆင်ရေး၊ ဖိနပ်တွေ စနစ်တကျစီးတတ်စေရေး၊ ပြီးရင် ချပ်ဝတ်တန်ဆာပလာတွေကို စနစ်တကျနဲ့ ဝတ်ဆင်တတ်စေဖို့အတွက် နည်းပြအရာရှိ၊ နည်းပြဆရာကြီးတွေကြီးကြပ်ပြီး သူတို့ကို အသေးစိတ်သင်ကြားပြသလေ့ကျင့်ပေးခဲ့ပါတယ်။ သူတို့အတွက် ဒီသင်တန်းကနေပြီးတော့မှ အတွေ့အကြုံတွေ အများကြီးရရှိမယ်လို့ ကျွန်တော်တို့မျှော်လင့်ပါတယ်။ ဘာတွေရမလဲဆိုလို့ရှိရင် အရပ်သားဘဝကနေစစ်မှုထမ်းဘဝကို ကူးပြောင်းလာတာဖြစ်တဲ့အတွက် နံပါတ်တစ် သူတို့ရဲ့ခန္ဓာကိုယ်ပိုင်းဆိုင်ရာတွေ ကြံ့ခိုင်လာမယ်။ အသင်းအဖွဲ့နဲ့ လုပ်ဆောင်တတ်လာမယ်။ သတ်မှတ်ချိန်အတိုင်းဆောင်ရွက်ရတာဖြစ်တဲ့အတွက် အချိန်ကိုက် လုပ်ဆောင်တတ်လာမယ်။ အဲ့ဒါအပြင် မိမိတို့ဒီမှာရှိတဲ့ တစ်နေရာစီကနေလာရောက်ကြတာ လာရောက်ပြီးတော့ ဒီမှာစုစည်းပြီးတော့နေရတာဖြစ်တဲ့အတွက် သူတို့ရဲ့ညီရင်းအစ်ကိုပမာသူတို့တွေ တစ်ယောက်နဲ့တစ်ယောက် ချစ်ချစ်ခင်ခင်နေတတ်လာမယ်။ ပြီးတော့မှ ဒီကနေပြီးတော့ သူတို့တွေ စိတ်ဓာတ်နဲ့ခံယူချက်တွေ မြင့်မားလာဖို့ ကျွန်တော်တို့သင်ကြားပို့ချပေးလိုက်တဲ့အခါမှာ သူတို့တွေသည် ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားတတ်လာမယ်။ ကိုယ့်ကိုယ်ကိုယ်ချစ်တတ်လာမယ်။ အဲ့ဒီကစပြီးတော့မှ မိမိကိုယ်ကနေမှစ မိမိရဲ့မိသားစု၊ မိမိရဲ့မြို့ရွာ၊ မိမိရဲ့နိုင်ငံထိ ကျွန်တော်တို့ သူတို့တွေ တန်ဖိုးထားချစ်တတ်လာမယ်လို့ ထင်မြင်မိပါတယ်"ဟု သင်တန်းနည်းပြတစ်ဦးက ပြောသည်။

"ကျွန်တော်ကတော့ ငယ်ငယ်ကတည်းက ဒီစစ်သားလုပ်ရတာကို စိတ်ဝင်စားပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ကျွန်တော်



ကျောင်းပြီးတဲ့အချိန်မှာ အဖေ၊ အမေက သဘောမတူလို့ ကျွန်တော် လျှောက်ခွင့်တောင်မရခဲ့ပါဘူး။ ခုတော့ ဘွဲ့ရပြီးတော့ ကျောင်းပြီးတဲ့အချိန်မှာ ဒီစစ်မှုထမ်းဥပဒေလည်း ထွက်တဲ့အချိန်မှာ ကျွန်တော်အလွန်ဝမ်းသာစွာနဲ့ ကိုယ့်ဆန္ဒနဲ့ ကျွန်တော့်မြို့နယ်မှာ စာရင်းသွင်းပြီးတော့ ဝင်ခဲ့တာဖြစ်ပါတယ်။ **ကျွန်တော့်ပညာအရည်အချင်းကတော့ (Bachelor)ဘွဲ့ကို အမေရိကကနေကျောင်းပြီးပါတယ်။ မဟာဘွဲ့ကိုတော့ ဥရောပမှာရှိတဲ့ ဘယ်လ်ဂျီယမ်နိုင်ငံကနေပြီးတော့ ကျောင်းပြီးထားပါတယ်။ ကျွန်တော် ဒါပြီးရင် အခွင့်အရေးပေးရင်တော့ ဗိုလ်လောင်းသင်တန်းတက်ဖို့အစီအစဉ်ရှိပါတယ်"**ဟု သင်တန်းသားတစ်ဦးကပြောသည်။

"နိုင်ငံသားတိုင်းဒီတာဝန်ကို မလွဲမသွေထမ်းဆောင်ရမှာဖြစ်တဲ့အတွက် အစောဆုံး



အပတ်စဉ်တွေမှာ ကျွန်တော်တို့သာ တကယ်ကောင်းကောင်းမွန်မွန်ချောချောမွေ့မွေ့ဆိုရင် နောက်လူတွေကိုလည်း နည်းပေးလမ်းပြစံပြဖြစ်အောင်နေလို့ရတယ်လို့ ကျွန်တော်တို့ခံယူလို့ မိဘကိုလည်း ကိုယ်တိုင်ခွင့်ပန်ပြီးတော့ သက်ဆိုင်ရာတိုင်းဒေသကြီး ထွေ/အုပ်တွေကနေတစ်ဆင့် ကျွန်တော်တို့အကုန်လုံးကို အစီအစဉ်တကျ စနစ်တကျအတိုင်း မိမိဆန္ဒအလျောက် ဆန္ဒပြုပြီးလာခဲ့တာပါ။ ကျွန်တော်တို့မနက်စာဆိုရင် ဒီနေ့မနက်ဆိုရင် ထမင်းကြော်နဲ့ ကြက်ဥနဲ့ လက်ဖက်ရည်နဲ့ နေ့လယ်ဆိုရင် ကျွန်တော်တို့ပုံမှန်စားနေကျဆိုရင် အသားဟင်းရယ်၊ ပဲဟင်းရယ်၊ အစိမ်းကြော်လေးတစ်မျိုးမျိုးပေါ့။ ညနေဘက်ဆိုရင်လည်း ဒီလိုပဲ အသားဟင်းတစ်ခွက်ပါမယ်၊ အစိမ်းကြော်ပါမယ်၊ တစ်ခါတလေငါးပိထောင်းပါတယ်၊ အချဉ်ဟင်းလေးဖြစ်ဖြစ်ပေါ့၊ အဲ့လိုမျိုးအဆင်ပြေပါတယ်။ နေရာမျိုးစုံကလာတယ်ဆိုပေမယ့် အကုန်လုံးက စနစ်တကျဖြစ်တဲ့အတွက် အကုန်လုံးသန့်သန့်ရှင်းရှင်းဖြစ်တဲ့အတွက် ကျွန်တော်တို့ စနစ်တကျနေရတယ်၊ ရေ မီးဆိုလည်းအကုန်လုံးလိုအပ်သမျှစီစဉ်ပေးထားတယ်။ အကုန်လုံးကျွန်တော်ကတော့ကောင်းတယ်လို့ မြင်ပါတယ် ခင်ဗျာ" ဟု သင်တန်းသားတစ်ဦးက ပြောသည်။ **(၁၀၀)**



# နေပြည်တော်ကောင်စီနယ်မြေရှိ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁/၂၀၂၄)မှ သင်တန်းသားများအား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ သွားရောက်တွေ့ဆုံအားပေး

**နေပြည်တော် ဧပြီ ၈**

နေပြည်တော်ကောင်စီနယ်မြေတွင် ဖွင့်လှစ်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁/၂၀၂၄) မှ သင်တန်းသားများအား ယနေ့နံနက်ပိုင်းတွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ရုပ်ရှင်သရုပ်ဆောင်များက သွားရောက်တွေ့ဆုံအားပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မိမိအနေဖြင့် တပ်မတော်သားဘဝကို နှစ်ပေါင်းများစွာဖြတ်သန်း၍ ပေးအပ်သည့်တာဝန်များကို ထမ်းဆောင်ခဲ့ပြီး ယနေ့အချိန်ထိ တပ်မတော်နှင့် နိုင်ငံတော်အစိုးရက ပေးအပ်သည့်တာဝန်များကို ထမ်းဆောင်လျက်ရှိပါကြောင်း၊ နိုင်ငံသားတိုင်းသည် မိမိနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ပေးရမည့်တာဝန်မှာ မွေးရာပါတာဝန်တစ်ရပ်ဖြစ်သည်ဟု ခံယူကြရန်လိုအပ်ပါကြောင်း။

ပြည်သူ့စစ်မှုထမ်းတပ်ဖွဲ့ဝင်တစ်ဦးရရှိမည့် အကျိုးကျေးဇူးများအနေဖြင့် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီ ရာထူးအဆင့်အလိုက် လစာနှင့် အခြားခံစားခွင့်များရရှိမည့်အပြင် စစ်မှုထမ်းကာလ နှစ်နှစ်တာဝန်ထမ်းဆောင်ပြီးပါကလည်း နိုင်ငံတော်နှင့် ပြည်သူများက အားကိုးရပြီး ဂုဏ်သိက္ခာရှိသည့် နိုင်ငံသားများအဖြစ် ဆက်လက်ရပ်တည်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်ကောင်စီအနေဖြင့် မြို့နယ်ရှစ်မြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာအုပ်စုများ၌ နေထိုင်ကြသည့် နိုင်ငံသားများအနက် ပြည်သူ့စစ်မှုထမ်းရန် ကိုယ်တိုင်ဆန္ဒပြုသူများအား လိုအပ်သည့်အသုံးအဆောင်ပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ပေးအပ်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက သင်တန်းသားများအနေဖြင့် အမိန့်နာခံတတ်ရန်၊ မိမိနိုင်ငံနှင့် လူမျိုးအပေါ်၊ မိမိအဖွဲ့အစည်းအပေါ် သစ္စာရှိရန်လိုအပ်ကြောင်း၊ ထို့ပြင် ချမှတ်ထားသည့် ဥပဒေနှင့် စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျေးရွာများအတွက် MRTV DTH စလောင်းငါးစုံနှင့် MRTV DVB - T2 Set Top Box ၅၀ ပေးအပ်ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးကလည်းကောင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်အတွက် MRTV DTH စလောင်းငါးစုံနှင့် MRTV DVB - T2 Set Top Box ၅၀ ပေးအပ်ရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်ကလည်းကောင်း၊ သင်တန်းကျောင်းရှိ တပ်ခွဲ ၁၁ ခွဲအတွက် MRTV DTH စလောင်း ၁၁ စုံနှင့် MRTV DVB-T2 Set Top Box ၁၁ လုံး ပေးအပ်ရာ ခေတ္တကျောင်းအုပ်ကြီးကလည်းကောင်း လက်ခံရယူကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ပြည်သူ့စစ်မှုထမ်းတပ်ဖွဲ့ဝင်များအတွက် လိုအပ်သည့် အသုံးအဆောင်ပစ္စည်းများနှင့် ထောက်ပံ့ငွေများကိုပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ခေတ္တကျောင်းအုပ်ကြီးတို့က အမှတ်စဉ်(၁/၂၀၂၄)မှ သင်တန်းသားများအတွက် MRTV DTH စလောင်းနှစ်စုံနှင့် MRTV DVB-T2 Set Top Box ၃၀ တို့ကို ကံစမ်းမဲဖောက်၍ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့သည် သင်တန်းသားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြသည်။

**(သတင်းစဉ်)**

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

COMMERCE

# Myanmar exports 1.68 mln tons of rice from April to March 2024



The value of Myanmar's rice and broken rice exports exceeded US$-845 million from over 1.68 million tons in the financial year 2023-2024 (April-March), comprising 1.59 million tons by seaborne trade and over 89,000 tons at the border, statistics released by Myanmar Rice Federation (MRF) showed.

The export volumes were registered at 87,648 tons worth US$-36 million in April 2023, 110,706 tons worth US$-48 million in May, 62,725 tons worth US$-28 million in June, 58,334 tons worth US$-26 million in July, 59,971 tons worth US$-28 million in August, 84,773 tons worth US$-42 million in September, 119,526 tons worth US$-63 million in October, 175,990 tons worth US$-90 million in November, 195,829 tons worth US$-99 million in December, 213,605 tons worth US$-111 million in January 2024, 262,116 tons worth US$-139 million in February and 257,037 tons worth US$-133 million in March respectively.

Therefore, the rice export volume recorded the highest in February, followed by March and January. The figures showed a drop in June, July and August.

The federation aims to achieve 2.5 million tons of rice export in the FY 2023-2024, generating earnings of US$-1 billion. However, rice exports fell short of the target.

The Central Bank of Myanmar's monetary policy to control export earnings impeded rice exports, hurting exporters financially. The El Nino weather condition also hampered rice export, the chairperson of the Myanmar Rice Federation affirmed.

Myanmar exported 2,261,203 tons of rice and broken rice to foreign trade partners in the past 2022-2023 FY (April-March), with an estimated value of US$-853.472 million.

Myanmar bagged over US$-809.135 million from approximately 2.164 million tons of rice export in the 2021-2022 FY (April-March). **SK**

FIRE SERVICE

# Authorities roll out comprehensive fire prevention measures and awareness initiatives across Mandalay Region

"Fire prevention plans have been drawn up in the townships and the districts within Mandalay Region and awareness activities are being carried out since the open season has arrived," said U Zaw Win Tun, Director of the Office of the Head of Myanmar Fire Services Department for Mandalay Region.

This year, designing and inspecting practical plans for fire safety and fire damage reduct-ion in townships and districts within the region and they are making speedy activities for warnings, lobbies, demonstrations, continuous training and public awareness activities according to the respective townships, wards and villages.

Since the open season has already arrived, inspections are being carried out for fire prevention in cooperation with the public. Inspections and warnings educational activities are being carried out in state-owned factories, private factories, homes and businesses that are prone to fire such as filling stations and CNG gas stations by the respective auxiliary fire services departments, and governing bodies. **SMK**

TOURISM

# Yangon Region adds new tour destinations

New tourism destinations are added in Yangon Region as local and foreign travellers have been visiting destinations in the region throughout the year, and almost 100 percent of hotels, motels, and guesthouses are back in operation, according to U Nanda Aung, Director of the Directorate of Hotels and Tourism (Yangon Region).



Between January and February 2024, more than 40,000 international tourists entered Myanmar mainly through flights, with the majority of them coming from Thailand.

"In Yangon Region, a total of 28 destinations have been designated, including pagodas, parks, and museums that are open to both domestic and foreign tourists. For the upcoming travel season, we have arranged nine additional destinations for exploration," U Nanda Aung said.

There are a total of 491 hotels, motels, and guesthouses in Yangon Region, offering approximately 25,000 rooms, with 90 percent of them currently in operation.

Among the new destinations in Yangon Region, in addition to 28 original destinations open to domestic and foreign tourists, are Yangon University, Honourable Lim Chin Tsong's OBE (order of the British Empire) palace, Kyaik Pyatthadtanaw Kaungmmu Pagoda, and Pilakat Hindu Temple. **SK**

TOURISM

# Flocks of local and foreign travellers bound for Hsethel Village starting from the second week of March

U Maung Maung Lay, leader of the Irrawaddy dolphin protection team, said that local and foreign travellers pay visits to Hsethel Village where community-based tourism is being initiated, starting from the second week of March this year.

Hsethel Village is located in Singu Township. Those travellers interestingly observe production process of Myanmar's traditional businesses such as earthware and glazewares and visit eminent religious edifices.

"SBT is being implemented in Hsinkyun, Ayekyun, Myaysun and Seinpangon villages of Madaya Township and Myitkangyi and Hsethel villages in Singu Township of Mandalay Region and Ywathit, Tagaung and Sheinmakar villages in Wetlet Township of Sagaing Region," he explained.

Those local and foreign travellers bound for Singu Township amounted more than 100 per day in the first week of March, compared with more than 200 per day starting from the second week.

Some of travellers watch Irrawaddy dolphins in the Ayeyawady River and visit the villages of Madaya Township by boat.

**SMK**

TRADITIONAL PRODUCT

# Traditional Myanmar murta mat sells better in summer



With the arrival of summer, buyers of murta mats, Myanmar's traditional hand-woven mats from strips of murta, are on the rise, according to the mat dealers.

Murta mats are suitable for all seasons — summer, rainy season or cold season — and as they are also good for health, balancing the coldness in the midst of the ambient heat, sales of murta mats are rising in March when the temperature gets higher.

The most active sales are seen in types such as double sleeping bed-size mat , double sleeping mat, single sleeping mat and mat used in meditation, a mat seller said.

"Since the weather becomes very hot this month, cool and hygienic murta mats are selling better. Many people bought one or two pieces. Various types – double, bed-size and single – sell well. Foam mats are a bit hot. Murta mats are not like that. As they keep the sleepers cool, they usually sell more in hot weather," said one vender.

In the Yangon market, a single 3' x 6' sleeping mat costs over Ks-20,000 and a bed size goes up to over Ks-60,000 while the price can vary from shop to shop, he added.


A housewife in Pazundaung, Yangon, said she recently bought a bed-size murta mat for Ks- 65,000.

"With the hotter weather these days and the power cuts at night, we could no longer sleep, so we had to buy a murta mat. I even had to pay Ks-65,000 for one piece I bought from Pazundaung market. I saw other customers also buying murta mats in the shop," she said.

**SMK**

BUSINESS

# Labutta Township residents ship 84,000 visses of dried sea fish to Yangon in February



"A total of 84,000 visses of dried sea fish from Labutta Township, Ayeyawady Region was sold to the Yangon market in February," said Daw Tin Tin Nyo, owner of various dried fish wholesale center from Labutta Township.

Up to 52,000 visses of dried fish was sold in January in Labutta Township. From February 1 to 29, up to 84,000 dried sea fish were sold to Yangon market.

"Dried sea fish sets from the area are systematically produced and mainly shipped to the Yangon market. In October, we sold 84,000 visses of dried sea fish. The local Yangon market has been buying, so the sales have increased. The prices of dried fish are in a normal state. Currently, dried sea fish are bought and sold at the local market. This good business is an opportunity for those related to the fish and dried fish business," she said.

**SK**

TOURISM

# Kyaukkalat Beach attracts visitors

Kyaukkalat Beach, which is a beautiful beach with rocks that remain intact and green algae and located in Ngaputaw Township, Ayeyawady Region has begun popular among visitors.

And there are people who have prepared to visit the beach during Thingyan, according to some travel companies and people who prepare for this trip.

Including stalagmites and mushroom rocks, the beach has beautiful and natural sceneries for photo shooting. The beach has become popular in this year's tour season and there are visitors who travel there by hired car and some visit by connecting with travel companies.

"The beach is very beautiful with rocks which remain intact and there are green algae when the sea level falls. It is a good place for photo shooting particularly. The beach has become popular these years so the number of visitors has become increased. There are visitors who have prepared to take trip there in Thingyan," said an official from a travel company.

Ma Thet Htar who has prepared to visit the beach during Thingyan told ,"I've a plan to visit beaches in Ayeyawady Region a few days earlier before Thingyan. I've made preparation for a vacation to Myat Mawtinsun, Ngwetaung and Kyaukkalat beaches in Ayeyawady Region from Yangon".

**SK**

AGRICULTURE

# More than 25,000 acres of chickpea cultivated in ChaungU Township

According to the statistics of the ChaungU Township Agriculture Department, a total of 25,438 acres of croplands were placed under chickpea in ChaungU Township of Sagaing Region.

So far, local farmers harvested 25,328 acres of chickpea in ChaungU Township, from February this year, yielding 20.62 baskets per acre.

"Local farmers planted 28,638 acres of chickpea in ChaungU Township this winter. Of them, 25,438 acres of crops have been harvested. Our department helps local farmers use quality strains of crops, inputs and postharvest technology," said Daw Khin Myat Myat Oo, Head of ChaungU Township Agriculture Department.

In 2023-2024 FY, the township slated to grow 27,280 acres of winter chickpea, but local farmers planted 28,638 acres of pea exceeding the target of 1,358 acres.

In the previous financial year, local farmers cultivated 28,314 acres of chickpea in 2022 against the target of 30,484 acres.

Staff of Township Agriculture Department urged local farmers to use Trichogama in cultivation of pulses and beans.

They cost more than Ks-300,000 per acre of pea in cultivation. They choose Yezin-8 and Yezin-10 strains of chickpea.

Moreover, Sagaing Region slated to grow more than 1.2 million acres of pulses and beans this winter.

**SMK**

SOUTH KOREA

# S. Korea launches 2nd indigenous spy satellite into orbit - reports


S. Korea launches 2nd indigenous spy satellite into orbit.

South Korea has successfully launched its second domestically-produced reconnaissance satellite on board SpaceX's Falcon 9 rocket from Kennedy Space Center in the US state of Florida, media reported on Monday, citing the South Korean Defence Ministry.

The rocket lifted off at 8:17 a.m. Seoul time (23:17 Sunday GMT) and sent the intelligence satellite into orbit approximately 45 minutes after the launch, South Korean news agency reported.

The satellite established contact with an unspecified foreign ground station at 10:57 a.m., the report said.

This is Seoul's second military satellite launch under South Korea's plan to put five reconnaissance satellites into orbit by 2025 to monitor North Korea's activities, the report also said. The move comes as North Korea is allegedly boosting efforts to develop space reconnaissance capabilities, which could potentially enhance its "precision strike capability" against major targets in South Korea and the United States, the report added.

On November 21, 2023, Pyongyang successfully carried out the launch of its Malligyong-1 reconnaissance satellite into orbit aboard the Chollima-1 carrier rocket after two failed launch attempts in May and August. Following the launch, South Korea partially suspended the 2018 inter-Korean military agreement aimed at reducing tensions on the Korean Peninsula.

In response, Pyongyang announced its decision to restore all military measures suspended under the 2018 inter-Korean military accord.

**Sputnik**

LEBANON

# Hezbollah field commander, 3 fighters killed in Israeli strikes in S. Lebanon

Israeli airstrikes on southern Lebanon early Monday killed a field commander and three other members of the Lebanese Shiite group Hezbollah, Lebanese military sources told Xinhua.

One of the air strikes destroyed a house in the southern Village of Sultaniyeh and damaged nearby houses, killing the Hezbollah commander Ali Ahmed Hussein Jaafar and two other members while injuring four civilians, said the sources on condition of anonymity.

The sources added that another airstrike targeted the southeast village of Kafr Kila, killing a Hezbollah fighter, destroying five houses, and damaging over 18 others.

According to the sources, Israel carried out three air strikes Monday morning on three border towns and villages in the eastern and central sectors. It also fired 45 shells at ten towns and villages in the eastern, central, and western sectors of the border region in southern Lebanon.

Meanwhile, Hezbollah said its fighters attacked several Israeli sites near the Lebanon-Israel border.

Chief of the United Nations Interim Force in Lebanon (UNIFIL) Aroldo Lazaro Saenz and UN Special Coordinator for Lebanon Joanna Wronecka issued a joint statement calling Lebanon and Israel to recommit to the cessation of hostilities under the framework of resolution 1701 to avoid further escalation, saying "there is still space for diplomacy."

Tensions along the Lebanon-Israel border escalated on October 8, 2023, following a barrage of rockets launched by the Lebanese armed group Hezbollah toward Israel in solidarity with Hamas' attack on Israel the day before. Israel then retaliated by firing heavy artillery toward southeastern Lebanon.

The confrontations between Hezbollah and Israel have killed 417 people on the Lebanese side, including 265 Hezbollah members and 74 civilians, according to Lebanese security sources.

**Xinhua**

RUSSIA

# Over 6,000 evacuated from flooded homes in Russia's Orenburg region - officials


Over 6,000 evacuated from flooded homes in Russia's Orenburg region.

A total of 6,127 people, including 1,478 children, were evacuated from flooded households in a flood-hit area of Russia's Orenburg Region local authorities said on Sunday, adding that more than 1,000 people had been placed in temporary accommodation centers.

"A total of 6,127 people, including 1,478 children, were evacuated from flooded households and homestead plots, of whom more than 1,000 people were placed in temporary accommodation centers," the government of the Orenburg oblast said in a post on Telegram.

As many as 10,168 residential houses were flooded, the authorities added.

**Sputnik**

JAPAN

# 212 hospitalized over intake of Japan Kobayashi Pharma's red yeast rice supplement

The number of people hospitalized in Japan due to health damage related to Kobayashi Pharmaceutical's dietary supplement containing red yeast rice, or benikoji, had risen to 212, local media reported on Monday.

The figure was updated as of Sunday, with those who have since been discharged included, national news agency Kyodo reported citing the Ministry of Health, Labor and Welfare.

The ministry, based on the report from Kobayashi Pharmaceutical, the manufacturer of the beni-koji ingredient, a total of 1,224 have sought medical attention as of Sunday, and about 53,000 inquiries have been directed to the company.

During interviews at Kobayashi Pharmaceutical's headquarters in Osaka on Saturday, discussions were held regarding the two-month gap the drugmaker took from identifying health damages to making them public, the Health Ministry added.

In an earlier interview with Xinhua, Hidetoshi Tashiro, chief economist at Japan's Sigma Capital Ltd., said that Kobayashi Pharmaceutical's food safety crisis also revealed organizational problems within the company.

The drugmaker, as a typical Japanese family-owned enterprise, might prioritize family interests over customer interests in decision-making, said Tashiro, adding that its failure to conduct immediate measures or report to authorities about health damage reports has exacerbated the crisis.

The Kyodo report noted that although the Food Sanitation Act requires businesses to make efforts to inform local authorities when health issues are identified, it is possible that the company was unaware of the situation.

The company's red yeast rice dietary supplement named Beni-koji Choleste Help has been associated with five deaths from kidney diseases.

The product, rolled out in February 2021, is a type of granules advertised with the effect of lowering LDL cholesterol levels, and were sold around 1 million packages by the end of February this year.

An unintended component called "puberulic acid," derived from blue mold, has been detected in the company's product manufactured at Kobayashi Pharmaceutical's Osaka factory, which shut down in December 2023, according to the Health Ministry and the company.

The substance is a potent antibacterial and antimalarial agent that can be toxic, but the extent to which its ingestion may pose health risks or cause kidney damage remains unclear, according to the ministry. **Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# The Japanese Diet is the new nutrition plan that could beat dementia, according to new research

- **Eating more fish and less red meat might help you stave off dementia**
- **Researchers found a Japanese diet protected women from signs of brain aging**



Researchers found a Japanese diet protected women from signs of brain aging.

Move over Mediterranean diet! A meal plan from a different region of the world is garnering a lot of buzz for its health benefits.

The Japanese diet - rich in fish, tea and soybeans - can protect the brain from shrinking and therefore may reduce the risk of dementia, according to a new study.

Researchers from Japan's National Center for Geriatrics and Gerontology performed brain scans on two groups of Japanese people eating different diets.

One group ate a traditional Japanese diet while the other ate a Western diet, full of high fat foods like red meat, alcohol and pasta.

Scans were performed twice over the course of two years, with the goal of determining how much brain tissue each group lost over time.

They found that women in the Japanese diet group had, on average, lower levels of brain atrophy, or shrinkage, that is characteristic of dementia than the women who ate a Westernized diet.

This finding comes after an increased focus on Japan's lifestyle, since it was revealed to contain one of the world's five 'blue zones'- regions with lower rates of chronic disease and higher life expectancies than the rest of the world.

Only 6.7 percent of people over 65 that live within the Okinawa prefecture of Japan develop dementia according to Dan Buettner, author of 'The Blue Zones Solution'.

That's close to half of the rate in the United states, which is around 11.3 percent.

What sets blue zones apart from the rest of the world is the lifestyles that the people within them lead- which includes their diet. Other regions that were highlighted were in Greece, Costa Rica and Italy.

'Following a traditional Japanese diet may also be beneficial for brain health – and better for it than the typical western diet is,' study authors Shu Zhang, a nutritional epidemiology researcher for Japan's National Center for Geriatrics and Gerontology and Giovanni Sala, a psychology lecturer at the University of Liverpool wrote for the Conversation. It was posted in the Nutrition Journal in March.

As a whole, Japan actually has a higher rate of dementia than the United States, despite the Okinawan bright spot.

For instance, as of the last official measure in 2014, the national rate of dementia in people over 65 was 15 percent in Japan, and 11 percent in the US.

This could have to do with the fact that Japan has the largest proportion of elderly people in the world- they represent about 29.1 percent of the country's total population. In the US, elderly people comprise roughly 17.3 percent of the population.

The study authors defined a traditional Japanese diet as being based in fish, shellfish, rice, soybeans, green tea, citrus, pickles, mushrooms and seaweed. The western diet, by comparison, contained refined carbs like noodles, high fat-foods, soft drinks and alcohol.

Generally, the Japanese diet is thought to be protective because its high in vitamins, polyphenols, phytochemicals and good fatty acids, all of which can help the body fight against inflammation.

Staving off long term inflammation can help lubricate the brain, and keep its neurons working in the long run, the study authors wrote.

In order to investigate those affects against other diets, the study examined at 1636 Japanese adults between age 40 to 89. The authors gave them a disposable camera to take pictures of their meals and asked them to keep a food diary documenting everything the ate and drank.

They also took down a genetic history, and noted other lifestyle factors, like smoking habits, physical activity and existing health conditions. This way, they could adjust the data to make sure whatever differences they observed at the end of the study were caused by diet changes, not other factors.

Over the two year period, 589 participants followed a traditional Japanese diet, 697 participants ate a traditional western diet and 350 people ate a mainly plant based diet.

The final, and most crucial, aspect to their study was taking regular brain scans, called MRI's, of the participants. They were monitoring each participants brain tissue loss, known clinically as age-associated brain atrophy, because it's a marker of dementia, the authors wrote.

At the conclusion, the authors discovered that the women who followed a Japanese diet had significantly les brain shrinkage than the women who followed a western diet. There was no difference between the two group for men.

'Interestingly, this effect was only apparent in women,' Zhu wrote.

The authors provide two potential explanations for this effect. One, that the Japanese diet is full of magnesium and phytoestrogens, which have more of a protective effect on women than men.

Phytoestrogens are compounds similar to the female sex hormone estrogen, found primarily in plants, and sometimes called plant estrogens.

Previous research from the Institute for Aging and Alzheimer's Disease Research supports this idea, saying that increasing intake of plant estrogens could help women fight of the cumulative effects of stress in the body.

Two, the authors found that men were more likely to stray from the traditional Japanese diet than women. So they consumed more Western foods, like noodles and sake, which could mean that they would've seen less protective effects from the Japanese diet.

Regardless, there are particular parts of the Japanese diet that they recommend incorporating, that are seen in other Blue Zone diets. These include upping your veggie and fish intake and cutting back on red meat, the authors wrote.


'Embracing elements of the traditional Japanese diet and including foods such as fish, seafood, soy, miso, seaweed and shiitake mushrooms, may not only help improve cognitive function but overall health too,' they said.

**Mail Online**

မနီလာ၊ ရာသီဥတု

## ဖိလစ်ပိုင်၌ အပူချိန် ၅၁ ဒီဂရီစင်တီဂရိတ်အထိရှိလာနိုင်သည့်အတွက် အလွန်အန္တရာယ်ရှိမှုသတိပေးချက်ထုတ်ပြန်

ဖိလစ်ပိုင်နိုင်ငံတစ်ဝန်းရှိ အနည်းဆုံး ဒေသကိုးခု၌ အပူချိန် ၅၁ ဒီဂရီစင်တီဂရိတ် အထိရှိလာနိုင်သည့်အတွက် မိုးလေဝသ ဌာနက အလွန်အန္တရာယ်ရှိမှုသတိပေးချက်ကို ဧပြီလ ၈ ရက်တွင် ထုတ်ပြန်လိုက်ကြောင်း သိရသည်။



အဆိုပါဒေသကိုးခုတွင်အပူချိန်သည် ၄၂ ဒီဂရီစင်တီဂရိတ်မှ ၅၁ ဒီဂရီစင်တီဂရိတ် အထိရှိနိုင်သောကြောင့် ထိုဒေသများကို အလွန်အန္တရာယ်ရှိသည့် ဒေသများအဖြစ် သတ်မှတ်ကြောင်း မိုးလေဝသဌာန၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထို့ပြင် နိုင်ငံ၏ကျန်ရှိသောဒေသများတွင် အပူချိန်မှာ ၃၃ ဒီဂရီစင်တီဂရိတ်မှ ၄၁ ဒီဂရီစင်တီဂရိတ်အထိရှိနိုင်သောကြောင့် အလွန်သတိထားရမည့် အခြေအနေဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

နေရာတစ်ခု၏အပူချိန်ကို ဖော်ညွှန်းရာတွင် ထိုဒေသ၌မည်မျှအပူချိန်အထိခံစားရနိုင်သည်ကို တိုင်းတာခြင်းဖြစ်ပြီး ထိုသို့တိုင်းတာမှုတွင် လေထုစိုထိုင်းဆကိုလည်း ထည့်သွင်းတွက်ချက်ရသည်။

အလွန်အန္တရာယ်ရှိသောဒေသအဖြစ် သတ်မှတ်ခံရသောနေရာများတွင် နေထိုင်သူများအနေဖြင့် အပူကြောင့်ဖြစ်သည့် ဝေဒနာများခံစားရနိုင်သည်။ အထူးသဖြင့် အပူလျှပ်ခြင်းဖြစ်သည်။

ထိုသို့သောအခြေအနေများတွင် မလိုလားအပ်သော နောက်ဆက်တွဲဆိုးကျိုးများ မဖြစ်ပေါ်စေရေးအတွက် ပြည်သူများအနေဖြင့် မလိုအပ်ဘဲနေအိမ်ပြင်ပသို့သွားလာမှုကိုရှောင်ကြဉ်ရန်နှင့် ရေကိုများများသောက်ပေးရန်လိုအပ်ကြောင်း မိုးလေဝသဌာနက သတိပေးထားသည်။

အလားတူ ကလေးငယ်များအနေဖြင့် အပူကြောင့် ဘေးဒုက္ခမဖြစ်စေရန်ရည်ရွယ်၍ အစိုးရတာဝန်ရှိသူများက စာသင်ကျောင်းများကို အွန်လိုင်းစနစ်ဖြင့် သင်ကြားရန် ညွှန်ကြားထားကြောင်း သိရသည်။

*Ref: Xinhua*

လန်ဒန်၊ ရေနံဈေးနှုန်း

## အစ္စရေးက ဂါဇာမှစစ်သည်များကို ပြန်ရုပ်မှုကြောင့် ကမ္ဘာ့ရေနံဈေးအနည်းငယ်ကျဆင်း

အစ္စရေးက ဂါဇာ၌တပ်မတစ်မသာချန်ပြီး ကျန်စစ်သည်များကို ပြန်လည်ရုပ်သိမ်းမှုကြောင့် ကမ္ဘာ့ရေနံဈေးနှုန်းအနည်းငယ် ကျဆင်းလာကြောင်း သိရသည်။

အဆိုပါသတင်းကြောင့် ယခုသီတင်းပတ်အစအတွက် ရေနံဈေးနှုန်းအဖွင့်သည် တစ်စည်လျှင် ၁ ဒေါ်လာခန့်ကျဆင်းကာ ဘရန့်ရေနံစိမ်းက ဒေါ်လာ ၉၀ အောက်နှင့် WTI ရေနံစိမ်းက ၈၆ ဒေါ်လာအောက်ဖြင့် စတင်ခဲ့ခြင်းဖြစ်သည်။

သို့သော် အစ္စရေးက အီရန်ကောင်စစ်ဝန်ရုံးကိုတိုက်ခိုက်မှုနှင့် အီရန်ကလုပ်ဆောင်လာနိုင်သော လက်တုံ့ပြန်နိုင်မှုတို့သည် အချိန်မရွေးရေနံဈေးနှုန်းမြင့်တက်သွားစေနိုင်သည့် အကြောင်းရင်းတစ်ရပ်အဖြစ် ကျန်ရှိနေမြဲဖြစ်သည်။

ထို့ပြင် ပထဝီနိုင်ငံရေးပြောင်းလဲမှုအခြေအနေများကလည်း ဈေးကွက်အတွင်းသို့ ရေနံဝင်ရောက်မှုကို လျော့ကျစေသည့် အကြောင်းရင်းတစ်ခုဖြစ်သည်ဟု လေ့လာသူများကပြောသည်။

"အခုလိုမျိုး အစ္စရေးက ဂါဇာက တပ်တွေကိုပြန်ရုပ်တယ်ဆိုတာ နိုင်ငံတကာရဲ့ ဖိအားတွေကြောင့်ဖြစ်သလို တင်းမာမှုလျော့ကျလာခြင်းကြောင့်လည်း ဖြစ်နိုင်ပါတယ်" ဟု လေ့လာသူတစ်ဦးဖြစ်သည့် တိုနီဆိုင်ကာမိုးက ပြောထားသည်။

*Ref: OP*




ဆိုး၊ ဂြိုဟ်တုလွှတ်တင်မှု

## တောင်ကိုရီးယားက ဒုတိယမြောက်ပြည်တွင်းဖြစ်ထောက်လှမ်းရေးဂြိုဟ်တုကို လွှတ်တင်



တောင်ကိုရီးယားက ဒုတိယမြောက် ပြည်တွင်းဖြစ် ထောက်လှမ်းရေးဂြိုဟ်တုကို အောင်မြင်စွာလွှတ်တင်လိုက်ကြောင်း ဒေသတွင်းသတင်းဌာနများက ဧပြီလ ၈ ရက်တွင် ဖော်ပြထားသည်။

တောင်ကိုရီးယားနိုင်ငံထုတ် ထောက်လှမ်းရေးဂြိုဟ်တုကို Falcon 9 ဒုံးပျံက ကနေဒီအာကာသစင်တာမှနေ၍ သယ်ဆောင်သွားခြင်းဖြစ်သည်။

တောင်ကိုရီးယားစံတော်ချိန် နံနက် ၈ နာရီ ၁၇ မိနစ်တွင် ထွက်ခွာသွားသော အဆိုပါဒုံးပျံသည် ၄၅ မိနစ်ခန့်အကြာတွင် ထောက်လှမ်းရေးဂြိုဟ်တုကို အာကာသအတွင်းသို့ အောင်မြင်စွာနေရာချထားလိုက်နိုင်သည်ဟု သတင်းဌာန၏ဖော်ပြချက်တွင် တွေ့ရသည်။

ထို့နောက် အဆိုပါထောက်လှမ်းရေးဂြိုဟ်တုသည် မြေပြင်ရှိ ပင်မအာကာသထိန်းချုပ်ရေးစခန်းနှင့် နံနက် ၁၀ နာရီ ၅၇ မိနစ်တွင် အဆက်အသွယ်ရရှိကြောင်း သတင်းဌာနက ဆက်လက်ဖော်ပြထားသည်။

တောင်ကိုရီးယားနိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံ၏လှုပ်ရှားမှုများကို စောင့်ကြည့်နိုင်ရေးအတွက် ၂၀၂၅ ခုနှစ်အရောက်တွင် ပြည်တွင်းဖြစ်ထောက်လှမ်းရေးဂြိုဟ်တု ငါးလုံးအထိလွှတ်တင်သွားနိုင်ရန် ရည်မှန်းထားသည်။

မြောက်ကိုရီးယားနိုင်ငံက ၎င်းတို့၏ ပြည်တွင်းဖြစ်ထောက်လှမ်းရေးဂြိုဟ်တုကို လွှတ်တင်ကာ စစ်ရေးစွမ်းရည်ကိုမြှင့်တင်လိုက်နိုင်ပြီဖြစ်ကြောင်း ထုတ်ပြန်ပြီးနောက် တောင်ကိုရီးယားနိုင်ငံက ယခုကဲ့သို့ လုပ်ဆောင်လာခြင်းဖြစ်သည်။

*Ref: Sputnik*

ပေကျင်း၊ နိုင်ငံရေး

## အာရှ-ပစိဖိတ်ဒေသငြိမ်းချမ်းရေး ပျက်ယွင်းမှုဖြစ်အောင်မလုပ်ရန် တရုတ်ကအမေရိကန်ကိုသတိပေး

အမေရိကန်က အာရှ-ပစိဖိတ်ဒေသ၌ ဒုံးပစ်လောင်ချာများဖြန့်ကြက်ချထားမည့် အမေရိကန်၏အစီအစဉ်ကို ကန့်ကွက်ကြောင်းနှင့် ဒေသတွင်းငြိမ်းချမ်းရေးပျက်ယွင်းမှု ဖြစ်အောင်မလုပ်ရန် သတိပေးကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။

အမေရိကန်အနေဖြင့် တာလတ်ပစ်ဒုံးကျည်များကို အာရှ-ပစိဖိတ်ဒေသ၌ သိပ်မဝေးတော့သောကာလတွင် ဖြန့်ကြက်ချထားရန် စီစဉ်ထားကြောင်း အမေရိကန်၏ ပစိဖိတ်ဒေသတပ်မှူးကြီးတစ်ဦးက ပြောသည်။

အလားတူ အမေရိကန်နိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့်ရုရှားနိုင်ငံတို့ကြား ဆက်ဆံရေးတည်ဆောက်မှုကို မတရားသဖြင့် ဝေဖန်ရှုတ်ချခြင်းမပြုလည်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အထူးသဖြင့် အမေရိကန်က တရုတ်ကုမ္ပဏီများအနေဖြင့် ရုရှားအစိုးရအပေါ် ကူညီပေးမှုများကို ထောက်ပြပြောဆိုခြင်း ဖြစ်သည်။

သို့သော် တရုတ်နိုင်ငံသည် နည်းလမ်းနှစ်မျိုးဖြင့်အသုံးပြုနိုင်သည့် ကုန်ပစ္စည်းများကို ဥပဒေများနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနကပြောထားသည်ဟု သိရသည်။

*Ref: Sputnik*

ဟယ်ဆင်ကီ၊ နိုင်ငံရေး

## ယူကရိန်းအရေး ငြိမ်းချမ်းရေးရမည့်လမ်းမမြင်ဟု ဖင်လန်ပြော

ယူကရိန်းအရေးနှင့်ပတ်သက်၍ ရုရှားနှင့် လက်ခံနိုင်ဖွယ်ရှိသော ငြိမ်းချမ်းရေးဆွေးနွေးမှုက ဖြစ်လာနိုင်ဖွယ်မရှိသောကြောင့် ငြိမ်းချမ်းရေးရမည့်လမ်းမမြင်ကြောင်း ဖင်လန်သမ္မတ အလက်ဇန်းဒါးစတက်ကပြောသည်။

ထို့ပြင် ဖင်လန်သမ္မတသည် အနောက်အုပ်စုအနေဖြင့် ယူကရိန်းကိုထောက်ပံ့မှုများ ဆက်လက်ပေးအပ်သင့်ကြောင်း အမေရိကန်ကွန်ဂရက်ကို တိုက်တွန်းထားသည်။

ယူကရိန်းသို့ပေးမည့် ဒေါ်လာဘီလီယံ ၆၀ ကိုမပေးဘဲ ထိန်းချုပ်ထားခြင်းသည် ယူကရိန်းပြည်သူများ၏အသက်နှင့် ကစားနေခြင်းဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။

ဖင်လန်နိုင်ငံသည် စစ်အေးခေတ်ကာလတွင် အမေရိကန်နှင့်ဆိုဗီယက်ပြည်ထောင်စုတို့ကြား၌ ငြိမ်းချမ်းရေးစေ့စပ်ဆွေးနွေးသူအဖြစ်ပါဝင်ဆောင်ရွက်ခဲ့သော်လည်း ယခုအခါ ၎င်း၏ကြားနေနိုင်ငံမူဝါဒကို စွန့်လွှတ်ကာ NATO တပ်ဖွဲ့သို့ဝင်ရောက်သွားပြီဖြစ်သည်။

ရုရှားနှင့်ယူကရိန်းနိုင်ငံတို့သည် ၂၀၂၂ ခုနှစ်တွင် ငြိမ်းချမ်းရေး ရလုနီးပါးဖြစ်သည်အထိ ဆွေးနွေးမှုများကိုလုပ်ဆောင်နိုင်ခဲ့သော်လည်း ထိုအချိန်က ဗြိတိန်ဝန်ကြီးချုပ်ဖြစ်သည့် ဘောရစ်ဂျွန်ဆင်က ယူကရိန်းအနေဖြင့် ဆက်လက်တိုက်ပွဲဝင်ရန် တိုက်တွန်းလိုက်သည့်အတွက် ငြိမ်းချမ်းရေးကိစ္စပျက်ပြားသွားရခြင်းဖြစ်ကြောင်း သိရသည်။

*Ref: RT*

မြစ်ကြီးနား ဧပြီ ၈

# မြစ်ကြီးနားနှင့်ဝိုင်းမော်မြို့တို့မှ ယာယီနေရပ်စွန့်ခွာသူများအား ပြည်နယ်ဝန်ကြီးချုပ် သွားရောက်အားပေးထောက်ပံ့

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်တို့မှ ကျေးရွာများကိုစွန့်ခွာ၍ မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် အတွင်းရှိ ဆွတ်ဝိုင်တောင်စခန်းသို့ ယာယီတိမ်းရှောင်လာခဲ့ကြသော အိမ်ထောင်စုများအား ယနေ့ညနေပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် သွားရောက်တွေ့ဆုံအားပေးစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မြစ်ကြီးနားမြို့နယ် အကြိကျေးရွာအုပ်စုနှင့် ဝိုင်းမော်မြို့နယ် ဒဘတ်ယန်ကျေးရွာ၊ ဂါးရာယန်ကျေးရွာများမှ ယာယီနေရပ်စွန့်ခွာသူ အိမ်ထောင်စု ၁၀ စု၊ လူဦးရေ ၅၃ ဦးတို့အတွက် ထောက်ပံ့ငွေကျပ်သိန်း ၅၀ နှင့် ငွေကျပ် ၅၂၂၅၀၀ တန်ဖိုးရှိ ဆန်အိတ်များ၊ ခေါက်ဆွဲခြောက်ဖာ ၁၀ ဖာ၊ ကြက်ဥ ၁၀ ကတ်နှင့် ဆီ ၁၀ ပိဿာတို့ကို အသီးသီးထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နှစ်ခြင်းခရစ်ယာန်သိက္ခာတော်ရဆရာ၏ ကောင်းချီးတောင်းခံပေးမှုကိုခံယူခဲ့ကြပြီး စခန်းအတွင်း အိမ်ထောင်စုများ နေထိုင်မှုအဆင်ပြေစေရေး အိမ်ခန်းဆောင်များပြုပြင်ပေးနိုင်ရေး၊ ရေတွင်းပြန်လည်ဆယ်ယူပေးနိုင်ရေးတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကချင်ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ၏ (၁/၂၀၂၄) လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အဆိုပါအစည်းအဝေးတွင် ပြည်နယ်ကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း လယ်ယာမြေ သို့မဟုတ် အခြားမြေယာပြဿနာများ၊ အငြင်းပွားမှုများ၊ သိမ်းဆည်းခံရမှုများကို ကော်မတီအဖွဲ့ဝင်များအနေဖြင့် ပြည်သူများ၏ဆုံးရှုံးနစ်နာမှုများ၊ အခက်အခဲများအပေါ် အလေးအနက်ထား၍ အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်ပေးကြရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ဗဟိုကော်မတီသို့တင်ပြရမည့် အမှုတွဲများ၊ ပြည်နယ်စိစစ်ရေးကော်မတီက စိစစ်ဆုံးဖြတ်ဆောင်ရွက်ရမည့် အမှုတွဲများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က အမှုတွဲတစ်ခုချင်းအလိုက် ကော်မတီအဖွဲ့ဝင် များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## အသိပေးနှိုးဆော်ချက်

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် တန်ခူးလဆုတ် ၅ ရက်နေ့မှ ၈ ရက်နေ့အထိ (၂၀၂၄ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့တော်ခန်းမရှေ့ရှိ ရန်ကုန်မြို့တော်မဟာသင်္ကြန်မဏ္ဍပ်၌ ရေကစားခြင်း၊ သင်္ကြန်ယိမ်းအကအလှဖျော်ဖြေခြင်းများဖြင့် ကျင်းပသွားမည်ဖြစ်၍ မဟာဗန္ဓုလလမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိလည်းကောင်း၊ ဆူးလေဘုရားလမ်းအား အနော်ရထာလမ်းမှ ကုန်သည်လမ်းအထိလည်းကောင်း နံနက် ၀၇၀၀ အချိန်မှ ည ၁၈၀၀ အချိန်အထိ ခေတ္တလမ်းပိတ်ထားမည်ဖြစ်ရာ မော်တော်ယာဉ်မောင်းနှင်သူများအနေဖြင့် လမ်းလွှဲများမှ သွားလာမောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

နေပြည်တော် ဧပြီ ၈

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၇ ပေခန့် ရှိနိုင်သည်။ **(မိုး/ဇလ)**

နေပြည်တော် ဧပြီ ၈

## မိုးထစ်ချုန်းရွာနိုင်

စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ **(မိုး/ဇလ)**

## "မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် တန်ခူးလဆုတ် (၅)ရက်နေ့မှ (၈)ရက်နေ့အထိ (၂၀၂၄ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ယာဉ်မောင်းသူများမှ သတိပြုရန်အချက်များ"

(၁) မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မောင်းနှင်သူများလိုက်နာရန်-

(က) မူးယစ်သောက်စားယာဉ်မမောင်းရ။

(ခ) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။

(ဂ) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက်ဖြုတ်မမောင်းရ။

(ဃ) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။

(င) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်းလုံးဝမပြုရ။

(စ) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများ ဖြုတ်၍မောင်းနှင်ခြင်းမပြုရ။

(ဆ) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗွီးတက်)မပါဘဲ မမောင်းရ။

(ဇ) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများ၊ မှတ်ပုံမတင်ရသေးသောယာဉ်များနှင့် ပြုပြင်ဆဲယာဉ်များမမောင်းရ။

(ဈ) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။

(ည) ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်/ဘေးတွဲဆိုင်ကယ်များမှ စီးနင်းခြင်းလုံးဝမပြုရ။

(ဋ) ပစ်ကပ်ယာဉ်များ(လိုက်ထရပ်/မီနီပစ်ကပ်)သည် သတ်မှတ်ထားသည့်ဝန်အလေးချိန်(လူဦးရေ)ထက် ပိုမိုတင်ဆောင်မောင်းနှင်ခြင်းမပြုရ။

(၂) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

(၃) ယာဉ်မောင်းနှင်သူများအား အရက်သေစာသောက်စားထားခြင်း ရှိ/မရှိ အရက်မူးတိုင်းကရိယာ (Alcohol Tester) ဖြင့် တိုင်းတာစစ်ဆေး၍ ချိုးဖောက်ပါက ထိရောက်စွာအရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

(၄) သင်္ကြန်ကာလအတွင်း လမ်းလယ်၌ မော်တော်ယာဉ်စက်ပျက်၍ ရပ်ထားပါက ကရိန်းယာဉ်ဖြင့် ဆွဲယူမည်ဖြစ်ပါသည်။

(၅) ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွ မီးပွိုင့်များတွင် CCTV Camera များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်းလမ်းစည်းကမ်းချိုးဖောက်မှုများအား အဆိုပါကင်မရာများဖြင့် ရိုက်ကူးပြီး ထိရောက်စွာအရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

(၆) "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှုမဖြစ်ပါစေနှင့်"

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## ရန်ကုန်မြို့နှင့်မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၄-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၉၅ | ၂၈၄၅ | ၂၈၄၀ | ၂၈၀၅ | ၂၈၄၅ | ၂၈၇၀ | ၂၈၅၅ | ၂၈၃၀ | ၂၉၃၀ | ၂၉၄၅ | ၂၈၃၅ | ၂၈၄၅ | ၂၈၈၀ | ၂၈၈၅ | ၂၈၈၅ | ၃၁၁၅ | ၃၃၀၀ |
| 95 Ron | ၂၉၀၅ | ၂၉၅၅ | ၂၉၅၅ | ၂၉၁၅ | ၂၉၅၅ | ၂၉၇၅ | ၂၉၆၀ | ၂၉၄၀ | ၃၀၄၀ | ၃၀၅၅ | ၂၉၄၅ | ၂၉၆၅ | ၂၉၉၀ | ၂၉၉၀ | ၂၉၉၅ | ၃၂၂၅ | ၃၄၁၀ |
| HSD (500 ppm) | ၂၄၀၀ | ၂၄၅၀ | ၂၄၄၅ | ၂၄၁၀ | ၂၄၅၀ | ၂၄၇၀ | ၂၄၇၀ | ၂၄၃၅ | ၂၅၅၅ | ၂၅၅၀ | ၂၄၄၀ | ၂၄၅၀ | ၂၄၈၅ | ၂၄၉၀ | ၂၄၉၀ | ၂၇၂၀ | ၃၇၂၅ |
| HSD (50 ppm) | ၂၄၄၅ | ၂၄၉၅ | ၂၄၉၅ | ၂၄၅၅ | ၂၄၉၅ | ၂၅၂၀ | ၂၅၁၅ | ၂၄၈၀ | ၂၆၀၀ | ၂၅၉၅ | ၂၄၈၅ | ၂၅၀၀ | ၂၅၃၀ | ၂၅၃၅ | ၂၅၃၅ | ၂၇၆၅ | ၃၇၈၅ |
| HSD (10 ppm) | ၂၄၄၅ | ၂၄၉၅ | ၂၄၉၅ | ၂၄၅၅ | ၂၄၉၅ | ၂၅၂၀ | ၂၅၁၅ | ၂၄၈၀ | ၂၆၀၀ | ၂၅၉၅ | ၂၄၈၅ | ၂၅၀၀ | ၂၅၃၀ | ၂၅၃၅ | ၂၅၃၅ | ၂၇၆၅ | ၃၇၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၇၀ | ၂၇၅၇ |
| 95 Ron | ၂၇၇၆ | ၂၈၆၅ |
| HSD (500 ppm) | ၂၂၈၆ | ၂၃၆၂ |
| HSD (50 ppm) | ၂၃၃၁ | ၂၄၀၇ |
| HSD (10 ppm) | ၂၃၃၁ | ၂၄၀၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇ - ၄၁၁၃၇၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇ - ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

လန်ဒန်၊ ဘောလုံး

# လီဗာပူးအသင်းက စပို့တင်းလစ္စဘွန်းအသင်းနည်းပြအမိုရင်ကို နည်းပြသစ်ခန့်အပ်နိုင်ရေး အကြိုသဘောတူညီမှုရရှိရန် ကြိုးပမ်းနေ



လီဗာပူးအသင်းက ယခုဘောလုံးရာသီမကုန်မီ စပို့တင်းလစ္စဘွန်းအသင်းနည်းပြ အမိုရင်ကို နည်းပြသစ်အဖြစ်ခန့်အပ်နိုင်ရေး အကြိုသဘောတူညီမှု ရရှိရန် ကြိုးပမ်းနေကြောင်း သိရသည်။

လီဗာပူးအသင်းနည်းပြ ကလော့သည် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးရန် တစ်နှစ်ကျန်ရှိနေသေးသော်လည်း ယခုဘောလုံးရာသီအကုန်တွင် အသင်းမှ ထွက်ခွာရန်ဆုံးဖြတ်ခဲ့ပြီး လီဗာပူးအသင်းကလည်း နည်းပြကလော့၏ ဆုံးဖြတ်ချက်ကို လက်ခံသည့် အတွက် နည်းပြကလော့အနေဖြင့် ရာသီအကုန်တွင် အသင်းမှထွက်ခွာမည်ဖြစ်သည်။

နည်းပြကလော့သည် ၂၀၁၅ ခုနှစ်က လီဗာပူးအသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ပြီး အသင်းကို ဆုဖလားပေါင်းစုံဆွတ်ခူးပေးနိုင်ပြီးနောက် မိသားစုကို အချိန်ပေးလိုသည့်အကြောင်းပြချက်ဖြင့် ယခုဘောလုံးရာသီအကုန်တွင် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် နည်းပြကလော့၏နေရာ၌ အစားထိုးရန် နည်းပြသစ်ကိုရှာဖွေနေပြီး အစောပိုင်းက လက်ရှိလေဗာကူဆင်အသင်းနည်းပြ အလွန်ဆိုကို ခန့်အပ်ရန်ကြိုးပမ်းခဲ့သော်လည်း အလွန်ဆိုက လေဗာကူဆင်အသင်းနှင့် ဆက်လက်လက်တွဲရန်ဆုံးဖြတ်ခဲ့သည့်အတွက် နည်းပြအမိုရင်ကို ခန့်အပ်လိုနေခြင်းဖြစ်သည်။

နည်းပြအမိုရင်သည် ၂၀၂၀ ခုနှစ်က စပို့တင်းလစ္စဘွန်းအသင်းကို စတင်တာဝန်ယူကိုင်တွယ်ပြီးနောက် အသင်းကို ပြည်တွင်းဖလားများဆွတ်ခူးပေးနိုင်ခဲ့ကာ ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးထားနိုင်သောကြောင့် လီဗာပူးအသင်းကနည်းပြသစ်အဖြစ် ခန့်အပ်လိုနေပြီး နည်းပြအမိုရင်အနေဖြင့် စပို့တင်းလစ္စဘွန်းအသင်းနှင့် စာချုပ်သက်တမ်းကျန်ရှိနေသေးသည့်အတွက် စာချုပ်ဖျက်သိမ်းကြေးကို စတာလင်ပေါင် ၁၅ သန်းပေးချေရဖွယ်ရှိကြောင်း သိရသည်။

*Ref;Football 365*

ဒိုင်နမိုဇာဂရက်၊ ဘောလုံး

# ဒိုင်နမိုဇာဂရက်အသင်းက လူကာမိုဒရစ်ကို အသင်းထံပြောင်းရွှေ့လာရန် မဲဆွယ်မှုပြုလုပ်

ဒိုင်နမိုဇာဂရက်အသင်းက ရီးယဲလ်မက်ဒရစ်အသင်းမှ အသင်း၏ ကွင်းလယ်ကစားသမားဟောင်း လူကာမိုဒရစ်ကို အသင်းထံပြန်လည်ပြောင်းရွှေ့လာစေရန် စပိန်ထိပ်တန်းနာမည်ကြီးသတင်းစာဖြစ်သည့် မာကာသတင်းစာထံ ကြေညာထည့်သွင်းပြီး မဲဆွယ်မှုပြုလုပ်ခဲ့ကြောင်း သိရသည်။

အသက် ၃၈ နှစ်အရွယ် လူကာမိုဒရစ်သည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို ဒိုင်နမိုဇာဂရက်အသင်းနှင့်စတင်ခဲ့ပြီးနောက် ၂၀၀၈ ခုနှစ်၌ ဒိုင်နမိုဇာဂရက်အသင်းမှ စပါးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

မိုဒရစ်သည် စပါးအသင်းတွင်ငါးနှစ်ကြာကစားခဲ့ကာ ၂၀၁၂ ခုနှစ်က ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် ကမ္ဘာ့အကောင်းဆုံးကစားသမားဆုရရှိသည်အထိ အောင်မြင်မှုရရှိခဲ့ပြီး ယခုဘောလုံးရာသီအကုန်တွင် ရီးယဲလ်မက်ဒရစ်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ကာ လက်ရှိအချိန်ထိ သက်တမ်းတိုးနိုင်ခြင်းမရှိသည့်အတွက် ဒိုင်နမိုဇာဂရက်အသင်းက အသင်းတွင် ပြန်လည်ကစားရန် မဲဆွယ်မှုပြုလုပ်ခဲ့ကြောင်း သိရသည်။

*Ref;Goal.com*

မန်ချက်စတာ၊ ဘောလုံး

# မန်စီးတီးအသင်းက အဓိကကွင်းလယ်ကစားသမား ရိုဒရီကို လုပ်ခလစာတိုးမြှင့်ပြီး သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆွေးနွေး

မန်စီးတီးအသင်းက အဓိက ကွင်းလယ်ကစားသမားရိုဒရီကို လုပ်ခလစာတိုးမြှင့်ပြီး သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆွေးနွေးမှုများပြုလုပ်နေကြောင်း သိရသည်။

အသက် ၂၇ နှစ်အရွယ် ရိုဒရီသည် ၂၀၁၉ ခုနှစ်က အက်သလက်တီကိုအသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနေကာ လက်ရှိဘောလုံးလောကတွင် အကောင်းဆုံးကွင်းလယ်ကစားသမားများမှ တစ်ဦးအပါအဝင်ရပ်တည်နေသူဖြစ်ကာ ယခုဘောလုံးရာသီတွင်လည်း ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ၂၈ ပွဲကစားပြီးချိန်၌ ခုနစ်ဂိုးသွင်းယူနိုင်ခဲ့သည့်အပြင် ဂိုးဖန်တီးမှုခုနစ်ကြိမ် ပြုလုပ်ထားသူဖြစ်သည်။

ရိုဒရီသည် မန်စီးတီးအသင်းတွင် တစ်ပတ်လုပ်ခလစာစတာလင်ပေါင် ၁၈၀၀၀၀ ရရှိနေကာ စာချုပ်သက်တမ်းမှာ ၂၀၂၇ ခုနှစ် ဇွန်လကုန်အထိ ကျန်ရှိနေသေးသော်လည်း မန်စီးတီးအသင်းက ရိုဒရီအနေဖြင့် လက်ရှိတွင် ခြေစွမ်းပြနေသည့်အတွက် လုပ်ခလစာတိုးမြှင့်ပြီး သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

ရိုဒရီကို မန်စီးတီးအသင်းက သက်တမ်းတိုးစာချုပ်အတွက် တစ်ပတ်လုပ်ခလစာ စတာလင်ပေါင် ၃၀၀၀၀၀ အထိတိုးမြှင့်ပြီး သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ကမ်းလှမ်းထားကာ ရိုဒရီကိုယ်တိုင်ကလည်း အသင်းနှင့် ဆက်လက်လက်တွဲလိုသည့်အတွက် မကြာမီသက်တမ်းတိုးစာချုပ် ချုပ်ဆိုဖွယ်ရှိကြောင်း သိရသည်။

*Ref;Fabrizio Romano*

မန်ချက်စတာ၊ ဘောလုံး

# မန်ယူအသင်းကို လေးပွဲဆက်ဂိုးသွင်းယူနိုင်သည့် ပထမဆုံးကစားသမားအဖြစ် လီဗာပူးအသင်းတိုက်စစ်မှူး ဆာလက်ချ်မှတ်တမ်းဝင်

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃၂)အဖြစ်ကစားသည့် မန်ယူအသင်းနှင့် လီဗာပူးအသင်းတို့ နှစ်ဂိုးစီသရေ ရလဒ်ထွက်ပေါ်ခဲ့သည့်ပွဲစဉ်တွင် လီဗာပူးအသင်းတိုက်စစ်မှူး ဆာလက်ချ်သည် ပယ်နယ်တီမှတစ်ဆင့် အသင်းအတွက် ချေပဂိုးသွင်းယူနိုင်ပြီးနောက် မန်ယူအသင်းကို လေးပွဲဆက်ဂိုးသွင်းယူနိုင်သည့် ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ဆာလက်ချ်သည် လီဗာပူးအသင်းနှင့် ကစားခဲ့သည့် ပွဲစဉ်များတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ပြီး မန်ယူအသင်းနှင့်နောက်ဆုံးတွေ့ဆုံခဲ့သည့်ပွဲစဉ်တွင် ဂိုးသွင်းယူခဲ့ပြီး လေးပွဲဆက်ဂိုးသွင်းယူနိုင်သည့် မှတ်တမ်းကောင်းတစ်ရပ်ကိုပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် အသင်းသမိုင်းတစ်လျှောက် ပြိုင်ဘက်အသင်းကစားသမားတစ်ဦးကို လေးပွဲဆက်ဂိုးသွင်းခွင့်ပြုခဲ့ရခြင်းမရှိဘဲ ယခုအခါမှသာ ဆာလက်ချ်က မန်ယူအသင်းနှင့်တွေ့ဆုံခဲ့သည့် လေးပွဲဆက်ဂိုးသွင်းယူနိုင်ခဲ့သော ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အလားတူ ဆာလက်ချ်သည် မန်ယူအသင်းအိမ်ကွင်း၌ သွင်းဂိုးခြောက်ဂိုးရှိလာခဲ့သည့်အတွက် မန်ယူအသင်းအိမ်ကွင်းတွင် သွင်းဂိုးအများဆုံးကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

ဆာလက်ချ်သည် မန်ယူအသင်းနှင့်ကစားခဲ့သော ပြိုင်ပွဲစုံ ၁၅ ပွဲတွင် ၁၄ ဂိုးအထိ သွင်းယူနိုင်သည့်အတွက် မန်ယူအသင်းကို သွင်းဂိုးအများဆုံးသွင်းယူနိုင်သည့်ကစားသမားအဖြစ် ရပ်တည်နေကြောင်း သိရသည်။

*Ref;B/R Football*



နေပြည်တော် ဧပြီ ၈

## အကျဉ်းကျခံနေရသူများကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်တွင်ပါမည်ဆိုကာ ငွေကြေးလိမ်လည်မှုများရှိကြောင်း မဟုတ်မမှန်သတင်းများဖော်ပြလျက်ရှိ

မြန်မာနှစ်သစ်မင်္ဂလာအခါသမယတွင် အကျဉ်းထောင်အသီးသီး၌ အကျဉ်းကျခံနေကြရသော အကျဉ်းသား၊ အကျဉ်းသူများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုပေးခဲ့ခြင်းများအပေါ် အကြောင်းပြုပြီး ယခုရက်ပိုင်းတွင် အကျဉ်းသားများ၏ မိသားစုဝင်များထံသို့ နိုင်ငံတော်၏ လွတ်ငြိမ်းချမ်းသာခွင့်တွင် ပါဝင်ရန် ငွေကြေးပေးရမည်ဟုဆိုပြီး ဖုန်းဆက်ကာ လိမ်လည်မှုများရှိကြောင်း ယနေ့ခေတ် အမည်ခံ Facebook Page တွင်မဟုတ်မမှန်သတင်းများ ဖော်ပြထားသည်ကို တွေ့ရသည်။

အကျဉ်းထောင်အသီးသီး၌ အကျဉ်းကျခံနေကြရသော အကျဉ်းသား၊ အကျဉ်းသူများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးမည်ဆိုပါက အကျဉ်းသားများစိစစ်ရေးအဖွဲ့က ပြစ်ဒဏ်လွတ်ငြိမ်းခွင့်၊ လွတ်ငြိမ်းချမ်းသာခွင့်၊ လွတ်ငြိမ်းသက်သာခွင့်ပေးနိုင်ရေးအတွက် လျော်ကန်သင့်မြတ်မှုရှိသည့် နိုင်ငံသား၊ နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူများအား စိစစ်ရွေးချယ်ခြင်း၊ ထိုသို့စိစစ်ရွေးချယ်ရာတွင် မည်သည့်အဖွဲ့အစည်း၊ မည်သည့်လူပုဂ္ဂိုလ်တို့၏ ပယောဂများ၊ တိုက်တွန်းချက်များကြောင့်မဟုတ်ဘဲ ဘက်လိုက်မှုကင်းသော မူဝါဒများနှင့်အညီ လွတ်ပေးသင့်၊ လွတ်ပေးထိုက်သူများကိုသာ စိစစ်ရွေးချယ်ဆောင်ရွက်ခြင်းသာဖြစ်ကြောင်း။

လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း/မပေးခြင်း၊ မည်သည့်ပုဒ်မ/ပြစ်ဒဏ်ကျခံနေရသူများ ပါဝင်သည်ကို ကြိုတင်မသိနိုင်သည့်အတွက် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က ပြစ်ဒဏ်ကျအကျဉ်းသားများ၏ မိသားစုများထံသို့ တယ်လီဖုန်းဖြင့်ဆက်သွယ်ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်တွင် ထည့်သွင်းပေးမည်ဟု ပြောဆို၍ ငွေကြေးတောင်းခံလာပါက အလွယ်တကူယုံကြည်မှုမရှိကြရန် လိုအပ်ကြောင်း အကျဉ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းကိစ္စအား လူကိုယ်တိုင်၊ တယ်လီဖုန်း၊ တစ်နည်းနည်းဖြင့် ဆက်သွယ်ပြောဆို၍ ငွေကြေးတောင်းခံလာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပြီး လိမ်လည်ငွေကြေးတောင်းခံသည့်တရားခံအား အမြန်ဆုံးစိစစ်ဖော်ထုတ်အရေးယူနိုင်ရေး ပူးပေါင်းပါဝင်ကြရန် အကျဉ်းဦးစီးဌာနက တိုက်တွန်းထားသည်။

ပြစ်ဒဏ် လွတ်ငြိမ်းချမ်းသာခွင့်တွင် ပါဝင်လွတ်မြောက်နိုင်ရေးမှာ အဓိကအားဖြင့် ယင်းအကျဉ်းသား၊ အကျဉ်းသူ၏ ပြစ်မှုကျူးလွန်စဉ်က ဆိုးရွားသောရည်ရွယ်ချက်ဖြင့်ဆောင်ရွက်ခဲ့သူမဟုတ်ခြင်း၊ လွတ်မြောက်သွားပါက နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်မည့်သူများဖြစ်ခြင်း၊ နိုင်ငံတော်အကြီးအကဲကလည်း မေတ္တာကရုဏာကြီးမားစွာဖြင့် စေတနာထားရှိခြင်းတို့အပေါ် အခြေခံ၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးခြင်းဖြစ်ကြောင်း အကျဉ်းဦးစီးဌာနမှ သိရသည်။

ယနေ့ခေတ် အမည်ခံ Facebook Page တွင်ဖော်ပြထားသည့်သတင်းမှာ အကျဉ်းထောင်၏ လုပ်ထုံး၊ လုပ်နည်း၊ ဥပဒေ၊ နည်းဥပဒေများကို မျက်ကွယ်ပြု၍ပြည်သူများ ထင်ယောင်ထင်မှားဖြစ်စေရန် လုပ်ကြံဖန်တီးရေးသားဖော်ပြထားခြင်းသာဖြစ်ကြောင်း သိရသည်။

**ရီရီသင်**

နေပြည်တော် ဧပြီ ၈

## ပိုကုန်တိုးမြှင့်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပို့ကုန်မြှင့်တင်ရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဆူးလေဆိပ်ခံတံတားအမှတ် ၆ (SPW-6) မှ MV. MANTA HATICE သင်္ဘောဖြင့် ပြောင်းဖူးစေ့တန်ချိန် ၂၅၀၀၀ အား ဖိလစ်ပိုင်နိုင်ငံသို့လည်းကောင်း၊ TMT ဆိပ်ကမ်းမှ MV. TAY SON - 4 သင်္ဘောဖြင့် ပြောင်းဖူးစေ့တန်ချိန် ၁၂၇၀၀ အား ထိုင်းနိုင်ငံသို့လည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း (MIP-2) MV. SEIYO HARMONY သင်္ဘောဖြင့် ပြောင်းဖူးစေ့တန်ချိန် ၂၇၅၀၀ အား အိန္ဒိယနိုင်ငံသို့လည်းကောင်း၊ MHM ဆိပ်ကမ်းမှ MV. MCL ၂၀ သင်္ဘောဖြင့် ပြောင်းဖူးစေ့တန်ချိန် ၂၇၀၀ အား ထိုင်းနိုင်ငံသို့လည်းကောင်း အသီးသီးတင်ပို့သွားမည်ဖြစ်သည်။

ထို့ပြင် MITT-1 ဆိပ်ကမ်းမှ MV. MAERSU DAVAO သင်္ဘောသည် ယနေ့တွင် ရေထွက်ကုန်ပစ္စည်းများ၊ ဆန်၊ ပဲ၊ အဝတ်အထည်၊ သစ်တောထွက်ပစ္စည်း၊ သကြား၊ နှမ်း၊ ပြောင်း၊ ရော်ဘာနှင့် အထွေထွေကုန်များကို ကုန်သေတ္တာ ၆၂၀ လုံးဖြင့် မလေးရှားနိုင်ငံသို့လည်းကောင်း၊ AWPT ဆိပ်ကမ်းမှ MV. SITC CHENMING သင်္ဘောသည် ယနေ့တွင် ရေထွက်ကုန်ပစ္စည်းများ၊ ဆန်၊ ပဲ၊ ချုပ်ပြီးအဝတ်အထည်၊ သစ်တောထွက်ပစ္စည်း၊ သကြား၊ ပြောင်းနှင့် ရော်ဘာများကို ကုန်သေတ္တာ ၅၃၃ လုံးဖြင့် ဗီယက်နမ်နိုင်ငံသို့လည်းကောင်း တင်ဆောင်ပြီး ထွက်ခွာမည်ဖြစ်ပါသည်။

အလားတူ ၂၀၂၄ ခုနှစ် ဧပြီလ ၉ ရက်တွင် MHM ဆိပ်ကမ်းမှ MV.MCL-8 သင်္ဘောဖြင့် ပြောင်းဖူးစေ့တန်ချိန် ၂၇၀၀ အား ထိုင်းနိုင်ငံသို့လည်းကောင်း၊ MHM ဆိပ်ကမ်းမှ MV. MCL- 7 သင်္ဘောဖြင့် ပြောင်းဖူးစေ့တန်ချိန် ၂၇၀၀ အား ထိုင်းနိုင်ငံသို့လည်းကောင်း၊ ဧပြီလ ၁၀ ရက်တွင် AIPT-3 ဆိပ်ကမ်းမှ MV. RAINBOW SYMPHONY သင်္ဘောဖြင့် ပြောင်းဖူးစေ့တန်ချိန် ၆၆၀၀ အား ဖိလစ်ပိုင်နိုင်ငံသို့လည်းကောင်း ဆက်လက်တင်ပို့သွားမည်ဖြစ်ကြောင်းနှင့် ၂၀၂၄ ခုနှစ် ဧပြီလ ၇ ရက်ကလည်း SPW-3 ဆိပ်ကမ်းမှ MT. TURAN C သင်္ဘောဖြင့် ဆန်တန်ချိန် ၁၂၀၀၀ အား စပိန်နှင့် ကင်မရွန်းနိုင်ငံတို့သို့ တင်ပို့ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**


နေပြည်တော် ဧပြီ ၈

## ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်နှင့်အုတ်ဖိုမြို့နယ်တို့မှ လမ်းသွားလမ်းလာ ပြည်သူများကို စစ်မှုထမ်းဆောင်ရန် ပေါ်တာဆွဲဖမ်းဆီးနေကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ စစ်ကွင်းမြို့တွင် ဧပြီလ ၇ ရက်နေ့က လမ်းသွားလမ်းလာပြည်သူ ၁၀ ဦးနှင့် အုတ်ဖိုမြို့နယ်၊ အရှေ့ချောင်းဂွကျေးရွာမှ နွားကျောင်းသား ၃ ဦး၊ လမ်းသွားလမ်းလာပြည်သူ ၂ ဦးတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်မှုထမ်းဆောင်ရန် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က အထင်အမြင်လွဲမှားဖွယ် လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို ဝမ်းနည်းဖွယ်တွေ့ရှိပါသည်။

အဆိုပါသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့ရွာများတွင် အကြမ်းဖက်သောင်းကျန်းသူများ ဝင်ရောက်လှုပ်ရှားမှုမရှိစေရန်အတွက် နယ်မြေလုံခြုံရေးဆောင်ရွက်ခြင်း၊ လှည့်ကင်းပတ်ကင်းဆောင်ရွက်ခြင်းများသာ လုပ်ဆောင်လျက်ရှိပြီးလမ်းသွားလမ်းလာပြည်သူများကို ဖမ်းဆီးခေါ်ဆောင်ခြင်းမရှိကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

ထိုသို့ တရားမဝင်ပြည်ဖျက်မီဒီယာများနှင့်ရပ်ရွာအေးချမ်းသာယာရေးကို မလိုလားသူများက မိဘပြည်သူများ၊ လူငယ်လူရွယ်များကို စိုးရိမ်ထိတ်လန့်စေရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများက စစ်မှုထမ်းရန် ပေါ်တာဆွဲခြင်း၊ လမ်းသွားလမ်းလာများကို ဖမ်းဆီးခြင်း စသည့် ကောလာဟလသတင်းအမှားများဖြင့် ဝါဒဖြန့်လှုံ့ဆော်နေခြင်းသာဖြစ်ကြောင်း သတင်းရရှိပါသည်။




**(၁၀၀)**

## ဧပြီလ၏ အမြင့်ဆုံးအပူချိန်စံချိန်သစ်

| စဉ် | စခန်းအမည် | စံချိန်သစ် တင်သည့် ရက်စွဲ | အမြင့်ဆုံးအပူချိန် စံချိန်သစ် | | ယခင်စံချိန် ကျိုးခဲ့သည့် ရက်စွဲ | အမြင့်ဆုံးအပူချိန် စံချိန်ဟောင်း | | စခန်းဖွင့်သည့်နှစ်မှ စ၍ လွန်ခဲ့သော နှစ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | ဒီဂရီ ဆဲလ်စီးယက် | ဒီဂရီ ဖာရင်ဟိုက် | | ဒီဂရီ ဆဲလ်စီးယက် | ဒီဂရီ ဖာရင်ဟိုက် | |
| ၁။ | သီပေါ | ၇-၄-၂၀၂၄ | ၄၂.၀ | ၁၀၇.၆ | ၁၇-၄-၁၉၇၃ | ၄၁.၅ | ၁၀၆.၇ | ၅၈ |

**(မိုး/ဧလ)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

နေပြည်တော် ဧပြီ ၈

## ပါဠိပထမပြန်စာမေးပွဲ ဆင့္နေ့ကျင်းပ

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၄ ခုနှစ်၊ ပါဠိပထမပြန်စာမေးပွဲကို ယနေ့(ဆင့္နေ့)တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၂၁၆ ဌာနတို့၌ စာဖြေစာရင်းသွင်း ၁၅၉၃၄ ပါး/ဦးအနက် ၁၂၉၅၁ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၁ ဒသမ ၂၈ ရာခိုင်နှုန်းဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

(သတင်းစဉ်)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၇° C | / | ၄၀° C |
| ရန်ကုန် | ၂၄° C | / | ၃၇° C |
| မန္တလေး | ၂၆° C | / | ၄၃° C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

နေပြည်တော် ဧပြီ ၈

# ဥရောပ-အာရှစီးပွားရေးကော်မရှင်ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီးနှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် တွေ့ဆုံ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့နံနက်ပိုင်းတွင် ဥရောပ-အာရှစီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာ ဆာဂေး ဂလေးဇီးယပ်နှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံသည်။

နှစ်ဖက်ဆွေးနွေးရာတွင် ရုရှားနိုင်ငံမှ ထုတ်လုပ်သည့် ဓာတ်မြေဩဇာများကို မြန်မာနိုင်ငံသို့ တိုက်ရိုက်တင်ပို့နိုင်ရေးနှင့် မြန်မာနိုင်ငံ၏ ဓာတ်မြေဩဇာတင်သွင်းမှုဆိုင်ရာလုပ်ငန်းစဉ်များ ၊ မြန်မာနိုင်ငံ၏ ဆန်၊ ကော်ဖီ၊ သစ်သီးဝလံများနှင့် စိုက်ပျိုးရေးထွက်ကုန်များ၊ ရေထွက်ကုန်များအပေါ် ဥရောပအာရှ စီးပွားရေးသမဂ္ဂ (EAEU) အဖွဲ့ဝင်နိုင်ငံများ၏ ဈေးကွက်လိုအပ်ချက်နှင့် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ညှိနှိုင်းဆောင်ရွက်ထားရှိမှု၊ ကော်ဖီဆီထွက်သီးနှံအပါအဝင် စိုက်ပျိုးထုတ်လုပ်ခြင်းကို မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်မှုအခွင့်အလမ်းများ၊ Myanmar GAP ထုတ်ကုန်တစ်ခုဖြစ်သည့် ကော်ဖီကို (EA-EU)နိုင်ငံများသို့ တင်ပို့ရောင်းချပေးနိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ ဆီထွက်သီးနှံနှင့်ဝါသီးနှံမျိုးကောင်းများအသုံးပြုနိုင်ရေး၊ သဘာဝမြေဩဇာထုတ်လုပ်မှုနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ အာလူးမျိုးကောင်းမျိုးသန့်ထုတ်လုပ်မှု နည်းပညာမျှဝေဖလှယ်ဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် နည်းပညာပူးပေါင်းဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ဥရောပ-အာရှစီးပွားရေးကော်မရှင်ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာ ဆာဂေး ဂလေးဇီးယပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

နေပြည်တော် ဧပြီ ၈

# ဒြပ်ပစ္စည်းသိပ္ပံသုတေသနဌာန(ဓာတ်တော်)တွင် သုတေသနလုပ်ငန်းဆောင်ရွက်မှုများအား ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ကြည့်ရှုအားပေး

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ဧပြီလ ၆ ရက် နေ့လယ်ပိုင်းက ကျောက်ဆည်မြို့ရှိ ဒြပ်ပစ္စည်းသိပ္ပံသုတေသနဌာန(ဓာတ်တော်)တွင် သုတေသနလုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုအားပေးပြီး **နိုင်ငံ့ဖွံ့ဖြိုးရေးရည်မှန်းချက်များ အောင်မြင်ပြည့်မီအောင် လက်တွေ့ကျကျအထောက်အပံ့ပြုနိုင်မည့် သုတေသနများကို အဓိကဆောင်ရွက်ရန်၊ သတ္တုရိုင်းသိုက်များမှ အဖိုးတန်သတ္တုများထုတ်လုပ်ခြင်းကဏ္ဍဖွံ့ဖြိုးနိုင်ရေး သတ္တုပါဝင်မှုမြှင့်တင်ပေးခြင်းနှင့် သတ္တုသန့်စင်ခြင်းလုပ်ငန်းများဆိုင်ရာ ခေတ်မီနည်းပညာများ အသုံးချနိုင်ရေးကြိုးပမ်းဆောင်ရွက်ရန်၊ ဓာတ်ခွဲခန်းများ စံချိန်စံညွှန်းများ ပြည့်မီရန်နှင့် သုတေသနပညာရှင်များသည် အမြဲမပြတ်လေ့လာကာ အရည်အသွေးများမြင့်မားအောင် ဆန်းစစ်မြှင့်တင်ရန်၊ တိုင်းကျိုးပြည်ပြု ဒြပ်ပစ္စည်းသုတေသနများဖြင့် ရှင်သန်သက်ဝင်ကာ မျိုးဆက်သစ်ရင်းမြစ်များ စဉ်ဆက်မပြတ်ထွန်းကားလာစေသော ဝန်းကျင်ကောင်းတစ်ခုဖြစ်စေရေး အလေးထားဆောင်ရွက်ရန်လိုအပ်ကြောင်း** တိုက်တွန်းမှာကြားသည်။



ယင်းနောက် ဒုတိယဝန်ကြီးသည် ကြွေထည်သုတေသနဌာနခွဲရှိ ကြွေထည်အမျိုးအစားသစ်များထုတ်လုပ်ခြင်း၊ ကြွေထည်ဂုဏ်သတ္တိများစစ်ဆေးခြင်းနှင့်သတ္တုကွန်ပိုစစ်ပစ္စည်းများထုတ်လုပ်ခြင်း သုတေသနတို့ကိုလည်းကောင်း၊ ပေါ်လီမာသုတေသနဌာနခွဲရှိ ပေါ်လီမာပစ္စည်းများထုတ်လုပ်ခြင်းနှင့် ပေါ်လီမာများ၏ဂုဏ်သတ္တိများကို စစ်ဆေးခြင်းသုတေသနတို့ကိုလည်းကောင်း၊ အီလက်ထရွန်နစ်နှင့်သံလိုက်ဒြပ်ပစ္စည်း သိပ္ပံသုတေသနဌာနခွဲရှိ EV သုံး လီသီယမ်ဘက်ထရီဆိုင်ရာ ဒြပ်ပေါင်းများထုတ်လုပ်ခြင်းနှင့် လျှပ်စစ်စွန့်ပစ်ပစ္စည်းများမှ အဖိုးတန်သတ္တုများထုတ်လုပ်ခြင်း သုတေသနတို့ကိုလည်းကောင်း၊ ဇဟိုဓာတ်ခွဲဌာနခွဲရှိ သတ္တုရိုင်းသိုက်များဖွဲ့စည်းပါဝင်မှုများ စမ်းသပ်ခြင်း၊ သတ္တုများတွင် ပါဝင်သောဒြပ်စင်များ၏ပမာဏအား စစ်ဆေးခြင်းနှင့် ထုတ်လုပ်သတ္တုများရှိ သန့်စင်မှုပမာဏကိုစစ်ဆေးခြင်း သုတေသနတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး **သုတေသနပြုထုတ်လုပ်ထားသော ဒြပ်ပစ္စည်းများကို နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးအတွက် နိုင်ငံတော်ပိုင်စက်ရုံများတွင် အကျိုးရှိရှိအသုံးပြုနိုင်ရေး သုတေသနရလဒ်/နည်းပညာများကို သက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းပေးနိုင်ရေးကို ထိရောက်ပီပြင်စွာပူးပေါင်းဆောင်ရွက်ရန်** မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဝန်ထမ်းများကို ရင်းရင်းနှီးနှီးတွေ့ဆုံကာ လုပ်ငန်းဆိုင်ရာ အခက်အခဲတင်ပြမှုများအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

## မြို့နယ်အလိုက် အခြေခံစားသောက်ကုန်စည်ဈေးနှုန်းများ

၈-၄-၂၀၂၄

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ပေါ်ဆန်း | ညှော်မထ | ငစိန် | ပဲဆီ | ကြက်သွန်နီ | ကြက်သွန်ဖြူ | အာလူး | ငရုတ်ခြောက် | ကြက် | ဝက် | ငါးမြစ်ချင်း | အာပုံခြောက် | ကြက်ဥ တစ်လုံး | ဘဲဥ တစ်လုံး |
| ၁ | နေပြည်တော် | ၇၈၀၀ | ၃၅၀၀ | ၂၆၀၀ | ၁၄၀၀၀-၁၄၉၀၀ | ၃၁၀၀ | ၁၂၀၀၀-၁၃၀၀၀ | ၃၁၀၀ | ၁၇၀၀၀ | ၁၂၀၀၀ | ၁၃၀၀၀-၁၄၀၀၀ | ၁၁၀၀၀ | ၂၉၀၀၀ | ၂၅၀ | ၃၅၀ |
| ၂ | ရန်ကုန် | ၈၀၀၀ | ၄၅၀၀ | ၄၅၀၀ | ၁၆၀၀၀-၁၇၀၀၀ | ၃၈၀၀-၄၃၀၀ | ၁၅၀၀၀-၁၇၀၀၀ | ၂၈၀၀-၃၅၀၀ | ၁၇၀၀၀-၁၉၀၀၀ | ၁၁၀၀၀-၁၂၀၀၀ | ၁၄၀၀၀-၁၅၀၀၀ | ၉၀၀၀-၁၀၀၀၀ | ၂၄၀၀၀-၃၀၀၀၀ | ၂၅၀-၃၀၀ | ၃၂၀-၃၅၀ |
| ၃ | မန္တလေး | ၇၂၀၀ | ၄၃၀၀ | - | ၁၈၀၀၀ | ၂၈၀၀ | ၁၀၀၀၀-၁၁၀၀၀ | ၄၀၀၀ | ၁၉၀၀၀-၂၀၀၀၀ | ၁၃၀၀၀ | ၁၇၀၀၀-၁၈၀၀၀ | - | ၁၆၀၀၀ | ၂၅၀ | ၃၅၀ |
| ၄ | လားရှိုး | ၁၀၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၁၉၀၀၀-၂၀၀၀၀ | ၄၅၀၀ | ၁၀၀၀၀-၁၁၀၀၀ | ၅၀၀၀ | ၂၀၀၀၀-၂၂၀၀၀ | ၁၃၀၀၀ | ၁၉၀၀၀-၂၀၀၀၀ | ၁၁၀၀၀ | ၂၇၀၀၀ | ၂၅၀ | ၄၀၀ |
| ၅ | မော်လမြိုင် | ၇၃၀၀ | ၃၈၀၀ | ၃၂၀၀ | ၁၆၀၀၀-၁၇၀၀၀ | ၃၇၀၀ | ၁၃၀၀၀-၁၅၀၀၀ | ၃၇၀၀ | ၁၃၀၀၀-၁၅၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀-၁၆၀၀၀ | ၈၀၀၀ | ၂၆၀၀၀ | ၃၀၀ | ၄၀၀ |

**မှတ်ချက်။ ။အထက်ပါဈေးနှုန်းများသည် အချိန်နှင့်အမျှပြောင်းလဲနိုင်ပါသည်။**

# နိုင်ငံတစ်ဝန်းဖွင့်လှစ်ထားရှိသည့် စာကြည့်တိုက်များအတွက် အလှူငွေနှင့်စာအုပ်စာစောင်များ လှူဒါန်းနိုင်

နိုင်ငံတော်အစိုးရက ပြည်သူများ အသိပညာဗဟုသုတ တိုးပွားစေရေးနှင့် စာအုပ်စာစောင်များ အလွယ်တကူဖတ်ရှုလေ့လာနိုင်စေရန် နိုင်ငံတစ်ဝန်းဖွင့်လှစ်ထားရှိသည့် စာကြည့်တိုက်များအတွက် ရန်ပုံငွေနှင့် စာအုပ်စာစောင်များ ထောက်ပံ့ကူညီပေးလျက်ရှိသကဲ့သို့ စေတနာရှင် အလှူရှင်များကလည်း ပြည်သူများ အလွယ်တကူစာပေလေ့လာဖတ်ရှုနိုင်စေရေးနှင့် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းလျက်ရှိပါသည်။

နိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ စုပေါင်းပေးအပ်လှူဒါန်းပွဲကို ဧပြီလ ၁၀ ရက် နံနက် ၁၀ နာရီတွင် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ ကျင်းပပြုလုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်သူများ စာပေဖတ်ရှုလေ့လာနိုင်စေရေးအတွက် "ပညာဒါန"အလှူအဖြစ် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- ညွှန်ကြားရေးမှူး(ထုတ်လုပ်)
  ပြန်/ဆက် ဦးစီးဌာန
  ဖုန်း ၀၁ ၃၇၁၃၄၂/၀၆၇၃၄၁၂၃၇၁/၀၉၄၂၀၄၆၇၁၅
- ညွှန်ကြားရေးမှူး(ပြန်ဆက်)
  ပြန်/ဆက် ဦးစီးဌာန
  ဖုန်း ၀၆၇၃၄၁၂၁၆၄
- တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်
  ပြန်/ဆက် ဦးစီးဌာနရုံးများ

**ပြန်ကြားရေးဝန်ကြီးဌာန**


**ကျန်းမာရေးဝန်ကြီးဌာန**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ**

**ခရမ်းလွန်ရောင်ခြည်အန္တရာယ်**

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း မြင့်မားစွာရှိနေသည့်အချိန်များတွင် ခရမ်းလွန်ရောင်ခြည်နှင့်ထိတွေ့မှုကြောင့်နေလောင်ခြင်း၊ အသားအရောင်ညိုမဲလာခြင်းတို့ကိုဖြစ်စေနိုင်ပြီး ထိတွေ့မှုကာလကြာလာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများအရွယ်မတိုင်မီအိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းလာခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။


**ကာကွယ်နိုင်မည့်နည်းလမ်းများ**

၁။ ခရမ်းလွန်ရောင်ခြည်မြင့်မားစွာကျရောက်နိုင်သည့် နံနက်(၁၀)နာရီမှညနေ(၄)နာရီအတွင်းတွင် နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။

၂။ အပြင်ထွက်ပါက မိမိအသားကိုနေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့မိစေရန် မျက်နှာ၊ လည်ပင်းနှင့်ပခုံးတို့ကို ပါလုံခြုံသော ထီး၊ ဦးထုပ်စသည်တို့ကို ဆောင်းသွားပါ။ ခရမ်းလွန်ရောင်ခြည် အလွယ်တကူမဖောက်နိုင်သော ချည်သားထူထူပွပွအဝတ်အထည်များကို ဝတ်ဆင်ပါ။ ခရမ်းလွန်ရောင်ခြည်သည် မျက်စိကိုလည်းထိခိုက်စေနိုင်သဖြင့် ခရမ်းလွန်ရောင်ခြည်ကို (၉၉)%အထိ အကာအကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကိုတပ်ဆင်ပါ။

၃။ အဝတ်ကင်းလွတ်နေသောလက်၊လည်ပင်းနှင့်ပခုံးစသည့်နေရာများကို သနပ်ခါးထူထူ(သို့မဟုတ်)SPF ၁၅+ ပါဝင်သောနေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ (၁၅)မိနစ်ခန့်ကြိုလိမ်းပါ။ နေရောင်ခံလိမ်းဆေး တစ်ခါလိမ်းပြီး (၂)နာရီကြာပြီးတိုင်း တစ်ခါထပ်၍ လိမ်းပေးပါ။

၄။ ကလေးငယ်များနှင့်သက်ကြီး ဘိုးဘွားများသည် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ပိုမိုခံစားရနိုင်သဖြင့် အထူးဂရုပြုဆင်ခြင်ရန် လိုအပ်ပါသည်။ အသက်တစ်နှစ်အောက်ကလေးငယ်များကို နေပူထဲသို့ခေါ်ဆောင်ခြင်း မပြုပါနှင့်၊ ကလေးများကို အရိပ်ထဲတွင်သာ ကစားစေပါ။



နေရောင်ခြည်နှင့်မထိတွေ့စေရန်ထီး၊ဦးထုပ် ဆောင်းပါ။
ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
နေပူထဲသွားပါက နေကာမျက်မှန် တပ်ဆင်ပါ။
နေပူထဲသွားပါက နေရောင်ခံလိမ်းဆေး လိမ်းပါ။

ဧပြီ၊ ၂၀၂၄ခုနှစ်


## မဟာသင်္ကြန်ရုံးပိတ်ရက်များတွင် မြဝတီသတင်းစာ ခေတ္တရပ်နားမည်

မြဝတီနေ့စဉ်သတင်းစာအား မဟာသင်္ကြန်ရုံးပိတ်ရက်များဖြစ်သည့် ၂၀၂၄ ခုနှစ် ဧပြီလ ၁၃ ရက်(စနေနေ့)မှ ဧပြီလ ၁၈ ရက်(ကြာသပတေးနေ့)အထိ ၆ ရက် ခေတ္တရပ်နားမည်ဖြစ်ပြီး ဧပြီလ ၁၉ ရက်(သောကြာနေ့)တွင် ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ရန်ကုန် ဧပြီ ၈

# အခြေခံပညာကျောင်းများ သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှုအား ဒုတိယမြို့တော်ဝန် ဦးညီညီ လိုက်လံကြည့်ရှုစစ်ဆေး

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများ ဥပမိရုပ်ကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် သက်ဆိုင်ရာခရိုင်နှင့်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် စည်ပင်သာယာအုပ်ချုပ်ရေးမှူးတို့မှ ကြီးကြပ်၍ ဌာနဆိုင်ရာများ၊ လူမှုအဖွဲ့အစည်းများ၊ ပြည်သူများ ပူးပေါင်းအင်အားများဖြင့် စဉ်ဆက်မပြတ်စုပေါင်းလုပ်အားပေးများဆောင်ရွက်လျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးညီညီ၊ အတွင်းရေးမှူး ဦးညွန့်ဖေနှင့် ကော်မတီဝင်များ၊ ဌာနမှူးများ၊ တာဝန်ရှိသူများသည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၃)ရပ်ကွက် ကျောက်စိမ်းလမ်းရှိ အမှတ်(၄)အခြေခံပညာမူလတန်းကျောင်းတွင်လည်းကောင်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၁၅)ရပ်ကွက် ခေတ္တာလမ်းရှိ အမှတ်(၂၄)အခြေခံပညာမူလတန်းကျောင်းတွင်လည်းကောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၂၆)ရပ်ကွက် ပုလဲရတနာလမ်းရှိ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းတွင်လည်းကောင်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၉၃)ရပ်ကွက် စိမ်းလဲ့ကန်သာလမ်းရှိ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းနှင့် သာကေတမြို့နယ် ၁/အနော်မာရပ်ကွက် အနော်မာလမ်းမကြီးရှိ အမှတ်(၁)အခြေခံပညာမူလတန်းကျောင်းတွင်လည်းကောင်း မြက်ပင်ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်းခြင်း၊ သစ်ပင်အောက်တက်များရှင်းလင်းခြင်းနှင့် အုပ်မိုးကိုင်းများ ဖြတ်ညှိပုံသွင်းအလင်းဖွင့်ခြင်း၊ ကျောင်းနံရံနှင့် အုတ်ခြံစည်းရိုးရှိရေညှိများတိုက်ချွတ်ဆေးကြောခြင်း၊ ကျောင်းအဆောက်အအုံခေါင်မိုးများရှိ သစ်ရွက်ကြွေများရှင်းလင်းခြင်း၊ မြေပို့များရှင်းလင်းခြင်း၊ သစ်ရွက်ခြောက်ကြွေများ၊ အမှိုက်၊ သဲ၊ ခဲများ လှဲကျင်းရှင်းလင်းခြင်း၊ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ခြင်ခိုအောင်းနိုင်သည့်နေရာများကို ခြင်ဆေးမှုတ်ခြင်း၊ ကျောင်းရှိ ရေစည်ရေကန်များကို အဘိတ်ဆေးခတ်ခြင်း၊ ဖုံးသွန်လဲစစ်ပြုလုပ်ခြင်း စုပေါင်းလုပ်အားပေးဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



(သတင်းစဉ်)





**In the matter of HIVE Innovation Company Limited**
**(In Creditors' Voluntary Winding-up)**
**[Under Section 201 of the Insolvency Law & Rule 87 of the Insolvency Rules]**

**Notice to Creditors for Proof of Debts or Claims**

Notice is hereby given that the Creditors of HIVE Innovation Company Limited (In Creditors' Voluntary Winding-up) (Company Registration Number 127052913) are required to submit a Proof of Debt or Claim in the prescribed form together with supporting documents and evidences at Room No. 2D, Rose Condominium, No. 182/194, 1st Floor, Botahtaung Pagoda Road, Pazundaung Township, Yangon Region, Myanmar or email address: **hninsumon@winthinassociates.com** on or before **25-4-2024**, failing to which their claims will be excluded from the benefit of a distribution made before its debt or claim is admitted and objecting to that distribution.

Liquidator of HIVE Innovation Company Limited
(In Creditors' Voluntary Winding-up)
Daw Hnin Su Mon (B.Com, C.P.A, D.B.L, ACCA, Member of Myanmar Association of Insolvency Practitioners Inc.)

**ပျောက်ဆုံးကြောင်း**
တင်တင်မိုး(ဘ)ဦးကျော်မြ ၁၂/ဥကမ(နိုင်)၀၀၀၇၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၆၃၅၁၁၉၈၉**

**ပျောက်ဆုံးကြောင်း**
နှင်းယုမော်(ဘ)ဦးသိန်းအေး ၇/ဝမန(နိုင်)၁၈၁၃၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 341779)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၇၂၃၃၀၆၃၃**

**ပျောက်ဆုံးကြောင်း**
ရီရီထွန်း(ဘ)ဦးထွေး ၁၂/သကတ(နိုင်)၁၂၈၅၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(964928)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၁၀၄၇၈၆**

**ပျောက်ဆုံးကြောင်း**
လင်းဇော်ဝင်း(ဘ)ဦးဉာဏ်လင်း ၈/နမန(နိုင်)၁၉၇၈၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 680396)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၉၇၆၂၇၃၀၇**

**ပျောက်ဆုံးကြောင်း**
ဖြိုးသန္တာ(ဘ)ဦးဝင်းရွှေ ၉/တသန(နိုင်)၂၄၉၇၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 627499)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၅၄၀၆၉၆၈၁**

**ပျောက်ဆုံးကြောင်း**
သန်းသန်းစိုး(ဘ)ဦးလှဌေး ၇/အတန(နိုင်)၁၄၃၆၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 892177)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**
ခင်မောင်ဖြိုး(ဘ)ဦးအေးသန်း ၇/ရတန(နိုင်)၁၂၅၀၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**
သန်းထိုက်အောင်(ဘ)ဦးစိုးစိုးအောင် ၉/သစန(နိုင်)၁၅၆၆၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 445251)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၈၇၁၇၁၃၆၃**

**ပျောက်ဆုံးကြောင်း**
ဌေးဌေးဝင်း(ဘ)ဦးမောင်ဝင်း ၁၂/ဒဂရ(နိုင်)၀၀၅၇၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 654994)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**
စုမွန်ဖြိုး(ဘ)ဦးလှမြင့် ၇/ရတန(နိုင်)၁၁၈၂၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**
နှင်းကြူနွယ်(ဘ)ဦးအုန်းသွင် ၁၄/ပသန(နိုင်)၂၂၈၅၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 730385)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**
ထက်သူရ(ဘ)ဦးမြတ်မင်း ၁၂/လကန(နိုင်)၂၅၃၅၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 969787)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**


**စာပေမြင့်မှ လူမျိုးတင့်မည်**

နေပြည်တော် ဧပြီ ၈

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအားတွေ့ဆုံ



ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းက စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းက စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ မြို့နယ်အသီးသီးမှ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ခရေရိပ်သာ၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ ထားဝယ်တပ်နယ် အောင်ဆန်းခန်းမ၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်(၂၆)မြို့နယ်မှ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ၌လည်းကောင်း ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့်တာဝန်ရှိသူများက တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းမှူးများက အမှာစကားများ အသီးသီးပြောကြားကြပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးကာ ဆန်၊ ဆီနှင့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။


ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား တိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်မြေခံဆေးကုသရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးများနှင့်တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလင်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစစ်ဆေးကုသပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

---





အောင်မြေသာစံမြို့နယ်၊ အမှတ်(၅)မြို့မရဲစခန်း(ပ) ၅၁/၂၀၂၄၊ ရာဇသတ်ကြီးပုဒ်မ-၃၉၄/၁၁၄ အမှုမှ ပြစ်မှုကျူးလွန်သူများ။

## ကျောဖုံးမှအဆက်

အိမ်ရှင်များအားတွန်းထိုးရိုက်နှက်ပြီး နေအိမ်အပေါ်ထပ်ရှိအခန်းများအား လိုက်လံပြသခိုင်းကာ နေအိမ်တတိယထပ်ရှိ ရွှေထည်ပစ္စည်းများထားသည့် မီးခံသေတ္တာအား ဖွင့်ခိုင်း၍ အဆိုပါမီးခံသေတ္တာအတွင်းမှ ရွှေထည်ပစ္စည်းမျိုးစုံ အလေးချိန်(၂)ပိဿာခွဲခန့်၊ ကာလတန်ဖိုးငွေကျပ်သိန်း(၁)သောင်းကျော်ခန့်အား လုယက်ယူဆောင်သွားခဲ့သဖြင့် တရားခံများဖမ်းဆီးရမိနိုင်ရေး အောင်မြေသာစံမြို့နယ်၊ အမှတ်(၅)မြို့မရဲစခန်းတွင် ရာဇသတ်ကြီး ပုဒ်မ ၃၉၄/၁၁၄ ဖြင့် အမှုရေးဖွင့်ဆောင်ရွက်ခဲ့ပါသည်။



အောင်မြေသာစံမြို့နယ်၊ အမှတ်(၅)မြို့မရဲစခန်း(ပ) ၅၁/၂၀၂၄၊ ရာဇသတ်ကြီးပုဒ်မ-၃၉၄/၁၁၄ အမှုမှ ပြစ်မှုကျူးလွန်သူတရားခံများနှင့် သိမ်းဆည်းရမိသက်သေခံပစ္စည်းများ၏မှတ်တမ်းဓာတ်ပုံ။

ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးရဲတပ်ဖွဲ့ဝင်များက နေ့၊ ညမပြတ် သတင်းရယူစုံစမ်းထောက်လှမ်းခြင်း၊ ခေတ်မီနည်းပညာအကူအညီများ ရယူအသုံးပြုခြင်း၊ တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းတည်ငြိမ်စွာနေထိုင်လိုသော ပြည်သူများ၏ပူးပေါင်းပါဝင်မှုကြောင့် ပြစ်မှုကျူးလွန်သည့် တရားခံလေးဦးတွင်ပါဝင်သူ ပုသိမ်ကြီးမြို့နယ်၊ အောင်သုခရပ်ကွက်နေ မြတ်သူအောင်(၂၄)နှစ်၊ (ဘ)ဦးအောင်ငွေးအား ဧပြီလ ၇ ရက်နေ့ ည ၁၂ နာရီခွဲတွင် ၎င်း၏နေအိမ်တွင် တွေ့ရှိဖမ်းဆီးရမိခဲ့ပါသည်။

ဖမ်းဆီးရမိသူ တရားခံမြတ်သူအောင်၏ ထွက်ဆိုချက်အရ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူ ပုသိမ်ကြီးမြို့နယ်၊ နတ်စိမ်းကျေးရွာနေ စိုးမိုးဦး(၂၄)နှစ်၊ (ဘ)ဦးမြင့်လင်း၊ ပန်းထိမ်လုပ်ငန်းလုပ်ကိုင်သူအား ဧပြီလ ၈ ရက်နေ့ နံနက် ၁ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ တစ်ရွာတည်းနေ ညီထူးအောင်(ခ)ညီညီ(၂၃)နှစ်၊ (ဘ)ဦးအောင်ကျော်၊ ကျပန်းလုပ်ကိုင်သူအား နံနက် ၂ နာရီတွင်လည်းကောင်း၊ ပုသိမ်ကြီးမြို့နယ်၊ ကံကွဲကျေးရွာနေ မျိုးကို(ခ)မျိုးကိုကို(ခ)အားကွေ့(၂၅)နှစ်၊ (ဘ)ဦးအောင်ငွေ၊ ပန်းထိမ်လုပ်ငန်းလုပ်ကိုင်သူအား နံနက် ၂ နာရီ ၁၅ မိနစ်တွင်လည်းကောင်း ၎င်းတို့၏နေအိမ်အသီးသီးတွင် ဖမ်းဆီးရမိခဲ့ပါသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်များအရ "လင်းလက်ဝါ"ရွှေပန်းထိမ်ဆိုင်အား လုယက်၊ ဓားပြတိုက်ရန် သတင်းပေးခဲ့သူ အောင်မြေသာစံမြို့နယ်၊ ဌာနေအရှေ့ရပ်ကွက်၊ အကွက်(၂၁)၊ ဘုရားငါးဆူဝင်းနေ ကိုကိုနိုင်(ခ)ကိုနိုင်(၄၂)နှစ်၊ (ဘ)ဦးအောင်ခင်၊ ရွှေပန်းထိမ်လုပ်ငန်းလုပ်ကိုင်သူအား နံနက် ၉ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ လုယက်၊ ဓားပြတိုက်ရာမှရရှိလာသည့် ရွှေထည်ပစ္စည်းများအားကော်ခွာခြင်း၊ ရွှေအရည်ကျိုခြင်းများ ကူညီလုပ်ကိုင်ပေးသူ ပုသိမ်ကြီးမြို့နယ်၊ နတ်စိမ်းကျေးရွာနေ မင်းမင်းစိုး(ခ)တုတ်ကြီး(၂၃)နှစ်၊ (ဘ)ဦးကြည်သန်း၊ လက်သမားလုပ်ကိုင်သူအား နံနက် ၉ နာရီ ၄၀ မိနစ်တွင်လည်းကောင်း၊ ရွှေပန်းထိမ်ဆိုင်အား လုယက်၊ ဓားပြတိုက်ရန်အတွက် ကိုကိုနိုင်(ခ)ကိုနိုင်အား မြတ်သူအောင်နှင့်ချိတ်ဆက်တွေ့ဆုံပေးပြီး လုယက်၊ ဓားပြတိုက်ရာတွင် အသုံးပြုခဲ့သည့် လိုင်စင်မဲ့မော်တော်ယာဉ်နှင့် သေနတ်ဝယ်ယူပေးသူ၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်နေ ထက်လှိုင်(ခ)ကိုလှိုင်ကြီး၊ ကားအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူအား နံနက် ၁၀ နာရီခွဲတွင်လည်းကောင်း ၎င်းတို့၏နေအိမ်အသီးသီး၌ ထပ်မံဖော်ထုတ် ဖမ်းဆီးရမိခဲ့ပါသည်။

ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကိုလိုလားသည့် ပြည်သူလူထု၏ပူးပေါင်းပါဝင်မှု၊ လုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၏ နေ့၊ ညမပြတ် ကြိုးပမ်းဆောင်ရွက်မှုတို့ကြောင့် အမှုမှ တရားခံ မြတ်သူအောင်၊ စိုးမိုးဦး၊ ညီထူးအောင်(ခ)ညီညီ၊ မျိုးကို(ခ)မျိုးကိုကို(ခ)အားကွေ့၊ မင်းမင်းစိုး(ခ)တုတ်ကြီး၊ ကိုကိုနိုင်(ခ)ကိုနိုင်နှင့် ထက်လှိုင်(ခ)ကိုလှိုင်ကြီးတို့(၇)ဦးအား ပြစ်မှုဖြစ်ပွားပြီး (၁၂)ရက်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ထံမှ ပါဆုံးသက်သေခံရွှေထည်ပစ္စည်းများနှင့် ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် Mark II 99 အဖြူရောင်မော်တော်ယာဉ် တစ်စီး၊ ပစ္စတိုသေနတ်တစ်လက်တို့အား သိမ်းဆည်းရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူတရားခံများအား ဥပဒေနှင့်အညီထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိပါသည်။

(၁၀၀)

နေပြည်တော် ဧပြီ ၈

# တရားမဝင်သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်ဖမ်းဆီးရမိ

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **ဧပြီလ ၅ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ(၂)လုံး အတွင်းမှ သွင်းကုန်ကြေညာလွှာတွင်ကြေညာ ထားခြင်းမရှိသည့် Woven Bag ဆာလာအိတ်(၃၀၀၀)ကီလိုဂရမ်အပါအဝင် ကုန်ပစ္စည်း(၂)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၀၇၆၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဧပြီလ ၅ ရက်**တွင် နေပြည်တော်ကောင်စီတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လယ်ဝေးမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်တို့၌ တရားမဝင်ကျွန်းသစ် (၂ ဒသမ ၃၃၂)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၀၀၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။

ထို့ပြင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဧပြီလ ၆ ရက်**တွင် တောင်ငူခရိုင်နှင့် ပြည်ခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် (၁၁ ဒသမ ၂၀၃) တန်၊ သစ်မာ (၂၄ ဒသမ ၀၉၃)တန်နှင့် အခြားသစ်(၇ ဒသမ ၃၇၀) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၆၁၅၉၇၇)ကိုလည်းကောင်း၊ **ဧပြီလ ၇ ရက်**တွင် သာယာဝတီခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် (၁ ဒသမ ၃၁၀)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၃၁၅၂)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၇၆၉၁၂၉)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဧပြီလ ၇ ရက်**တွင် မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား (မန္တလေး)၊ နှာပေါက်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဆီသယ်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စက်သုံးဆီဒီဇယ်ဆီ (၂၄၀) ဂါလန်၊ ဓာတ်ဆီ (၄၈၀)ဂါလန်၊ ပီပါခွံအဟောင်း (၁၅)လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၄၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၁၄၅၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဧပြီလ ၇ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ တကောင်းရပ်ကွက်၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Joikey G-1 အရက်ဖြူ (၅၀၀)ဖာ၊ Chang ဘီယာ (၄၉၆) ဖာအပါအဝင် ကုန်ပစ္စည်း (၁၀)မျိုး **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၆၀၄၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး ယစ်မျိုးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဧပြီလ ၅ ရက်၊ ၆ ရက်နှင့် ၇ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၉)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၆၆၅၇၂၉)**ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **(သတင်းစဉ်)**

နေပြည်တော် ဧပြီ ၈

# အမျိုးသမီးများအား ပြည့်တန်ဆာအလုပ်ကို အတင်းအဓမ္မခိုင်းစေကာ ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

အမျိုးသမီးများအား ပြည့်တန်ဆာအလုပ်ကို အတင်းအဓမ္မခိုင်းစေကာ ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၁ နှစ်စီချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်နေ ဒေါ်မိုးမိုးသူဇာထွေးနှင့် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်နေ ဒေါ်ခင်စန်းမြင့်(ခ) အမိုးတို့က လှိုင်သာယာမြို့နယ်နေ မ---၊ ၂၀/၂၃ နှစ် နှင့် ရွှေပြည်သာမြို့နယ်နေ မ ---၊ ၂၄/၂၃ နှစ်၊ မ----၊ ၂၃/၂၃ နှစ်တို့ကို မြိတ်မြို့ရှိ KTV တွင် အလုပ်လုပ်ကိုင်ပါက တစ်နာရီလျှင် ငွေကျပ် ၅၀၀၀ ရမည်ဟုပြောဆိုစည်းရုံးကာ KTV တွင်လုပ်ကိုင်ရခြင်းမရှိဘဲ ပြည့်တန်ဆာအလုပ်အား အတင်းအဓမ္မခိုင်းစေကာ ငွေကြေးအကျိုးအမြတ်များခေါင်းပုံဖြတ်ရယူခဲ့သဖြင့် မြိတ်မြို့မရဲစခန်း (ပ)၂၅၀/၂၀၂၃၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး မြိတ်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဧပြီလ ၅ ရက်တွင် တရားခံ ဒေါ်မိုးမိုးသူဇာထွေးနှင့် ဒေါ်ခင်စန်းမြင့်(ခ) အမိုးတို့ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၁ နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

ထို့အတူ ရှမ်းပြည်နယ် တောင်ကြီးမြို့နေ မ ---၊ ၃၆/၂၃ နှစ်နှင့် မ---၊ ၃၅/၂၃ နှစ် တို့နှစ်ဦးသည် အွန်လိုင်းမှ အလုပ်ကြော်ငြာတွေ့၍ ကျိုင်းတုံသို့ သွားရောက်ခဲ့ရာမှ ကျိုင်းတုံမြို့နေ မချောစုလှိုင်ဖွင့်လှစ်ထားသော KTV ဆိုင်နှင့်"ဝ" အထူးဒေသ(၄) ကျိုင်းယဲန်းမြို့ရှိ နေအိမ်၌ ပြည့်တန်ဆာအလုပ်တို့ကို အဓမ္မခိုင်းစေ၍ လုပ်ကိုင်ခဲ့ရပြီး လုပ်အားခများခေါင်းပုံဖြတ်ခံခဲ့ရသဖြင့် ကျိုင်းတုံမြို့မရဲစခန်း(ပ) ၁၈၆/၂၀၂၃၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ -၃၈(က)/၄၄ ဖြင့် အမှုရေးဖွင့်၍ ကျိုင်းတုံခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဧပြီလ ၅ ရက်တွင် တရားခံ မချောစုလှိုင်ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၁ နှစ်ချမှတ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

နေပြည်တော် ဧပြီ ၈

# ဒဂုံမြို့သစ်(မြောက်ပိုင်း)နှင့် နောင်ချိုမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီလ ၆ ရက် ည ၆ နာရီ ၁၀ မိနစ်တွင် နောင်ချိုမြို့ ပါဟတ်ရပ်ကွက်၊ အိုရီယမ်တယ်တိုးဂိတ်အနီးတွင် ကျော်မိုးထက်မောင်းနှင်ပြီး ကျော်လေးလိုက်ပါလာသည့် HYUNDAI STAREX အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၄ ဒသမ ၄ ကီလိုကိုလည်းကောင်း၊ ထိုနေ့ နံနက် ၉ နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂) ရပ်ကွက်တွင် မသင်္ကာဖွယ်တွေ့ရှိသူ ညွန့်ဝင်းကိုစစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ နံနက် ၉ နာရီ ၁၀ မိနစ်တွင် အဆိုပါနေရာ၌ စိတ်ကြွရူးသွပ်ဆေးပြားများ



ရောင်းချခိုင်းသူ သိန်းဝင်းကို ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်းသိရသည်။

**(ရဲပြန်ကြား)**

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"အကြမ်းဖက်သမားများကို အလိုမရှိသော ငြိမ်းချမ်းစွာနေထိုင်လိုသည့် ပြည်သူများ"** ခေါင်းစဉ်ဖြင့် ၁၀-၄-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ပျော်ရွှင်ဆင်နွှဲ ပြည်သူတို့ရဲ့ သင်္ကြန်ပွဲ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များ အနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ရမည်းသင်းမြို့နယ်၊ 66/33kV(30)MVA ရမည်းသင်းခွဲရုံအတွက် 33kV SAC Double Circuit Line(1.5)Miles တည်ဆောက်ခြင်းနှင့် XLPE Underground Cable သွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် တင်ဒါ(၁)ခုအား မြန်မာကျပ်ငွေ (Kyat)ဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူ၍ လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်-

| | | |
|---|---|---|
| တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် | - | ၁၀-၄-၂၀၂၄ ရက် |
| တင်ဒါပိတ်မည့် ရက်နှင့်အချိန် | - | ၂၄-၄-၂၀၂၄ ရက်၊ (၁၄း၀၀)နာရီ |
| တင်ဒါပုံစံ ရောင်းချတင်သွင်း ရမည့်နေရာ | - | မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ၂၇ လမ်း၊ ၇၇×၇၈ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ |

၂။ တင်ဒါပုံစံနှင့်စာရွက်စာတမ်းများကို အထက်ပါလိပ်စာတွင် သတ်မှတ်နှုန်းထားအတိုင်း ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၂-၄၀၇၃၈၀၁၊ ၀၂-၄၀၆၉၁၂၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန၊ ကယားပြည်နယ်
## ၂၀၂၄ -၂၀၂၅ ဘဏ္ဍာရေးနှစ်
## လမ်း/တံတားလုပ်ငန်းတင်ဒါခေါ်ယူခြင်း

၁။ လမ်းဦးစီးဌာန၊ ကယားပြည်နယ်တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လုပ်ငန်းတင်ဒါခေါ်ယူမည်ဖြစ်ပါသည်။

| | |
|---|---|
| (က) တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့် ရက်/အချိန် | (၁၁-၄-၂၀၂၄)မှ(၂၅-၄-၂၀၂၄)ရက်အထိ (၉း၀၀)နာရီမှ(၁၆း၀၀)နာရီ ရုံးချိန်အတွင်း |
| (ခ) တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ | (၁) လမ်းဦးစီးဌာန၊ ကယားပြည်နယ်တွဲဖက်ရုံး၊ တောင်ကြီးမြို့။ (၂) လမ်းဦးစီးဌာန၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့။ |
| (ဂ) တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်း ရမည့်ရက်/အချိန် | (၃၀-၄-၂၀၂၄)ရက်(၁၆း၀၀)နာရီ |
| (ဃ) တင်ဒါဖွင့်လှစ်မည့် ရက်/အချိန် | ထပ်မံကြော်ငြာသွားပါမည် |

(င) တင်ဒါဖွင့်လှစ်မည့်နေရာ ကယားပြည်နယ်ခန်းမ၊ လွိုင်ကော်မြို့

၂။ အသေးစိတ်သိရှိလိုပါက လမ်းဦးစီးဌာန၊ ကယားပြည်နယ်တွဲဖက်ရုံး၊ တောင်ကြီးမြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၉၇၇၉၈၃၅၇၇၃/၀၉၈၈၁၄၆၄၀၁၅ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## ရန်ကုန်တိုင်းဒေသကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မြို့နယ်များတွင် ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေတို့ဖြင့်ဆောင်ရွက်မည့် ကျေးလက်ကုန်ထုတ်လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများဆောင်ရွက်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်ပါသည်-

| | | | |
|---|---|---|---|
| (က) | တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် | - | (၁၁-၄-၂၀၂၄)ရက် (ကြာသပတေးနေ့) |
| (ခ) | တင်ဒါလျှောက်လွှာ ရောင်းချမှုပိတ်သိမ်းမည့်ရက် | - | (၈-၅-၂၀၂၄)ရက် (ဗုဒ္ဓဟူးနေ့) |
| (ဂ) | တင်ဒါလျှောက်လွှာ (နောက်ဆုံး)တင်သွင်းရမည့်ရက် | - | (၈-၅-၂၀၂၄)ရက် (ဗုဒ္ဓဟူးနေ့) (၁၆း၃၀)နာရီအထိ |
| (ဃ) | တင်ဒါဖွင့်လှစ်မည့်ရက် | - | (၁၀-၅-၂၀၂၄)ရက် (သောကြာနေ့) |
| (င) | တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ | - | ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံး |

၂။ အသေးစိတ်သိရှိလိုပါက ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အမှတ်(၂၄၅)သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ် ဖုန်းနံပါတ်-၀၁-၉၀၁၀၆၅၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## တည်ဆောက်ရေးလုပ်ငန်းအတွက်(လုပ်ငန်းတစ်ရပ်လုံး)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁၁)၊ ကရင်ပြည်နယ်ဦးစီးမှူးရုံး၊ ဘားအံမြို့မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကရင်ပြည်နယ်အတွင်းဆောင်ရွက်မည့် မြဝတီမြို့နယ်၊ ဘားအံမြို့နယ်၊ လှိုင်းဘွဲ့မြို့နယ် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများနှင့် ရေလမ်းကောင်းမွန်ရေးလုပ်ငန်းများအတွက် တည်ဆောက်ရေးလုပ်ငန်းတစ်ရပ်လုံး ဆောင်ရွက်လိုသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ(Open Tender)တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၂။ | တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် | - (၉-၄-၂၀၂၄) (ရုံးချိန်အတွင်း) |
| ၃။ | တင်ဒါလျှောက်လွှာနောက်ဆုံးထား တင်သွင်းရမည့်ရက်/အချိန် | - (၈-၅-၂၀၂၄) (၁၆း၀၀)နာရီ |
| ၄။ | တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် | - (၉-၅-၂၀၂၄) (၁၁း၀၀)နာရီ |
| ၅။ | တင်ဒါလျှောက်လွှာရောင်းချခြင်း၊ တင်ဒါပေးသွင်းခြင်းနှင့် စိစစ်ရွေးချယ်မည့်နေရာ | - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁၁)၊ ကရင်ပြည်နယ်ဦးစီးမှူးရုံး၊ ဘားအံမြို့ |

၆။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁၁)၊ ကရင်ပြည်နယ်ဦးစီးမှူးရုံး၊ ဘားအံမြို့၊ ရုံးဖုန်း ၀၅၈-၂၂၅၀၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## အလိမ္မာစာမှာရှိ

### ပျောက်ဆုံးကြောင်း
မူဆယ်မြို့၊ ပန်ခမ်းအုပ်စု၊ နောင်ရမ်းရွာနေ နန်းအေးမွေ(ဘ)ဦးစိုင်းထွန်းမြတ် ၁၃/မဆတ(နိုင်)၀၆၆၄၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၀၃၇၀၁၅၂၀**

### ပျောက်ဆုံးကြောင်း
ဦးမျိုးညွန့်(ဘ)ဦးသိန်းအောင် ၁၂/မရက(နိုင်)၀၉၀၆၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(495804)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၅၀၂၁၅၁၇၆**

### ပျောက်ဆုံးကြောင်း
ပဲခူးမြို့ နန်းတော်ရာရပ်ကွက်နေ မအိမွန်ဇော်(ဘ)ဦးမိုးဝေ ၇/ပခန(နိုင်)၄၅၀၆၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၈၀၂၃၉၉၇၇**

### ပျောက်ဆုံးကြောင်း
ဝင်းထွဋ်နောင်(ဘ)ဦးဝင်းနောင် ၁၂/ဒဂမ(နိုင်)၀၂၅၂၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 778125)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း
စိုးမြတ်ထွန်း(ဘ)ဦးထွန်းရှိန် ၉/မခန(နိုင်)၂၃၃၂၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 36051)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၆၂၇၉၉၄၉၄**

### တစ်ဦးတည်းဖြစ်ကြောင်း
ရန်ကုန်မြို့နေ (ဘ)ဦးထွန်းငွေ၏သားဖြစ်သူ ၇/ပခန(နိုင်)၀၁၃၃၄၂ ကိုင်ဆောင်သူ ဦးဆန်းလှိုင်(ခ)ဦးစန်းလှိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးဆန်းလှိုင်(ခ)ဦးစန်းလှိုင်**

### ပျောက်ဆုံးကြောင်း
အိမွန်အောင်(ဘ)ဦးသောင်းကြည် ၁၂/သဃက(နိုင်)၁၇၅၈၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 181268)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၉၅၅၆၈၅၇**

### ပျောက်ဆုံးကြောင်း
ဝေယံလင်းလတ်(ဘ)ဦးသော်ဇင်ကျော် ၁၂/ဗဟန(နိုင်)၁၀၇၂၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 343953)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း
ကိုကိုနိုင်(ဘ)ဦးဝင်းနိုင် ၁၂/လမန(နိုင်)၁၅၂၃၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 182677)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း
အေးအေးဝင်း(ဘ)ဦးကြည်ဝင်း ၈/ရနခ(နိုင်)၀၀၁၃၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း
ကျော်စိုးဦး(ဘ)ဦးဝင်းမြင့် ၁၂/တမန(နိုင်)၁၄၅၈၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
ကျောက်တော်မြို့နယ်၊ ဆင်အိုးချိုင်ကျေးရွာနေ မအေးအေးဆန်း(ဘ)ဦးအနီချေ ၁၁/ကတန(နိုင်)၁၁၉၉၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 608032)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
ပွင့်ဝတ်ရည်သန့်(ဘ)ဦးသန့်ဇော်အောင် ၈/ပခက(နိုင်)၃၃၆၅၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 411619)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၆၄၃၁၇၅၁**

### ပျောက်ဆုံးကြောင်း
စိုးငြိမ်းအောင်(ဘ)ဦးမြင့်အောင် ၇/မလန(နိုင်)၁၀၈၄၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 521734)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၆၄၃၁၇၅၁**

### ပျောက်ဆုံးကြောင်း
ပြည့်ဖြိုးသူ(ဘ)ဦးမြနိုး ၁၂/တတန(နိုင်)၂၁၆၅၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 561118)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၆၄၃၁၇၅၁**

### ပျောက်ဆုံးကြောင်း
သင်းသင်းအေး(ဘ)ဦးစိန်ဟန် ၇/သနပ(နိုင်)၁၃၇၈၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 905665)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၆၄၃၁၇၅၁**

### ပျောက်ဆုံးကြောင်း
သန့်ဇင်ထွန်း(ဘ)ဦးသန်းဦး ၇/ရတရ(နိုင်)၁၂၃၉၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 468747)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၆၄၃၁၇၅၁**

### ပျောက်ဆုံးကြောင်း
မို့မို့ထက်အောင်(ဘ)ဦးဝင်းနိုင် ၈/အလန(နိုင်)၁၆၅၄၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 523331)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၆၄၃၁၇၅၁**

### ပျောက်ဆုံးကြောင်း
ခိုင်ခိုင်လင်း(ဘ)ဦးသံခဲ ၁၂/မရက(နိုင်)၁၃၄၉၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 970375)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၆၄၃၁၇၅၁**

### ပျောက်ဆုံးကြောင်း
ဦးစန်းသီ(ဘ)ဦးခွမ်ရှင်ရီ ၉/ခမစ(နိုင်)၀၅၇၅၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 185488)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၆၄၃၁၇၅၁**

### ပျောက်ဆုံးကြောင်း
မင်းချစ်သူ(ဘ)ဦးမြဆောင် ၉/လဝန(နိုင်)၁၉၅၈၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 654419)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၆၄၃၁၇၅၁**

### ပျောက်ဆုံးကြောင်း
အိမွန်အောင်(ဘ)ဦးအောင်သန်း ၇/ဖမန(နိုင်)၂၃၄၁၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 663625)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၁၇၃၉၉၃၁**

### ပျောက်ဆုံးကြောင်း
နှင်းစုလှိုင်(ဘ)ဦးမဲအောင် ၈/ထလန(နိုင်)၀၄၈၂၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 599859)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၀၁၅၃၃၀၂၆**

### ပျောက်ဆုံးကြောင်း
ပြည့်ပြည့်ဖြိုးငယ်(ဘ)ဦးကျော်ဦး ၉/ပဘန(နိုင်)၂၂၅၃၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 907803)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၈၁၉၁၈၀၃**

## "ရွှေငွေကျောက်မျက်ကုမ္ပဏီလီမိတက်"
## (အစုရှယ်ယာရှင်များ၏ဆန္ဒအရ ဖျက်သိမ်းဆဲ)
## နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း

ရွှေငွေကျောက်မျက်ကုမ္ပဏီလီမိတက်၏ နောက်ဆုံးအပြီးသတ်အထွေထွေအစည်းအဝေးကို (၉-၅-၂၀၂၄)နေ့ နံနက်(၉း၃၀)နာရီအချိန်တွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိရုံးခန်း၌ ကျင်းပမည်ဖြစ်ပါသောကြောင့် ရွှေငွေကျောက်မျက်ကုမ္ပဏီလီမိတက်၏ အစုရှယ်ယာရှင်များအားလုံး တက်ရောက်ပေးပါရန် ဖိတ်ကြားအပ်ပါသည်။

**ဦးဇော်လွင်(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)**
**အမှတ်(၃၁၃/၃၂၃)၊ အခန်း(၈/စီ) (၇)လွှာ၊**
**Sea Green Tower၊ မဟာဗန္ဓုလလမ်းနှင့် ဗိုလ်အောင်ကျော်**
**လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

## "ပြုံးတစ်ရာထရေးဒင်းကုမ္ပဏီလီမိတက်"
## (အစုရှယ်ယာရှင်များ၏ဆန္ဒအရ ဖျက်သိမ်းဆဲ)
## နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း

ပြုံးတစ်ရာထရေးဒင်းကုမ္ပဏီလီမိတက်၏ နောက်ဆုံးအပြီးသတ်အထွေထွေအစည်းအဝေးကို (၉-၅-၂၀၂၄)နေ့ နံနက်(၁၁း၃၀)နာရီအချိန်တွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိရုံးခန်း၌ ကျင်းပမည်ဖြစ်ပါသောကြောင့် ပြုံးတစ်ရာထရေးဒင်းကုမ္ပဏီလီမိတက်၏ အစုရှယ်ယာရှင်များအားလုံး တက်ရောက်ပေးပါရန် ဖိတ်ကြားအပ်ပါသည်။

**ဦးဇော်လွင်(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)**
**အမှတ်(၃၁၃/၃၂၃)၊ အခန်း(၈/စီ) (၇)လွှာ၊**
**Sea Green Tower၊ မဟာဗန္ဓုလလမ်းနှင့် ဗိုလ်အောင်ကျော်**
**လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

## "ကေကေဝိုင်အင်တာနေရှင်နယ်လီမိတက်"
## (အစုရှယ်ယာရှင်များ၏ဆန္ဒအရ ဖျက်သိမ်းဆဲ)
## နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း

ကေကေဝိုင်အင်တာနေရှင်နယ်လီမိတက်၏ နောက်ဆုံးအပြီးသတ်အထွေထွေအစည်းအဝေးကို (၉-၅-၂၀၂၄)နေ့ နံနက်(၁၀း၃၀)နာရီအချိန်တွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိရုံးခန်း၌ ကျင်းပမည်ဖြစ်ပါသောကြောင့် ကေကေဝိုင်အင်တာနေရှင်နယ်လီမိတက်၏ အစုရှယ်ယာရှင်များအားလုံး တက်ရောက်ပေးပါရန် ဖိတ်ကြားအပ်ပါသည်။

**ဦးဇော်လွင်(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)**
**အမှတ်(၃၁၃/၃၂၃)၊ အခန်း(၈/စီ) (၇)လွှာ၊**
**Sea Green Tower၊ မဟာဗန္ဓုလလမ်းနှင့် ဗိုလ်အောင်ကျော်**
**လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**


ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
COPPER 99.99%
SIGMA
CABLE & WIRE
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နစ်မြိုက်မက်မောစွာ အသုံးပြုနေသော
ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
PURE ARABICA COFFEE
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
"ဆုံးရှုံးမှုအန္တရာယ်ဘေး
မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"
Hotline - 09-450450561, 09-450450562, 09-450450563
AUNG THITSA OO INSURANCE


Central Hotel
YANGON
ကျန်းမာရေးစံနှုန်းသတ်မှတ်ချက်များနှင့်အညီ
ပြီးပြည့်စုံသော ဝန်ဆောင်မှု . . .
အမှတ် (၃၅၃~၃၅၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - (၉၅-၁) ၇၂၄၁၀၀၁ ~ ၇၂၄၁၀၀၇

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက်တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

❖ ပြည်ထောင်စုကြီးငြိမ်းချမ်းရေးအတွက် NCA လမ်းကြောင်းအတိုင်း လျှောက်လှမ်းခြင်းသာလျှင် မိမိတို့အားလုံးမျှော်လင့်ထားသည့် အေးချမ်းသာယာသောနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးကိုဖော်ဆောင်ရာတွင် ပြည်ပစွက်ဖက်မှုနှင့် ပြည်တွင်းပယောဂကင်းကင်းဖြင့် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံရေးနည်းလမ်းအရ တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းဖြင့်သာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။ . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ကျရောက်သော (၄၉)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

# မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်ရှိ “လင်းလက်ဝါ”ရွှေပန်းထိမ်ဆိုင်အား လုယက်မှုကျူးလွန်ခဲ့သူ တရားခံအမျိုးသားခုနစ်ဦးအား ဖော်ထုတ်ဖမ်းဆီးရမိ



အောင်မြေသာစံမြို့နယ်၊ အမှတ်(၅)မြို့မရဲစခန်း(ပ) ၅၁/၂၀၂၄၊ ရာဇသတ်ကြီးပုဒ်မ-၃၉၄/၁၁၄ အမှုမှ ပြစ်မှုကျူးလွန်သူတရားခံများနှင့် သိမ်းဆည်းရမိသက်သေခံပစ္စည်းများ၏မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဧပြီ ၈**

၂၀၂၄ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့ ညနေ ၅ နာရီ ၁၀ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ၂၂ လမ်းနှင့် ၈၉ လမ်းထောင့်ရှိ “လင်းလက်ဝါ”ရွှေပန်းထိမ်ဆိုင်သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များပုံသဏ္ဌာန် အသွင်ယူဝတ်ဆင်ထားသည့် အမျိုးသားလေးဦးသည် အဖြူရောင်မော်တော်ယာဉ်တစ်စီးနှင့်အတူရောက်ရှိလာပြီး နေအိမ်အတွင်းသို့ဝင်ရောက်ကာ ဧည့်စာရင်းစစ်ရန်နှင့် လူများစစ်ဆေးရန်ရှိကြောင်း ပြောဆို၍

**စာမျက်နှာ ၂၈ ကော်လံ ၁ ❍**

## Grade-7 နှင့် Grade-10 သင်ခန်းစာများ ထုတ်လွှင့်ပြသလျက်ရှိ

၂၀၂၄-၂၀၂၅ ခုနှစ် ပညာသင်နှစ်တွင် ပညာသင်ကြားကြမည့် အခြေခံပညာကျောင်းသား၊ ကျောင်းသူများအနေဖြင့် သင်ခန်းစာများကို ကြိုတင်လေ့လာသင်ယူနိုင်ရန်အတွက် MWD Education, Knowledge & Sports Channel နှင့် ပြန်ကြားရေးဝန်ကြီးဌာန၏ Education Channel တို့တွင် ဧပြီလ ၈ ရက်နေ့မှ မေလ ၃၁ ရက်နေ့ထိ Grade-7 သင်ခန်းစာများကို နံနက် ၇ နာရီမှ ၇ နာရီခွဲချိန်နှင့် ည ၆ နာရီမှ ၆ နာရီခွဲချိန်တွင်လည်းကောင်း၊ Grade-10 သင်ခန်းစာများကို နံနက် ၈ နာရီမှ ၈ နာရီခွဲချိန်နှင့် ည ၇ နာရီမှ ၇ နာရီခွဲချိန်တွင်လည်းကောင်း နေ့စဉ်ထုတ်လွှင့်ပြသလျက်ရှိကြောင်း မိဘပြည်သူများအား အသိပေးအပ်ပါသည်။

## ပို့ကုန်တိုးမြှင့်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

စာ- ၂၅ သို့

## ထူးခြားသည့်နေ့အပူချိန်များ

၈-၄-၂၀၂၄

| | | | |
|---|---|---|---|
| ချောက် | ၄၆ ဒီဂရီဆဲလ်စီးယက် | မကွေး | ၄၄ ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၄၅ ဒီဂရီဆဲလ်စီးယက် | ပခုက္ကူ | ၄၄ ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၄၅ ဒီဂရီဆဲလ်စီးယက် | ရွှေဘို | ၄၃ ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၄၅ ဒီဂရီဆဲလ်စီးယက် | ကျောက်ဆည် | ၄၃ ဒီဂရီဆဲလ်စီးယက် |
| မုံရွာ | ၄၄ ဒီဂရီဆဲလ်စီးယက် | အောင်လံ | ၄၃ ဒီဂရီဆဲလ်စီးယက် |
| စစ်ကိုင်း | ၄၄ ဒီဂရီဆဲလ်စီးယက် | တောင်တွင်းကြီး | ၄၃ ဒီဂရီဆဲလ်စီးယက် |
| မန္တလေး | ၄၄ ဒီဂရီဆဲလ်စီးယက် | ဂန့်ဂေါ | ၄၃ ဒီဂရီဆဲလ်စီးယက် |
| မင်းဘူး | ၄၄ ဒီဂရီဆဲလ်စီးယက် | ဆင်ဖြူကျွန်း | ၄၃ ဒီဂရီဆဲလ်စီးယက် |

## အချိန်အခါမဟုတ် မိုးရွာနိုင်မည့် သတိပေးချက်

**နေပြည်တော် ဧပြီ ၈**

ယနေ့မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ၁၀-၄-၂၀၂၄ မှ ၁၂-၄-၂၀၂၄ ရက်အတွင်း အရှေ့ဘက်မှ ရွေ့လျားလာသောတိမ်တိုက်များကြောင့်လည်းကောင်း၊ အပူပုံ့တက်တိမ်များ ဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း၊ အနောက်ဘက်မှ ရွေ့လျားလာသောလေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပါသည်။

**အကြံပြုချက်**

ပြည်သူများအနေဖြင့် အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မိုးတိမ်တောင်ဖြစ်ထွန်းမှုအားကောင်းသောဒေသများတွင် လေပြင်းတိုက်ခတ်ခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)


**MYAWADDY TRADING LIMITED**





ပို့ကုန် - လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ ရာဘာ၊ ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် - စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ ဓာတ်မြေသြဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257